# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၆) ရက် ၊ သောကြာနေ့ ၊ (23-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၅၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(က)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဇွန် ၂၂**

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

**ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ - ၁၇*

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမည့်မိုးစပါး စီမံကိန်းအတွက် သွင်းအားစုများကို သက်သာသော အထူးဈေးနှုန်းဖြင့် ရောင်းချပေးရန်စီစဉ်လျက်ရှိ**

*စာမျက်နှာ - ၅*

## သတင်းမှားများဖန်တီးပြီး ဖျက်ဆီးရန်ကြိုးပမ်းမှုများကို အခြေအနေမှန်သိရှိသော မိတ်ဆွေနိုင်ငံများ၏ အကြံဉာဏ်ကောင်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိ


### သတင်းထုတ်ပြန်ချက်

ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်ဝီနိုင်း၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ် ဇွန် ၁၈၊ ၁၉ ရက်တို့တွင် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ပြုလုပ်ခဲ့သည့် မြန်မာအရေးဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ပါသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့**


**Myanmar Mobile Money(MMM)** မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် **Digital Mobile Money-DMM(App)** ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောပြည့်သွင်းခြင်း၊ ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
နှစ်အတွင်း ကာလတိုချေးငွေလျှော့က်ထားခြင်း၊ ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း



ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၆၂လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**အငြိမ်းစား** လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ပြစ်တီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရတနာပုံ
၂၀၂၃ ၊၊၁၃၈၅ ခုနှစ် နယုန် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝဘေးသင့်ပြည်သူများအတွက် အကျိုးရှိသည့်အလှူဒါန

မြန်မာနိုင်ငံတွင် မေ ၁၄ ရက်က အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်နေရာတချို့တို့တွင် အဆိုပါ မုန်တိုင်းဒဏ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရတိုင်း နိုင်ငံတော်က ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ပေးလျက်ရှိရာတွင် ဘေးသင့်ပြည်သူများအတွက် အခြေခံလိုအပ်ချက်များဖြစ်သော သောက်သုံးရေ၊ အစားအစာမှအစ ဆေးဝါး၊ အဝတ်အထည်၊ နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် အသုံးပြုနိုင်မည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများထိ ပံ့ပိုးဖြည့်ဆည်းပေးနေသည်ကို တွေ့ရသည်။

မိမိတို့နိုင်ငံအတွင်းမှ ပြည်သူများ ထိုကဲ့သို့ သဘာဝဘေးသင့်ခဲ့ကြရာတွင် ၎င်းတို့အတွက် လိုအပ်သောပစ္စည်းများကို တပ်မတော်(ရေ)မှ ရေယာဉ်များဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့်လည်းကောင်း အသီးသီး အရောက်ပို့ဆောင်ပေးခဲ့ကြကြောင်း တွေ့ရသည်။ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ငွေကျပ် ၅၂၂ ဘီလီယံထိရှိခဲ့ပြီး ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း ငွေကြေးအလုံအလောက် ကျခံသုံးစွဲရန်လိုအပ်မည်ဖြစ်ကြောင်း တွေ့ရသည်။

ယခုအခါ နိုင်ငံတော်က သဘာဝဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများထံမှ အလှူငွေများ လှူဒါန်းနိုင်မည့်နည်းလမ်းများ၊ အလှူငွေလက်ခံနိုင်မည့် နေရာဌာနများနှင့် ဆက်သွယ်မေးမြန်းနိုင်မည့် လူပုဂ္ဂိုလ်နေရာဌာနနှင့် ဖုန်းနံပါတ်များကိုပါ နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း တွေ့ရသည်။ စေတနာရှင်ပြည်သူများအနေဖြင့် သဘာဝဘေးသင့်ပြည်သူများအတွက် လိုအပ်နေသည့်အချိန်၊ လိုအပ်နေသည့်နေရာများသို့ စေတနာအလျောက် လှူဒါန်းနိုင်ကြပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရပေသည်။

ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် **OA-011834** နှင့် နိုင်ငံခြားငွေစာရင်းအမှတ် **1DA-0300086** သို့ ထည့်ဝင်လှူဒါန်းနိုင်ရန် စီမံဆောင်ရွက်ထားရှိသည့်အပြင် **KBZ Pay** ၊ **Wave Money** တို့ဖြင့်လည်း လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက **KBZ Pay** ၊ **Wave Money** တို့၏ **QR** ကို **Scan** ဖတ်ခြင်း၊ **QR** တွင်ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ ပြည်သူများလှူဒါန်းမှုပြုရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးများသည့် **CB Pay** ၊ **AYA Pay** ၊ **OK $** ၊ **UAB Pay** နှင့် **Citizens Pay** တို့ဖြင့်လည်း လှူဒါန်းနိုင်မည်ဖြစ်ရာ **QR** ကို **Scan** ဖတ်ခြင်း၊ **QR** တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းဖြင့် မိမိတို့၏ အလှူဒါနအောင်မြင်ပြီးမြောက်ခရီးရောက်မည်ဖြစ်ပေသည်။ နည်းများမဆိုပါဝင်လှူဒါန်းလိုသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် မိုဘိုင်းဖုန်းမှတစ်ဆင့် **9090** သို့ **500** ဟု **SMS** ပေးပို့လိုက်ပါက တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်း ရွှင်ပြုံးပီတိဖြစ်စွာ လှူဒါန်းနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပေရာ သဘာဝဘေးသင့်ပြည်သူများအတွက် လိုအပ်နေသည့်အချိန်ကာလနှင့်အညီ လိုအပ်သည့်နေရာများသို့ လှူဒါန်းနိုင်ကြမည်ဖြစ်ရာ ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ ပြေလည်သွားကြမည်ဖြစ်သလို အကျိုးရှိသည့်လှူဒါန်းမှု၊ အကျိုးထူးမည့်လှူဒါန်းမှုဖြစ်ကြောင်း သာဓုခေါ် ဆိုရေးသားလိုက်ရပေသည်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၅၂၀ ကျော်ကို လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးနိုင်ခဲ့



**မန္တလေး ဇွန် ၂၂**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများက လျှောက်ထားလာသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၅၂၀ ကျော်ကို လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်းဆွေက ပြောပြ၍ သိရသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖြစ်သော အငယ်စား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများအတွက် လုပ်ငန်းရှင်များက မှတ်ပုံတင်ရရှိရန် လာရောက်လျှောက်ထားကြကြောင်း၊ ယခင်ဘဏ္ဍာနှစ်တွင် လုပ်ငန်းမှတ်ပုံတင် ၄၂၀ လျှောက်ထားခွင့်ပြုခဲ့ရာ စက်မှုလုပ်ငန်းသစ် ၅၂၀ ကျော်ကို ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေနှင့်အညီ စစ်ဆေးပြီး ထုတ်ပေးနိုင်ခဲ့ကြောင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို လျှောထားချက် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းတွေဖြစ်တဲ့ အငယ်စား၊ အလတ်စား၊ အကြီးစားလုပ်ငန်းတွေရဲ့ လုပ်ငန်းရှင်တွေက မှတ်ပုံတင်ကြပါတယ်။ လုပ်ငန်းမှတ်ပုံတင်ကြတဲ့ လုပ်ငန်းတွေဟာ စားသောက်ကုန်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ အထွေထွေစက်မှုလက်မှုလုပ်ငန်း၊ လူသုံးကုန်လုပ်ငန်း၊ သံနဲ့ သံမဏိလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းလုပ်ငန်း၊ သစ်အချောထည်လုပ်ငန်း စတဲ့လုပ်ငန်းတွေရဲ့ ကဏ္ဍစုံတွေကနေ မှတ်ပုံတင်ကြပါတယ်။ နှစ်စဉ်လျှောက်ထားလာတဲ့လုပ်ငန်းတွေကို လျှောထားချက်ထက်ကျော်လွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ဦးမျိုးထွန်းဆွေက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇွန် ၂၂**

မန္တလေး ကားဈေးကွက်အတွင်း ဝယ်လက်များ ဝင်ရောက်မှုနည်းခြင်းကြောင့် အရောင်းအဝယ် အေးနေဆဲဖြစ်သော်လည်း ငွေကျပ်သိန်း ၃၅၀ ခန့်ကားလေးများ အရောင်းအဝယ်အနည်းငယ်ရှိနေကြောင်း မန္တလေးမြို့ လမ်း ၆၀ ကားဝိုင်းအတွင်းမှ သိရသည်။

ယခုအခါ ကားဈေးကွက်အတွင်း ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် SKD ကားများလည်း ဈေးကွက်ရလာကြောင်း၊ ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အမြင့်ကားများမှ တိုယိုတာအယ်လ်ဖတ်၊ တိုယိုတာကလူဂါ၊ တိုယိုတာဘင်ဂတ်၊ တိုယိုတာကရောင်း၊ တိုယိုတာနိုအာကားများ အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၃၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၁၀၊ အော်တို ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ်ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ရှိလာသော်လည်း ရောင်းချလိုသူများပြီး အသစ်ဘီးများမှာ အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဘီး (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၇ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းခန့် ဈေးပေါက်လျက်ရှိပြီး Scoopy i အမျိုးအစားဘီးများမှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/ 125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်းမှ ၁၃ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၅ သိန်းခန့်၊ ဆိုင်ကလုန်း အမျိုးအစားမှာ ငွေကျပ် ၁၈ သိန်းမှ ၂၃ သိန်း ၅ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။ (၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဒေသဘက်မှ ဝင်ရောက်လာသည့် ပိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဒေသဘက်မှ ဝင်ရောက်လာသည့် ပိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ ပြင်ဦးလွင်ဒေသတစ်ဝိုက်မှ ထွက်ရှိသည့် ပိုလ်စားပဲများ နေ့စဉ် ခြောက်ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊အဆိုပါပိုလ်စားပဲဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပိုလ်စားပဲက ပြင်ဦးလွင်ဒေသဘက်ကပဲ ထွက်ရှိတော့ပါတယ်။ မြေပြန့်ဒေသဘက်က ထွက်တာတွေက နည်းသွားပါပြီ။ တစ်နေရာပဲထွက်ပြီး အဝင်မရှိနည်းသွားတာကြောင့် ဈေးကောင်းပြီးတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ပြင်ဦးလွင်ဒေသဘက်က ပဲထွက်ရှိပြီး ဈေးကွက်အတွင်းကို နေ့စဉ် ဝင်ရောက်လာပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးမှုတွေကလဲ နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပိုလ်စားပဲအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စသည့်သီးနှံများလည်း အရောင်းအဝယ်ကောင်းနေကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖေတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာ

**မြစ်ကြီးနား ဇွန် ၂၂**

လွယ်ဂျယ်နယ်စပ်ဂိတ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးထံမှ သိရသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့်ကုန်စည်များကို တရုတ်နိုင်ငံသို့ လွယ်ဂျယ်နယ်စပ်ဂိတ်မှ တစ်ဆင့် ပုံမှန်အတိုင်း ကုန်သွယ်မှုပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ၎င်းနယ်စပ်ဂိတ်မှ ဆန်၊ ပဲ၊ ပြောင်း၊ ငရုတ်၊ ကြက်သွန် စသည့် ကုန်စည်များကို တင်ပို့သည့် ကုန်တင်ကားအစီးရေ ပြန်လည်များပြားလာကြောင်း သိရသည်။

"အခု လွယ်ဂျယ်နယ်စပ်ဂိတ်ကနေ တရုတ်နိုင်ငံကို ပြည်တွင်းက ထွက်ရှိတဲ့ ဖရဲ၊ သရက်သီးနဲ့ ဆန်၊ ပဲ၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စတဲ့တင်ပို့မဲ့ ကုန်တွေ ပြန်ပြီးများလာပါတယ်။ ကုန်စည်ရရှိမှု ပြန်များလာတာကြောင့် လွယ်ဂျယ်နယ်စပ်ဂိတ်ကနေ တရုတ်နိုင်ငံကို တင်ပို့တဲ့ ၂၂ ဘီးကုန်တင်ကားအစီးရေလဲ ပြန်ပြီး များလာတယ်။ ၁၂ ဘီးကားတွေနဲ့လဲ ပြောင်းဖူး စတဲ့အခြားကုန်စည်တွေတင်ပို့တဲ့ ကုန်တင်ကားတွေလဲ ရှိတယ်"ဟု ကချင်ပြည်နယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ပြည်တွင်းမှထွက်ရှိသည့် ဆန်၊ ပဲ၊ ပြောင်း၊ ဖရဲ၊ သရက်သီး၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စသည့်ကုန်စည်များကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ယခုနှစ် ဇွန်လ ပထမပတ်က တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၂၀၀ ကျော်သာ ရှိခဲ့သော်လည်း ဇွန်လ တတိယပတ်မှစ၍ ၎င်းကုန်စည်များကို တင်ပို့သည့် ကုန်တင်ကားအစီးရေ တစ်ရက်လျှင် ၅၀၀ ကျော်ထိ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

(၁၈၄)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဝမ်းတွင်းမြို့နယ် ကျောက်ဆင်တောရ မေတ္တာဝါဒီဆရာတော် ဘဒ္ဒန္တကောဝိဒက ဆန်အိတ် ၂၀၊ ကြက်သွန်နီ နှစ်အိတ်၊ ဆားတစ်အိတ်၊ လက်ဖက်ခြောက် တစ်အိတ်၊ ဆပ်ပြာမှုန့်ထုပ် ၁၀၀၊ သကြား ၂၅ ရုံ၊ ဆီပိဿာ ၂၀ တို့ကိုလှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ပုစွန်အစုံ ပိဿာချိန် ၂၇၀၀ ထိ တင်ပို့ရောင်းချနေရ



**ဖျာပုံ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှရန်ကုန်မြို့သို့ တစ်ရက်လျှင် ပုစွန်အစုံပိဿာချိန် ၂၇၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ပုစွန်များကိုဝယ်ယူပြီး ရန်ကုန်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မေလအတွင်းက တစ်ရက်လျှင် ပုစွန်အစုံပိဿာချိန် ၁၅၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇွန် ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် ပုစွန်အစုံ ပိဿာချိန် ၂၇၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"အခု ဖျာပုံမြို့နယ်က ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို တင်ပို့ရောင်းချပေးနေပါတယ်။ ရန်ကုန်မြို့ဘက်က ပုစွန်တွေ ဝယ်ယူမှုအားကောင်းနေတာကြောင့် အခုလို တင်ပို့မှုအားကလဲ တက်လာတာပါ။ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေပါတယ်။ အခုပုစွန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေသည့် ပုစွန်အမျိုးအစား တစ်ပိဿာဈေးနှုန်းသည် ပုစွန်ဘော့ချိတ်ငွေကျပ် ၁၇၅၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၁၅၀၀ မှ ၁၃၅၀၀၊ ပုစွန်ဆိတ်ကြီး ငွေကျပ် ၁၇၅၀၀ မှ ၁၈၀၀၀၊ ပုစွန်တုပ်ကြီးငွေကျပ် ၂၆၅၀၀မှ၃၃၅၀၀ စသဖြင့် လတ်ဆတ်မှုအပေါ် မူတည်ပြီး ဈေးအနိမ့်၊ အမြင့်ရှိကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်ဒေါ်ခင်ခင်ဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ခေါင်းဆုံမြို့နယ် ဒေါင်းရပ်အရှေ့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**ချောင်းဆုံ ဇွန် ၂၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်မည့် ဒေါင်းရပ်အရှေ့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ ချောင်းဆုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဒေါင်းရပ်အရှေ့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေပြင်အခြေအနေ၊ မြေပြင်အနိမ့်အမြင့်နှင့် မြေနေရာရရှိနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဒေါင်းရပ်အရှေ့ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ပေ ၄၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေရှိ မြေသားလမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ ပထမပတ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးထံမှ သိရသည်။

**သုတ**

# ဖြူးမြို့နယ် ဝဲကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**ဖြူး ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲကြီးမြောက်ကျေးရွာနှင့် သစ်ချောက်ခင်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဝဲကြီးမြောက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥဒေ၊ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများ၊ ပြစ်မှုပြစ်ဒဏ်များကိုရှင်းလင်းပြောကြားပြီး ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝဲကြီးမြောက်ကျေးရွာရှိ နေကြာအပါအဝင် နှမ်း၊ မြေပဲနှင့် အခြားဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူဦးရေ ၁၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၆ သိန်း၊ သစ်ချောက်ခင်ကျေးရွာရှိ နေကြာအပါအဝင် နှမ်း၊ မြေပဲနှင့် အခြားဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၀၂ သိန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# မူးယစ်ကင်းစင်၊ တို့ပြည်တစ်ခွင်၊ သာယာလှပ၊ လူမှုဘဝ

၂၀၁၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် **"အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်"** စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်သူများဦးတည်ယှဉ်ပြိုင်ကြရမည့်ဆောင်ပုဒ်များကို အောက်ဖော်ပြပါအတိုင်း ချမှတ်ထုတ်ပြန်ခဲ့ပါသည်။

၁။ **"မူးယစ်ဆေးရန် တို့တွန်းလှန် ကြိုးစားတိုက်ဖျက် နိုင်ငံအတွက်"**

၂။ **"မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ"**

၃။ **"ငါတို့ရဲ့အနာဂတ် သာယာလှပဖို့ မူးယစ်ကင်းစင်ကမ္ဘာပန်တီးရို့"**

၄။ **"မျိုးဆက်သစ်များတိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်ရို့"**

၅။ **"လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ"**

၆။ **"မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ရင်သွေးငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါရို့"**

၇။ **"လူသားချင်းစာနာကျန်းမာဖို့ စိန်ခေါ်မူးယစ် တိုက်ဖျက်ရို့"** ဟူ၍ဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ အလွှာအသီးသီးမှ အားတက်သရော ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသော ဆုရွေးချယ်ရေးအကဲဖြတ်အဖွဲ့များကလည်း အချိန်မီစိစစ်ရွေးချယ်ပေးခဲ့ကြသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ် ဇွန် ၄ ရက်ထုတ် သတင်းစာများတွင် ဆုရရှိခဲ့ကြသူများ၏စာရင်းကို ကြေညာပေးနိုင်ခဲ့ကြသည်။

အချို့မြို့နယ်များတွင်ရှိသော စာရေးဆရာအသင်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများကလည်း အခြေခံပညာကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပနေကြသည်။

၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂညီလာခံကြီးက မူးယစ်ဆေးမှန်သမျှ တားဆီးရှုတ်ချ ဖမ်းဆီးအရေးယူအပြစ်ပေးကြရန်အတွက် လှုံ့ဆော်သည့်အနေဖြင့် နှစ်စဉ် ဇွန် ၂၆ ရက်ကို **"အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့"** အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင်မူ ၁၉၇၄ ခုနှစ်မှစ၍ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် **"မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့"** ကို ဖွဲ့စည်းကာ ပြည်နယ်နှင့်တိုင်းအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။

ထိုသို့ဖွဲ့စည်းပြီး ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မိုးဟိန်းစစ်ဆင်ရေး ၁၂ ခု၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး လေးခု၊ ကောက်ရိုး၊ မဲလုံး၊ နှင်းပန်း၊ ပေါက်ပန်း၊ ဇင်နဲ၊ မိုးကြိုး၊ ဖရဲသီး စသည့် ဒေသန္တရစစ်ဆင်ရေးများကိုလည်း အသက်၊ ချွေး၊ သွေးများ စတေးကာ ဆင်နွှဲခဲ့ကြသည်။ နောက်ဆုံးအဆင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထူးစီမံချက်(ယင်းမာ)ကို ရေးဆွဲပြီး ရက်သတ္တပတ်လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့သည်။

၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် (၁) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှတိုက်ဖျက်ချေမှုန်းရေး၊ (၂) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဟူသော မဟာဗျူဟာနှစ်ရပ်ကိုချမှတ်ခဲ့ကာ (၁) ထုတ်လုပ်မှုပပျောက်ရေး၊ (၂) သုံးစွဲမှုပပျောက်ရေးနှင့် (၃) တားဆီးနှိမ်နင်းရေးဟူသော နည်းဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ ဘိန်းအဓိကစိုက်ပျိုးရာဒေသကြီးများဖြစ်ကြသော ရှမ်းပြည်နယ်မှ မြို့နယ် ၄၀၊ ကချင်ပြည်နယ်မှ မြို့နယ်ခြောက်မြို့နယ်၊ ကယားပြည်နယ်မှ မြို့နယ် သုံးမြို့နယ်၊ ချင်းပြည်နယ်မှ နှစ်မြို့နယ် စုစုပေါင်းမြို့နယ် ၅၁ မြို့နယ်တွင်လည်း နည်းဗျူဟာသုံးရပ်ကိုချမှတ်ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း မူးယစ်ဆေးစွဲကုဌာနကြီး ၂၆ ခု၊ ဌာနငယ် ၄၇ ခု၊ လူငယ်ပြုစုပျိုးထောင်ရေးဌာနနှစ်ခု ဖွင့်လှစ်ပြီး အကူအညီပေးနေခဲ့သည်။ လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးမှန်သမျှဆန့်ကျင်ကြစေရေးအတွက် ၁၉၉၄ ခုနှစ် ဇွန် ၂၆ ရက်က **"မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)"(Myanmar Anti-Narcotics Association-MANA)** ကို ဖွဲ့စည်းကာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စာမူပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးနေခဲ့သည်။ ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့် ရုံးခွဲများ ဖွင့်လှစ်ပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များနှင့်လည်း နယ်လှည့်ဟောပြောပွဲများ ကျင်းပခဲ့ကြသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)အနေဖြင့် ကလေး၊ လူငယ်၊ လူရွယ်များ မူးယစ်ဆေး၏သားကောင် မဖြစ်ကြစေရေးအတွက် **"ရှောင်လေဝေးဝေး၊ မူးယစ်ဆေး"၊ "မူးယစ်အန္တရာယ် လူ့ရန်စွယ်၊ ကာကွယ်တိုက်ဖျက်၊ လက်ချင်းဆက်"၊ "ဘဝအလှကိုမြှ‌ေ မူးယစ်ဆေးဝါးမျက်ကွယ်ပြု"၊ "မူးယစ်သည့်ဆေး၊ အန္တရာယ်ပေး၊ ယှဉ်တွေးရိုန်ဆ၊ ရှောင်ကြဉ်ကြ"၊ "မူးယစ်ဆေးဝါး၊ သတိထား၊ သွားစမ်းမကြည့်နဲ့"၊ "ပြုဇကုသအောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ"၊ "တန်ဖိုးရှိလှ၊ လူ့ဘဝ၊ မူးယစ်ကင်းစင်၊ ကျန်းမာမှု"၊ "မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်"၊ "အားကစားမြှင့်တင်၊ စိတ်လန်းရွှင်၊ ဆန့်ကျင် မူးယစ်ဆေး"၊ "သာယာလှပ၊ ဘဝပုံပြင်၊ မူးယစ်ဆေးဝါး၊ အဝေးကိုနှင်"** ဟူသောဆောင်ပုဒ်များထုတ်ပြန်ကာ စာပေပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် ဟောပြောပွဲများ ကျင်းပကာ လှုံ့ဆော်သတိပေးခဲ့သည်။ ၂၀၁၈ ခုနှစ်ကမူ ဆောင်ပုဒ်ပေါင်း ၁၀၄ ခု ထုတ်ပြန်၍ ပြိုင်ပွဲဝင်စေခဲ့ကြသည်။ ကိုဗစ်ကြောင့် ဟောပြောပွဲများရပ်ဆိုင်းထားခဲ့ရပြီး စာပေပြိုင်ပွဲကိုသာ ကျင်းပနိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးသုံးစွဲ၊ ရောင်းဝယ်ဖြန့်ဖြူး၊ ထုတ်လုပ်သူများကို လျှို့ဝှက်သတင်းပေးပါက ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်နေသည့်ကြားမှ မူးယစ်ဆေးဝါးအန္တရာယ်က အလွန်ပင်ကြီးထွားပျံ့နှံ့လာသည်။ နေ့စဉ်သတင်းစာများတွင် မူးယစ်ဆေးအသေးအမွှားကအစ သိန်းပေါင်း၊ သန်းပေါင်းများစွာထိ ဖမ်းဆီးရမိနေကြောင်း နေ့စဉ်ဖော်ပြပါရှိနေရာ **"သတ်လို့မသေ၊ ရှလို့မပျောက်၊ ခြောက်လို့မရ၊ အဆပေါင်းများစွာ တိုးပွားနေသော အန္တရာယ်ဆိုးကြီး"** အဖြစ် သတ်မှတ်ရတော့မည့်ကိန်း ဆိုက်နေလေပြီ။

(၁) ထုတ်လုပ်မှုပပျောက်ရေး၊ (၂) သုံးစွဲမှုပပျောက်ရေးနှင့် (၃) တားဆီးနှိမ်နင်းရေးဟူသော နည်းဗျူဟာသုံးရပ်မှာလည်း အိတ်ပေါက်နှင့်ဖားကောက်သည့်ပမာ ဖြစ်နေသည်။ ဖမ်းဆီးရမိသည်ကနည်းနည်း၊ ဖမ်းဆီးရမိခြင်းကင်းမဲ့နေသည်များက ရေတွက်၍မရနိုင်လောက်အောင် များပြားလွန်းလှသည်။

မူးယစ်ဆေးပြဿနာကို ဖြေရှင်းရာတွင် တားဆီးနှိမ်နင်းရေးနှင့် တရားစီရင်ရေးမဟာဗျူဟာတစ်ခုတည်းဖြင့် မရတော့ဘဲ အခြားစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများကိုပါ ထည့်သွင်းစဉ်းစားပြီး မူဝါဒလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်ကြရမည်။ သို့မှသာ သာယာလှပသော လူမှုဘဝများကို ပိုင်ဆိုင်ကြမည်ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ထိုမူဝါဒသစ်နှင့်လိုက်လျောညီထွေဖြစ်စေသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေလည်း ပြင်ဆင်ပြဋ္ဌာန်းထားပြီးဖြစ်ရာ ပြဋ္ဌာန်းချက်များရှင်သန်သွက်လက်ထက်မြက်နေစေရေးအတွက် ထိရောက်စွာ တက်ညီလက်ညီကြိုးစားလှုပ်ရှားကြရပေလိမ့်မည်။

ထိုသို့ ကြိုးစားလှုပ်ရှားကြရာတွင် အဂတိလိုက်စားမှုကင်းမဲ့စွာ မူးယစ်ဆေးဝါးပြဿနာကြီးငယ်မဟူကို ထိရောက်စွာ တားဆီးအရေးယူကြစေချင်သည်။ အသေးအမွှားဟူ၍လည်း ဥပေက္ခာပြုလျစ်လျူရှုထားခြင်းမပြုကြဘဲ အလေးထားကာ တားဆီးအရေးယူနေကြရပေမည်။

အသေးအမွှားကစပြီး အမှိုက်ကစ ပြာသာဒ်မီးလောင်ဖြစ်လာကြလေ့ရှိသည်။ သုံးစွဲမှုရှိ၍သာ ထုတ်လုပ်ဖြန့်ဖြူးနေကြခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသည်က စမိလျှင် ဖြတ်၍ရ၊ မူလအပေါင်းအသင်းဟောင်းများနှင့်ပြန်လည်ဆုံတွေ့ကြသောအခါ ပြန်စ၊ ပြန်စွဲ၊ ပြတ်သွားသည်မရှိဘဲ မူးယစ်ဆေးသံသရာထဲတွင် တဝဲလည်လည်နှင့် ဇာတ်သိမ်းသွားကြရလေ့ရှိသည်။

ဤသည်ကို တောပြန်နိုင်ငံရေးသမား၊ သတင်းစာဆရာ၊ မြို့နယ်တစ်မြို့နယ်၏ ခေါင်းဆောင်ဖြစ်သော **"ဦးမြ"** က နားလည်လက်ခံထားရာ သူ့သား **"မောင်လူလှ"** ၏ နောင်ရေးအတွက် တွေးပူနေခဲ့ရသည်။ မိခင်က တောထဲတွင် ကွယ်လွန်ခဲ့သောကြောင့် မိတဆိုးလေး မောင်လူလှကို အချစ်ပိုအလိုလိုက်ခဲ့မိ၍ တက္ကသိုလ်ကျောင်းသားဘဝတွင် မူးယစ်ဆေး၏သားကောင်ဖြစ်သွားခဲ့သည်။ ဖခင်ဦးမြက ကျိတ်၍ မူးယစ်ဆေးကို ဖြတ်ပေးခဲ့သည်။

မူးယစ်ဆေးပြတ်စ၊ ကျောင်းပြီးစ၊ ဘွဲ့ယူခါနီးသားဖြစ်သူ မောင်လူလှကို ဖခင်ဦးမြက မောင်လူလှ၏ချစ်

> ❖ မူးယစ်ဆေးပြဿနာကို ဖြေရှင်းရာတွင် တားဆီးနှိမ်နင်းရေးနှင့် တရားစီရင်ရေးမဟာဗျူဟာတစ်ခုတည်းဖြင့် မရတော့ဘဲ အခြားစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများကိုပါ ထည့်သွင်းစဉ်းစားပြီး မူဝါဒလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်ကြရမည်။ သို့မှသာ သာယာလှပသောလူမှုဘဝများကို ပိုင်ဆိုင်ကြမည်ဖြစ်သည်။ ❖

**မောင်ဖြိုးသူ(ကြို့ပင်ကောက်)**

သူ၊ ချွေးမလောင်း **"မကလျာ"** နှင့်တိုင်ပင်ပြီး စည်းကမ်းကြီးလွန်းသော တပ်မတော်ထဲသို့ ထည့်လိုက်ကြသည်။ ပြင်ဦးလွင်မြို့တွင် တစ်နှစ်သင်တန်းတက်ရသည်။ အပေါင်းအသင်းဟောင်းများနှင့် အဆက်အသွယ်ပြတ်သွားသောကြောင့် ဆေးလည်းပြတ်သွားမည်မှာသေချာသည်ဟု ဖခင်နှင့်ချစ်သူက ယတိပြတ်ဆုံးဖြတ်ကာ ကျေနပ်ပီတိဖြစ်နေကြသည်။ သို့သော် မတွေ့ရသည်မှာ တစ်နှစ်ကြာခဲ့ပြီဖြစ်သောသားကို ဖခင်ကတွေ့ချင်မြင်ချင်နေသည့်နှယ် ချစ်သူကလည်း မျှော်တော်ဇောနှင့် လွမ်းမောနေရှာသည်။

မောင်လူလှက တစ်နှစ်သင်တန်းပြီးဆုံး၍ နေအိမ်သို့ခေတ္တပြန်ခွင့်ရသောနေ့တွင် ဖခင်နှင့်ချစ်သူထံသို့ နေ့လယ်စာလက်ဆုံစားကြရန် အချိန်မီပြန်ရောက်လာမည်ဟု ဖုန်းဆက်အကြောင်းကြားခဲ့သည်။ ဖခင်နှင့်ချစ်သူ **"ဘယ်သူ့ပြိုင်လို့၊ ဝမ်းသာတော့နိုင်"** ဆိုသည့်နှယ် ဖော်ပြနိုင်စွမ်းမရှိအောင် ဝမ်းသာကြည်နူးရွှင်မြူးသွားခဲ့ကြသည်။

ထို့ကြောင့် ၎င်းတို့နှစ်ဦးက မောင်လူလှကြိုက်နှစ်သက်သည့် ဟင်းမျိုးစုံကိုချက်ပြုတ်၍ စောင့်မျှော်နေခဲ့ကြသည်။ မွန်းလွဲ ၁၂ နာရီကျော်သည်ထိ မောင်လူလှက ပေါ်မလာ။ မမျှော်လင့်ဘဲ ပေါ်လာသည်က ရဲကားတစ်စီး။ စခန်းမှူးရဲအုပ်နှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကားပေါ်မှဆင်းလာကြသည်။ ဦးမြကိုခွင့်တောင်းကာ ဧည့်ခန်းထဲတွင် ဝင်ထိုင်ကြသည်။ မောင်လူလှ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဦးမြအားပြသကာ မေးမြန်းသည်။ ဦးမြက သူ့သားမောင်လူလှမှန်ကန်ကြောင်း၊ သင်တန်းပြီးဆုံး၍ ယနေ့ပြန်ရောက်လာမည်ဟု အကြောင်းကြားသဖြင့် ထမင်းပွဲပြင်ပြီးအသင့်စောင့်မျှော်နေကြကြောင်း၊ "အခု သူ့သားဘယ်မှာလဲ၊ ဘာဖြစ်လို့လဲ" ဟု စိုးရိမ်သောကကြောင့်ကြလွန်းစွာ စခန်းမှူးကို ပြန်လည်မေးမြန်းခဲ့ရာ စခန်းမှူး ဆွံ့အနှုတ်ပိတ်သွားသည်။ ဦးမြရော မကလျာပါ စိုးရိမ်ထိတ်လန့်စွာ မေးပါများလာသောအခါ မလွှဲမရှောင်သာတော့ဘဲ တာဝန်အရ ဖြေကြားလိုက်ရသည်။ စခန်းမှူး၏အဖြေက-

"ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့နားက ရေမြောင်းထဲမှာ ဆေးထိုးပိုက်တန်းလန်းနဲ့ ပါးစပ်ထဲက အမြှုပ်တွေထွက်ပြီး အသက်မရှိတော့လို့ ရဲခဲ တိုက်ပို့လိုက်ပါပြီဗျာ" တဲ့။

ထိုစကားကိုကြားလိုက်သည်နှင့်တစ်ပြိုင်နက် ရုတ်တရက် ပက်လက်လန်လဲကျ မေ့မြောသွားရသူက မကလျာ။ ဖခင်ဦးမြကတော့ အံကိုကြိတ်၊ လက်သီးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်၊ နှုတ်ခမ်းတွေတဆတ်ဆတ်တုန်လှုပ်လာပြီး နာကြည်းခံပြင်းစွာ တောက်ခေါက်ကာ ညည်းတွားလိုက်ပါသည်။

"စာမတတ်လို့ စာကိုသင်၊ စာကိုမြင်မှ မိုက်မှန်းသိ၊ ရင်ထဲမှာမချိတော့ဘူးသားရယ်။ ဘွဲ့ရအောင်ပညာသင်ကြားပြီးမှ မိုက်ရက်လေခြင်းကွာ။ တပ်ထဲဝင်လို့ စစ်ပွဲတစ်ရာ ဆင်နွှဲရပေမဲ့ သားသေချင်မှသေမှာပါ။ အခုတော့ ဘိန်းဖြူတစ်ခါစွဲရုံလေးနဲ့ သားသေပွဲဝင်ခဲ့ရပြီလေ။ ဘွဲ့နှင်းသဘင်ခန်းမထဲမှာ မင်္ဂလာကျက်သရေရှိရှိ ဘွဲ့တက်မယူရဘဲ ဘွဲ့နှင်းသဘင်ခန်းမရှေ့ ရေမြောင်းထဲမှာ ပိုင်ရှင်မဲ့အလောင်းအဖြစ်နဲ့ မရှုမလှ သေဆုံးရတယ်လို့ကွာ. . . တောက်"

ကျွန်တော် စိတ်ကူးယဉ်ဝတ္ထု ရေးသားတင်ပြနေခြင်းမဟုတ်ပါ။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်က စမ်းချောင်းမြို့နယ်ထဲရှိ လမ်းတစ်လမ်းတည်းတွင် ကျွန်တော်နှင့်အတူနေထိုင်ခဲ့သည့် တောပြန်နိုင်ငံရေးသမား၊ စာရေးဆရာ၊ သတင်းစာဆရာကြီး၏ ဆေးစွဲနေသောသား ဆေးဖြတ်ပြီး စည်းကမ်းကြီးလှသောတပ်ထဲထည့်ပေးလိုက်ခြင်းအားဖြင့် နောင်ရေးစိတ်အေးရပြီဟု ထင်နေစဉ်တွင် ခွင့်နှင့်ပြန်လာသောသားက ဆေးချဖက်အပေါင်းအသင်းများနှင့်ပြန်လည်ဆုံတွေ့ကာ ဆေးပြန်ချကြရာမှ ဘွဲ့နှင်းသဘင်ခန်းမရှေ့ရေမြောင်းထဲတွင် မရှုမလှသေဆုံးသွားရသည့်ဖြစ်ရပ်မှန်မှုခင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမည့် မိုးစပါးစီမံကိန်းအတွက် သွင်းအားစုများကို သက်သာသောအထူးဈေးနှုန်းဖြင့် ရောင်းချပေးရန်စီစဉ်လျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်စိုက်ပျိုးမည့် မိုးစပါးစီမံကိန်းအတွက် သွင်းအားစုများကို သက်သာသော အထူးဈေးနှုန်းဖြင့် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြောပြ၍ သိရသည်။




နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါးစီမံကိန်းအတွက် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးလေးခုတွင် လျာထားသော စိုက်ပျိုးဧကမှာ ၅ ဒသမ ၃ သိန်းရှိပြီး ၎င်းမိုးစပါးစိုက်ပျိုးဧကအတွက် မြေဩဇာတန် ၇၉၅၀၀ လိုအပ်မည်ဖြစ်ကြောင်း၊ လိုအပ်သောမြေဩဇာများကို သက်သာသောအထူးဈေးနှုန်းဖြင့် ရောင်းချရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနဲ့စိုက်ပျိုးမဲ့ မိုးစပါးစီမံကိန်းမှာ စိုက်ဧက ၅ ဒသမ ၃ သိန်းရှိမှာဖြစ်ပါတယ်။ ဒီစိုက်ဧကတွေအတွက် အဓိကသွင်းအားစုဖြစ်တဲ့ မြေဩဇာလိုအပ်ချက်က တန် ၇၉၅၀၀ ဖြစ်ပြီး ဒီမြေဩဇာကို သက်သာတဲ့ အထူးဈေးနှုန်းနဲ့ ရောင်းချနိုင်ဖို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ မျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့ စီစဉ်ဆောင်ရွက်နေပါတယ်။ သွင်းအားစုတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ အချိန်မီဝယ်ယူနိုင်ဖို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဦးစီးဌာနတွေဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ သမဝါယမဦးစီးဌာနက တောင်သူတွေကို စိစစ်ထောက်ခံ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ဦးကျော်ကျော်ဦးက ပြောပြသည်။

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့်ညှိနှိုင်းပြီး မြေဩဇာနှင့် သွင်းအားစုများ၏ ရည်ညွှန်းဈေးနှုန်းများကို နှစ်ပတ်တစ်ကြိမ်ထုတ်ပြန်လျက်ရှိကြောင်း၊ ထိုသို့ထုတ်ပြန်ပေးလျက်ရှိရာတွင် ယခုဇွန်လကုန်ထိ ယူရီးယားမြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ နှင့် ကွန်ပေါင်းကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြန့်ဖြူး ရောင်းချပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH

➤ စာမျက်နှာ ၄ မှအဆက်

ထိုနည်းတူ နိုင်ငံကျော်စာရေးဆရာကြီးတစ်ဦး၏ မူးယစ်ဆေးဖြတ်ပြီးစသားတစ်ဦးကိုလည်း မောင်လူလှကဲ့သို့ပင် နောင်ရေးစိတ်အေးရလေအောင် စည်းကမ်းတွင်စံပြဖြစ်နေသော တပ်မတော်ထဲသို့ထည့်ခဲ့သည်။ တပ်တွင်းသင်တန်းတွင် ဘဝတူလူငယ်သုံးဦး ပေါင်းမိသွားခဲ့ကြသည်။ အားလပ်ရက် အပြင်ထွက်ခွင့်ရသောနေ့တွင် လူအသိကိုကင်းမဲ့စေသော မူးယစ်ဆေးကြောင့် မိခင်အိုကြီးကို လုပ်ကျွေးနေသော တက္ကစီယာဉ်မောင်းလူငယ်လေးကိုသတ်ပြီး အလောင်းကို လမ်းဘေးပစ်ထားကာ ကားကိုယူဆောင်မောင်းပြေးခဲ့ကြသည်။ သူတို့ဆီပြတ်နေ၍ ဆီရှာနေစဉ် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကူညီရန်လာသည်ကို သူတို့ကိုဖမ်းတော့မည်အထင်ဖြင့် ထိုရဲကို သူတို့သုံးယောက်က ထပ်မံ၍ သတ်လိုက်ကြပြန်သည်။ နှစ်လောင်းပြိုင်လူသတ်မှုဖြစ်ပွား၊ စစ်ခုံရုံး၊ အရပ်ဘက်ရုံးအဆင့်ဆင့်က စစ်ဆေးပြီး ထိုက်တန်သောပြစ်ဒဏ်ကို ချမှတ်ခဲ့သည်။

ကျွန်တော်တင်ပြခဲ့သည့် မူးယစ်ဆေးမှုခင်းနှစ်မှုစလုံးကို လေ့လာသုံးသပ်ကြည့်ကြပါက စည်းကမ်းပြည့်ဝပြီး စံပြဖြစ်နေသောတပ်မတော်ထဲရောက် သင်တန်းတက်နေကြစဉ်တွင် ဖြစ်ပွားခဲ့သောမှုခင်းများသည် တပ်မတော်ကြောင့်မဟုတ်ဘဲ ကာယကံရှင်များကိုယ်တိုင်က မူးယစ်ဆေးမပြတ်ကြသောကြောင့် ပြဿနာကြီးငယ်အသွယ်သွယ်ဖြစ်ရကြောင်း ခိုင်မာသည့်သက်သေသာဓကအဖြစ် မှတ်တမ်းတင်ရစ်အောင်ဖော်ပြရခြင်းဖြစ်သည်။

မကြာသေးမီက နိုင်ငံခြားသတင်းတစ်ပုဒ်တွင် မူးယစ်ဆေးစွဲနေသူကို ဆေးရုံသို့ပို့ဆောင်ကာ ဆေးပြတ်စေရန် စောင့်ရှောက်ကုသနေစဉ် ထိုသူက ဆေးယင်းထပြီး သူ့မျက်စိတစ်ဖက်ကို သူကိုယ်တိုင်ဖောက်စားခဲ့သည်ဟု ဖော်ပြထားရာ ဖတ်ရှုကြားသိရသူတိုင်း အော်ဂလီဆန်ဖို့အန်ကုန်ကြသည်။

ကျွန်တော်တို့နိုင်ငံထဲတွင် ထိုဖြစ်ရပ်ထက် ဆိုးသွမ်းအော့နှလုံးနာစရာကောင်းလှသော မူးယစ်ဆေး၏ ညစ်ထေးယုတ်မာ၊ မသတီစရာဖြစ်ရပ်များကား များပြားလွန်းလှသည်။ တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီမှ မိသားစုများစွာရှိသော ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များထိ မူးယစ်ဆေးဝါးအန္တရာယ်က ကျယ်ပြန့်လာသောအခါ တစ်မျိုးသားလုံး၏အန္တရာယ်ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံတစ်နိုင်ငံတည်းကိုသာမက ကမ္ဘာ့နိုင်ငံအသီးသီးကိုပါ ခြိမ်းခြောက်လာခဲ့သည်။ မူးယစ်ဆေးဝါးအန္တရာယ်က လူသားများ၏အသက်ဘေးကိုသာမက ဘဝမျိုးစုံပျက်စီးစေပြီး ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲကို ဖန်တီးနိုင်စွမ်းရှိလာခဲ့ပါသည်။

ထို့ကြောင့် ဆောင်းပါးအဖွင့်ပါ (၂၆)ကြိမ်မြောက် ပြိုင်ပွဲစုံ၏ဆောင်ပုဒ်များအပြင် **"လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်ရို့"၊ "သက်ရှည်ကျန်းမာ လူသားကမ္ဘာ မူးယစ်ဆေးဝါး တိုက်ဖျက်ပါ"၊ "နိုင်ငံပြည်သာ တိုးတက်ရန်မှာ ဆေးဝါးမူးယစ် တိုက်ဖျက်ပါ"၊ "ပြည်သူ့အားဖြင့် ဝိုင်းဝန်းကာကွယ် မူးယစ်အန္တရာယ်"၊ "လူ့ဘောင်လောကသာယာဖို့ မူးယစ်ဆေးကိုတိုက်ဖျက်ရို့"၊ "မြို့ပြပြည်ရွာ ငြိမ်းအေးဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရို့"၊ "ပြည်သူညီတူ ကူညီပေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး"၊ "ပန်းရိုင်းဘိန်းစင်းအပြတ်နှိမ်နင်း ရဲနှင့်ပြည်သူ လက်တွဲကူ ဘိန်းဖြူတိုက်ဖျက် ပူးပေါင်းဆောင်ရွက်"**ဟူသောဆောင်ပုဒ်များနှင့်အညီ ပြည်သူများအနေဖြင့် အမျိုးသားရေးတာဝန်အရရော မိသားစုပတ်ဝန်းကျင်အေးချမ်းသာယာရေးအတွက်ပါ ဝိုင်းဝန်းကူညီကြရန် အထူးပင်လိုအပ်လှပါသည်။

# မိုးဦးချိန်ခါ တုပ်ကွေးလာ ညီညာဖြေရှင်း ကျန်းမာခြင်း

\- မိုးဦးခါ သည်ကာလ
တုပ်ကွေးက ထလာပြီ၊
ခြင်ကနေ ကူးကာစက်
ဖြစ်ပျက်အတည်၊
ကြိုတင်လို့ ပြင်ဆင်မည်
မဖြစ်မီ ကာကွယ်ဖို့၊
အိမ်ဝန်းကျင် သန့်ရှင်းရေး
မနှေးလုပ်စို့။

\- ခြင်ကိုက်ကို မခံဖို့
ထပ်လောင်းလို့ လက်တို့ချင်၊
ခြင်ခိုရာ နေရာများ
ရှင်းထားစေချင်၊
ရေရှိတဲ့ နေရာတွေတွင်
ရေမဝပ်လျှင် အကောင်းဆုံး၊
အကယ်ပင် "ဖုံးသွန်လဲစစ်"
မြဲသစ်တဲ့ထုံး။

\- ထို့ပြင်လေ မကပဲ
ခြင်ထောင်လည်း ထောင်စေချင်၊
သို့မှသာ ရောဂါဘေး
ဝေးကွာမှာပင်၊
ခြင်မရှိတဲ့ ပတ်ဝန်းကျင်
ထွင်ကာလေ နေထိုင်မှ၊
ခြင်ဘေးရန် အန္တရာယ်ဆိုး
တိုးကာကွယ်ကြ။

\- ခြင်ဘေးရန် အန္တရာယ်ဆိုး
တိုးလို့ဖြင့် တားဆီးအစဉ်၊
သည်ဘေးဟာ အမျိုးသားရေးမို့
တွေးဆဆင်ခြင်၊
တစ်မျိုးသားလုံး ကျန်းမာလျှင်
ပြည်ကိုပင် ကာကွယ်သမို့၊
ပြည့်ရေးရာ ပြည့်အကျိုး
ပိုးကြပါစို့။

\- ရောဂါဆို သည်တုပ်ကွေး
ဝေးစေဖို့ စိတ်သန်ကာ၊
ပြည်သူတွေ ကျန်းမာမှ
ပြည်ကလန်းဖြာ၊
လန်းဖြာဖို့ သို့ရည်ကာ
အားသွန်ကာ ခွန်စိုက်လို့၊
ပြည်သူတွေ ညီတညာနှင့်
ညီတူဆွေ ပြည်သာယာဖို့
ကျန်းမာရေး ပန်းတိုင်ဆီကို
လန်းဖြာတွေး လှမ်းကိုင်မိဖို့
ချီကြပါစို့။ ။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## နိုင်ငံတကာယောဂနေ့အခမ်းအနားကို အိန္ဒိယဝန်ကြီးချုပ် ဦးဆောင်၍ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပ



**နယူးယောက် ဇွန် ၂၂**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဇွန် ၂၁ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ နိုင်ငံတကာယောဂနေ့ အခမ်းအနားကို ဦးဆောင်ကျင်းပ ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံတကာ ယောဂနေ့ အခမ်းအနားတွင် တစ်ကမ္ဘာလုံး မိသားစုသဖွယ် စုစည်းနိုင်ရေး အတွက် လက်တွဲကြိုးပမ်းကြရန် အိန္ဒိယဝန်ကြီးချုပ်က တိုက်တွန်း ခဲ့သည်။

ထို့ပြင် ချစ်ကြည်ရင်းနှီးရေး၊ ကမ္ဘာကြီးငြိမ်းချမ်းရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ် သည့် အနာဂတ်တည်ဆောက်ရေး တို့အတွက် ယောဂကျင့်စဉ်၏ စွမ်းအားကို အသုံးချကြရန် အိန္ဒိယဝန်ကြီးချုပ်က ပြောကြား ခဲ့သည်။

ကုလသမဂ္ဂသည် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းရုပ်နာမ်ကျင့်စဉ် တစ်ခုဖြစ်သော ယောဂကျင့်စဉ် အတွက် ဇွန် ၂၁ ရက်ကို နိုင်ငံ တကာယောဂနေ့အဖြစ် ၂၀၁၄ ခုနှစ်တွင် ကြေညာပေးခဲ့သည်။

လက်ရှိတွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံဆွေးနွေးရေး အတွက် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ပြီး နိုင်ငံတကာ ယောဂနေ့ အခမ်းအနားတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ကလည်း ဗီဒီယိုဖိုင်ဖြင့် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ကြောင်း သိရသည်။ KKO

## ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ၃၇ ဦး ဒဏ်ရာရရှိ

**ပဲရစ် ဇွန် ၂၂**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၏ သမိုင်းဝင်လက်တင်ရပ်ကွက်အနီး လမ်းတစ်လမ်း၌ ဇွန် ၂၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၃၇ ဦး ဒဏ်ရာရရှိခဲ့ပြီး တစ်ဦး ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြ ခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည်သမိုင်း ဝင် ပဲရစ်လမ်းမတန်းတစ်ခုဖြစ်ပြီး နော်တာဒိန် ဘုရားကျောင်းနှင့် ဆောဘွန်းတက္ကသိုလ်တို့ကိုချိတ်ဆက် ပေးထားသည့် စိန့်ဂျက်ကေး လမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုအတွင်း ဒဏ်ရာရခဲ့ သူများအနက်ခြောက်ဦးမှာ ဒဏ်ရာ ပြင်းထန်ကြောင်း ပဲရစ်မြို့ရဲတပ်ဖွဲ့ က ပြောကြားခဲ့သည်။

ပေါက်ကွဲမှုကြောင့် ပြည်ပ ကျောင်းသားများအတက်များသည့် နာမည်ကျော် ပဲရစ်အမေရိကန် ဒီဇိုင်းအကယ်ဒမီကျောင်းအဆောက် အအုံမျက်နှာစာပျက်စီးခဲ့ရကြောင်း သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို လက်ရှိအချိန် တွင် မပြောနိုင်သေးဘဲ စုံစမ်း စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ပဲရစ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန် ထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် ဒီဇိုင်းအကယ်ဒမီကျောင်းမှကျောင်း သားများအပြင်ရောက်နေမှုကြောင့် လူအထိအခိုက်နည်းပါးခဲ့ရခြင်းဖြစ် သည်ဟု ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO



## တရုတ်၌ အသားကင်ဆိုင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ၃၁ ဦးသေဆုံး၍ ခုနစ်ဦးဒဏ်ရာရရှိ

**ပေကျင်း ဇွန် ၂၂**

တရုတ်နိုင်ငံနင်ရှားဒေသယင်ချမ် မြို့ရှိ အသားကင်ဆိုင်တစ်ဆိုင်၌ ဇွန် ၂၁ ရက်က ဓာတ်ငွေ့ပေါက်ကွဲ မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၃၁ ဦးသေဆုံးခဲ့ရကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

ဘာဘီကျူ အသားကင်ဆိုင် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ခုနစ် ဦးဒဏ်ရာများရခဲ့ပြီး ဆေးဝါးကုသ မှုများ ခံယူနေရကြောင်း သိရသည်။

အထပ်နှစ်ထပ် ပါရှိသည့် အဆိုပါအသားကင်ဆိုင်၌ အချက် အပြုတ်လုပ်ငန်းသုံး ဓာတ်ငွေ့ရည် သိုလှောင်ကန်၏ ဓာတ်ငွေ့ယိုစိမ့်မှု ကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်း ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အသားကင်ဆိုင် မီးလောင်မှုသည် မကြာသေးမီနှစ် များအတွင်း တရုတ်နိုင်ငံ၌ဖြစ်ပွား ခဲ့သည့် စားသောက်ဆိုင်ပေါက်ကွဲ မှုများအနက် အသေအပျောက် အများဆုံး ပေါက်ကွဲမှုများထဲတွင် ပါဝင်သည်။

တရုတ်အစိုးရက ကိုဗစ်-၁၉ လုံးဝကင်းစင်ရေးမူဝါဒကို ပြန်လည် ရုပ်သိမ်းခဲ့ပြီးနောက် ယခုနှစ် အတွင်း ဘာဘီကျူအသားကင်ဆိုင် များသည် တရုတ်နိုင်ငံ၌ စားသုံးသူ ပေါများသည့် စားသောက်ဆိုင် များဖြစ်လာကြသည်။

တရုတ် တာဝန်ရှိသူများအနေ ဖြင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံ ရေးအတွက် အချိန်ယူကြိုးစား အားထုတ်ခဲ့သော်လည်း ဓာတ်ငွေ့ နှင့်ဓာတုပေါက်ကွဲမှုများမကြာခဏ ဖြစ်ပွားနေဆဲ ဖြစ်ကြောင်း သိရသည်။ KKO

## တရုတ်သမ္မတမှာ အာဏာရှင်တစ်ဦးမဟုတ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဟစ်ကင်းစ်ပြောကြား

**ဝယ်လင်တန် ဇွန် ၂၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် က တရုတ်သမ္မတ ရှီကျင့်ဖျင်အား အာဏာရှင်တစ်ဦးအဖြစ် ရည်ညွှန်း မှုကို မိမိသဘောမတူကြောင်း နယူး ဇီလန်ဝန်ကြီးချုပ် ခရစ်ဟစ်ကင်းစ် က ယနေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ တရားဝင်ခရီး စဉ်အဖြစ်မသွားရောက်မီ နယူး ဇီလန်ဝန်ကြီးချုပ်ကအဆိုပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြ ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ရည်ညွှန်းခဲ့သလို အာဏာရှင်တစ်ဦး မဟုတ်ကြောင်း နယူးဇီလန်ဝန်ကြီး ချုပ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံတွင် ရှိနေ သည့် အစိုးရအဖွဲ့ပုံစံမှာ တရုတ် ပြည်သူများနှင့်သာ ပတ်သက် ကြောင်း ဝန်ကြီးချုပ် ဟစ်ကင်းစ်က သုံးသပ်ခဲ့သည်။

နယူးဇီလန် ဝန်ကြီးချုပ် ဟစ်ကင်းစ်သည် ဇွန် ၂၅ ရက်မှ ၃၀ ရက်ထိ ကုန်သွယ်ရေးကိုယ်စား လှယ်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်၍ တရုတ်နိုင်ငံသို့သွားရောက်၍ စီစဉ် ထားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သည် ဇွန် ၂၀ ရက်တွင် တရုတ် သမ္မတ ရှီကျင့်ဖျင်ကို အာဏာရှင် တစ်ဦးအဖြစ်ရည်ညွှန်းခဲ့ရာ တာဝန် မဲ့ရာကျသော၊ တရုတ်နိုင်ငံ၏နိုင်ငံ ရေးဂုဏ်သိက္ခာကို စော်ကားရာ ရောက်သည့် ရည်ညွှန်းချက်အဖြစ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၂၁ ရက်တွင် တုံ့ပြန်ဝေဖန် ခဲ့ကြောင်း သိရသည်။ KKO

## ပနားမားတူးမြောင်းကို အသုံးပြုမည့်အကြီးဆုံးသင်္ဘောများအတွက် ရေစူးသတ်မှတ်ချက် ထပ်မံလျှော့ချမည်

**ပနားမားစီးတီး ဇွန် ၂၂**

ပနားမား တူးမြောင်းအတွင်း ဝင်ရောက် ဖြတ်သန်းနေကြသည့် အရွယ်အစားအကြီးဆုံး ကုန်တင် သင်္ဘောများ၏ ရေစူးသတ်မှတ် ချက်ကို ထပ်မံလျှော့ချရန် ပနားမား တူးမြောင်းအာဏာပိုင်အဖွဲ့ကစီစဉ် ထားကြောင်း ရိုက်တာသတင်းဌာန က ဇွန် ၂၁ ရက်တွင် ဖော်ပြ ခဲ့သည်။

မိုးခေါင်ရေရှားမှု ပြဿနာ ကြောင့် ပနားမားတူးမြောင်းရေတိမ် လာချိန်တွင် အကြီးဆုံးကုန်တင် သင်္ဘောကြီးများ၏ ရေစူးမှတ်ကို ထပ်မံကန့်သတ်ရန် ပနားမား တူးမြောင်းတာဝန်ရှိသူများက စီစဉ် ထားခြင်းဖြစ်သည်။

မိုးခေါင်မှု ပြဿနာကြောင့် ယခုနှစ်အတွင်း ပနားမားတူးမြောင်း ၌ ရေနည်းလာခဲ့ရာ တူးမြောင်း အာဏာပိုင်များသည် သင်္ဘောများ ၏ ရေစူးသတ်မှတ်ချက်ကို ယခုနှစ် အတွင်း မကြာခဏလျှော့ချခဲ့ ရသည်။



တူးမြောင်းအာဏာပိုင်အဖွဲ့၏ စည်းမျဉ်းသစ်အရ ပနားမား တူးမြောင်းကို ဖြတ်သန်းနေသော အကြီးဆုံး ကုန်တင်သင်္ဘောများ၏ အများဆုံးရေစူးမှတ်မှာ ၄၃ ဒသမ ၅ပေ (၁၃ ဒသမ ၃ မီတာ) ရှိရမည် ဖြစ်သည်။

အဆိုပါစည်းမျဉ်းသည်လာမည့် ဇွန် ၂၅ ရက်တွင် စတင်အာဏာ သက်ဝင်မည်ဖြစ်ကြောင်း ပနားမား တူးမြောင်း အာဏာပိုင်အဖွဲ့က ကြေညာထားသည်။

ပနားမားတူးမြောင်းကိုဖြတ်သန်း နေသည့် အရွယ်အစားအကြီးဆုံး ကုန်တင်သင်္ဘောများအတွက် ယခင် သတ်မှတ်ထားသော အမြင့်ဆုံး ရေစူးမှတ်မှာ ၄၄ ဒသမ သုည ပေ ဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ဟန်ဂါတွန်ဂါ-ဟန်ဂါဟာအာပီ ရေအောက်မီးတောင်ပေါက်ကွဲခဲ့စဉ် ပေါ်ထွက်လာသည့် မိုးကြိုးမုန်တိုင်းအတွင်း လျှပ်စီးကြောင်း ၂၀၀၀၀၀ ခန့်ထိ စံချိန်တင်ဖြစ်ပေါ်ခဲ့



**ဝါရှင်တန် ဇွန် ၂၂**

တွန်ဂါနိုင်ငံ ဟန်ဂါတွန်ဂါ-ဟန်ဂါဟာအာပီ ရေအောက်မီးတောင်ပေါက်ကွဲခဲ့စဉ် ပေါ်ထွက်လာသည့် မိုးကြိုးမုန်တိုင်းအတွင်း လျှပ်စီးကြောင်း ၂၀၀၀၀၀ ခန့်ထိ စံချိန်တင်ဖြစ်ပေါ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် ဘူမိတိုင်းတာရေးအေဂျင်စီ(USGS) မှ သိပ္ပံပညာရှင်များ၏အဆိုအရ တွန်ဂါရေအောက်မီးတောင် ပေါက်ကွဲခဲ့စဉ် ၁၁ နာရီကြာကာလအတွင်း လျှပ်စီးကြောင်း ၁၉၂၀၀၀ ခန့်ထိ ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

မိမိတို့၏ လေ့လာချက်အရ တွန်ဂါရေအောက်မီးတောင်ပေါက်ကွဲမှု အားအပြင်းဆုံးအချိန်တွင် မိုးကြိုးမုန်တိုင်းအတွင်း တစ်စက္ကန့်လျှင် လျှပ်စီးကြောင်း ၂၆၀၀ ဖြင့် အများဆုံးပေါ်ထွက်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

တွန်ဂါရေအောက်မီးတောင်ပေါက်ကွဲမှု မိုးကြိုးမုန်တိုင်းသည် ကမ္ဘာမြေမျက်နှာပြင်အထက် ၁၂ မိုင်နှင့် ၁၉ မိုင်ကြားတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များသည်အမျိုးသားသမုဒ္ဒရာနှင့်လေထုလွှာလေ့လာရေးအေဂျင်စီ (နိုအာ)၏ GOES-17 ဂြိုဟ်တုနှင့် ဂျပန်မိုးလေဝသအေဂျင်စီ၏ ဟီမာဝါရီ-၈ ဂြိုဟ်တုတို့ကိုအသုံးပြု၍ တွန်ဂါရေအောက်မီးတောင် ပေါက်ကွဲမှု လျှပ်စီးကြောင်း အရေအတွက်ကို တွက်ချက်ခဲ့ကြခြင်းဖြစ်သည်။

ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း၌ တည်ရှိသော တွန်ဂါရေအောက်မီးတောင်သည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ပေါက်ကွဲခဲ့ရာ မှတ်တမ်းတင်ဖူးသမျှ အပြင်းထန်ဆုံး လေထုလွှာပေါက်ကွဲမှု ပေါ်ထွက်ခဲ့ရကြောင်း သိရသည်။ KKO

## ကမ္ဘာဦးသားပိုက်ကောင်များက ယနေ့ခေတ်သားပိုက်ကောင်များကဲ့သို့မဟုတ်ဘဲ နောက်ခြေ နှစ်ချောင်းဖြင့် လမ်းလျှောက်နိုင်ခဲ့ကြဖွယ်ရှိ

**လန်ဒန် ဇွန် ၂၂**

ကမ္ဘာဦးသားပိုက်ကောင်များသည် ယနေ့ခေတ်သားပိုက်ကောင်များကဲ့သို့မဟုတ်ဘဲ နောက်ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်နိုင်ခဲ့ကြဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇွန် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ယနေ့ခေတ် သားပိုက်ကောင်များသည် နောက်ခြေနှစ်ချောင်း၏ ကြွ့အားဆန့်အားကိုသုံး၍ ခုန်ဆွခုန်ဆွသွားလာသော သက်ရှိများဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် အချို့သောကမ္ဘာဦးသားပိုက်ကောင်များသည် လူသားများကဲ့သို့ပင် နောက်ခြေထောက်နှစ်ချောင်းဖြင့် လမ်းလျှောက်နိုင်ခဲ့ကြဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံ ဘရစ္စတိုးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် သက်တမ်းအားဖြင့် နှစ်ပေါင်း၂၅ သန်းထိရှိသည့် Sthenurine ခေါ် ကမ္ဘာဦးသားပိုက်ကောင်တစ်မျိုး၏ ခြေထောက်ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



Sthenurine များသည် ယနေ့ခေတ်သားပိုက်ကောင်များနှင့် သွေးအနီးစပ်ဆုံး သားပိုက်ကောင်မျိုးစိတ်များထဲတွင် ပါဝင်ကြောင်း သိရသည်။

ယနေ့ခေတ် သားပိုက်ကောင်များသည် ခုန်ဆွခုန်ဆွ သွားလာမှုမလုပ်ချိန်တွင် အမြီး၏အကူအညီဖြင့် ခြေလေးဖက်ချ၍ လမ်းလျှောက်တတ်ကြကြောင်း သိရသည်။KKO

## နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျိတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်က အိတ်စ်ရေးရောင်ခြည်များ အန်ထုတ်ခဲ့

**စောဘုဟ်မ်း ဇွန် ၂၂**

ကမ္ဘာဂြိုဟ်ပေါ်၌ ၁၉ ရာစုအတွင်း စတင်ချိန်တွင် နဂါးငွေ့တန်းကြယ်စု ဗဟိုချက်ရှိ ဆာဂျိတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်သည် အိတ်စ်ရေးရောင်ခြည်များ အန်ထုတ်ခဲ့ဖူးကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဆွီဒင်နိုင်ငံ စတော့ဟုမ်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် အိတ်စ်ရေးရောင်ခြည် အောက်တွင် မှေးလင့်ထားသည်ထက်ပို၍ အလင်းအားကောင်းနေတတ်သည့် နဂါးငွေ့တန်းကြယ်စု ဗဟိုချက်နယ်မြေတွင်းရှိ ကြယ်ဖွဲ့တိမ်တိုက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အဆိုပါ ကြယ်ဖွဲ့တိမ်တိုက်များအတွင်းရှိ အိတ်စ်ရေးရောင်ခြည်များသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ က ဆာဂျိတေးရီးယပ်စ် အေစတားမဟာအာကာသတွင်းနက် အန်ထုတ်ခဲ့သော အိတ်စ်ရေးရောင်ခြည်များဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဆွီဒင်သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ IXPE အမည်ရှိဂြိုဟ်တုကိုအသုံးပြု၍ နဂါးငွေ့တန်းကြယ်စု ဗဟိုချက်ရှိ ကြယ်ဖွဲ့တိမ်တိုက်များကို လေ့လာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဆာဂျိတေးရီးယပ်စ်အေစတားကဲ့သို့ မဟာအာကာသတွင်းနက်ကြီးများ ပတ်ပတ်လည်ရှိ ပြင်းထန်သောဖြပ်ဆွဲအားသည် အလင်းရောင်အပါအဝင် အနီးရောက်လာသမျှ အာကာသဒြပ်ထည်များကို ဝါးမြို၍ အိတ်စ်ရေးရောင်ခြည်များ ပြန်အန်ထုတ်တတ်ကြောင်း သိရသည်။ KKO

# HEALTH

## နေ့ခင်းတစ်ရေးအိပ်ပါက သက်ကြီးပိုင်းများ၌ ဦးနှောက်အရွယ်အစားကျုံ့ဝင်မှုကို လျှော့ချနိုင်

**လန်ဒန် ဇွန် ၂၂**

နေ့လယ်နေ့ခင်း တစ်ရေးတစ်မောအိပ်စက်ပေးပါက သက်ကြီးပိုင်းများ၌ ဦးနှောက်အရွယ်အစားကျုံ့ဝင်လာမှုနှုန်းကို လျှော့ချပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဇွန် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

လူသားတို့၏ဦးနှောက်အရွယ်အစားသည် အသက် ၃၅ နှစ်မှစ၍ နှစ်စဉ် သုည ဒသမ ၂ ရာခိုင်နှုန်းမှ သုည ဒသမ ၅ ရာခိုင်နှုန်းထိ ကျုံ့ဝင်လာတတ်ပြီး အသက် ၆၀ ကျော်လာချိန်တွင် ကျုံ့ဝင်မှုနှုန်း ပို၍ပင်မြန်လာကြောင်း သိရသည်။

ဦးနှောက်အရွယ်အစား ကျုံ့ဝင်မှုကြောင့် သက်ကြီးပိုင်းများတွင် မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှု၊ တွေးတောဆင်ခြင်နိုင်စွမ်း ထိခိုက်ကျဆင်းမှုနှင့် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုပြဿနာ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ နေ့လယ်ပိုင်း တစ်ရေးတစ်မောပုံမှန်အိပ်စက်ခြင်းဖြင့် သက်ကြီးပိုင်းများ၌ ဦးနှောက်အရွယ်အစား ကျုံ့ဝင်လာမှုနှုန်းကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူပေါင်း ၃၅၀၀၀ ကျော်တို့၏ ဦးနှောက်အရွယ်အစားများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှထွက်ပေါ်လာသည့်ရလဒ်များအရ နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်တတ်သူသက်ကြီးပိုင်းများသည် ၎င်းအလေ့အထမရှိသူများနှင့် နှိုင်းယှဉ်ပါက ဦးနှောက် ထုထည်ပို၍ကြီးမားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## ဇီဝအကျိုးပြုဗက်တီးရီးယားဆေးတစ်မျိုးက မျက်သားခြောက်ရောဂါကုသရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဇွန် ၂၂**

ဇီဝအကျိုးပြု ဗက်တီးရီးယားပိုးတစ်မျိုးဖြင့် ဖန်တီးထားသည့် သောက်ဆေးတစ်မျိုးသည် မျက်သားခြောက်ရောဂါ (Dry Eye) ကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

မျက်သားခြောက်ရောဂါသည် မျက်လုံးအနေဖြင့် လိုအပ်သည့် အစိုဓာတ်အတွက် မျက်ရည်ထုတ်ပေးနိုင်စွမ်း ထိခိုက်ကျဆင်းချိန်တွင် ဖြစ်ပွားတတ်သော မျက်လုံးရောဂါတစ်မျိုးဖြစ်သည်။

သို့ရာတွင် Limosilactobacillus Reuteri DSM 17438 အမည်ရှိ ဗက်တီးရီးယားတစ်မျိုးဖြင့် ဖန်တီးထားသော သောက်ဆေးတစ်မျိုးသည် မျက်သားခြောက်ရောဂါကို ကုသရာ၌ အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ အေလားဆေးကောလိပ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူသားအစာခြေစနစ်အတွင်းရှိ အထက်ပါဗက်တီးရီးယားများဖြင့် ဖန်တီးထားသော သောက်ဆေးတစ်မျိုးကို မျက်သားခြောက်ရောဂါရှိသည့် ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အဆိုပါဆေးဖြင့် ကုသမှုခံယူပြီးနောက် ကြွက်များ၏ မျက်သားခြောက်ရောဂါအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

လူသားတို့၏ အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ ဇီဝအကျိုးပြု ဗက်တီးရီးယားများသည် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်း အများအပြားရှိ ကျန်းမာရေးနှင့်ဆက်စပ်နေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



နိုင်ငံတကာ
အားကစားသတင်းများ

# ယူရိုပါကွန်ဖရင့်လိဂ် ဗိုလ်လုပွဲစဉ်မှဖြစ်ရပ်အတွက် ဝက်စ်ဟမ်းအသင်းကို ယူအီးအက်ဖ်အေ ပြစ်ဒဏ်ချမှတ်



**ပရက် ဇွန် ၂၂**

ပြီးခဲ့သည့် ဇွန် ၈ ရက်က ချက်သမ္မတနိုင်ငံ ပရက်မြို့တွင် ကျင်းပခဲ့သည့် ယူရိုပါကွန်ဖရင့်လိဂ် ဗိုလ်လုပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက ဖီအိုရင်တီးနားအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့သော်လည်း ပွဲကစားချိန်အတွင်း ဖီအိုရင်တီးနားအသင်း ကစားသမား ဘီရာဂျီကို ဝက်စ်ဟမ်းအသင်း ပရိသတ်များက အရာဝတ္ထုဖြင့် ပစ်ပေါက်ခဲ့သည့် ဖြစ်စဉ်ကြောင့် ဝက်စ်ဟမ်းအသင်းကို ယူအီးအက်ဖ်အေက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းပရိသတ်၏ အရာဝတ္ထုဖြင့် ပစ်ပေါက်မှုကြောင့် ဖီအိုရင်တီးနား ခံစစ်ကစားသမား ဘီရာဂျီခေါင်း ပေါက်ခဲ့သည့်အတွက် ယူအီးအက်ဖ်အေက စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းကို ဒဏ်ငွေ ယူရို ၅၀၀၀၀ နှင့် အဝေးကွင်းနှစ်ပွဲကို ပရိသတ်ကြည့်ရှုခွင့် ပိတ်ပင်ခဲ့သည့်အပြင် စောင့်ကြည့်ကာလ နှစ်နှစ်သတ်မှတ်ခဲ့သည်။

ထို့ကြောင့် ယူရိုပါလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိထားသည့် ဝက်စ်ဟမ်းအသင်းသည် လာမည့်ရာသီတွင် အဝေးကွင်းပွဲစဉ်နှစ်ပွဲကို ပရိသတ်ကြည့်ရှုခွင့်ရမည်မဟုတ်သည့်အပြင် ပွဲကစားချိန်အတွင်း ကွင်းအတွင်း ကျူးကျော်ဝင်ရောက်သည့်ဖြစ်စဉ်ကြောင့်လည်း ဝက်စ်ဟမ်းအသင်းအနေဖြင့် ဒဏ်ငွေ ယူရို ၈၀၀၀ ထပ်မံပေးဆောင်ခဲ့ရသည်။

ဝက်စ်ဟမ်း အသင်းသည် နည်းပြမိုယက်စ်လက်ထက် ဥရောပပြိုင်ပွဲများတွင် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့ပြီး ယခုနှစ်ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရရှိခဲ့သည့်အတွက် အောင်မြင်မှုရယူနိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁၃)နေရာဖြင့်သာ ပြီးဆုံးခဲ့သော်လည်း ယူရိုပါလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကာ လာမည့်ဘောလုံးရာသီတွင် လီဗာပူး၊ ဘရိုက်တန်အသင်းတို့နှင့်အတူ ယူရိုပါလိဂ်ပြိုင်ပွဲ ကစားရမည်ဖြစ်ကြောင်း သိရသည်။

ML

# ဖီနာဘာချီအသင်းက ဒီဇစ်ကို ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူ

**အင်ကာရာ ဇွန် ၂၂**

ဖီနာဘာချီ အသင်းသည် အင်တာမီလန်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ပြင်ဆင်နေသည့် တိုက်စစ်မှူး ဒီဇစ်ကို ကို ခေါ်ယူနိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ ဒီဇစ်ကိုသည် အင်တာမီလန်အသင်း တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၁၀၀ ပွဲတွင် သွင်းဂိုး ၃၁ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းအနေဖြင့် သက်တမ်းတိုးရန် ကမ်းလှမ်းမှုမပြုလုပ်ခဲ့သောကြောင့် တူရကီကလပ် ဖီနာဘာချီအသင်းသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

ဖီနာဘာချီ အသင်းသည် တိုက်စစ်မှူး ဒီဇစ်ကို ကိုခေါ်ယူရန် ချန်ပီယံလိဂ်ဗိုလ်လုပွဲ မကစားခင်ကတည်းက ဆွေးနွေးမှုပြုလုပ်နေသော်လည်း ကစားသမားအနေဖြင့် အင်တာမီလန်အသင်း၏ စာချုပ်သစ်ကို စောင့်မျှော်နေသောကြောင့် ကြန့်ကြာခဲ့ရပြီး လက်ရှိတွင် ဒီဇစ်ကိုသည် ဖီနာဘာချီအသင်းနှင့် ဆေးစစ်မှုခံယူရန် တူရကီသို့ ရောက်ရှိနေပြီး ဆေးစစ်မှုအောင်မြင်ပါက အပြီးသတ်စာချုပ်ချုပ်ဆို၍ တရားဝင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ဒီဇစ်ကိုသည် ၂၀၂၁ ခုနှစ်က ရိုးမားအသင်းမှ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကြေးအနည်းငယ်ဖြင့် ရောက်ရှိခဲ့သော်လည်း အသင်းတိုက်စစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် အသင်းအား ကိုပါအီတာလီယာဖလားရရှိအောင် ကူညီပေးနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၃ ဂိုးသွင်းယူကာ ကိုပါအီတာလီယာဖလားဆွတ်ခူးပေးခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲသို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သောကြောင့် ဖီနာဘာချီအသင်းက ဒီဇစ်ကို ကို ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML




# မန်စီးတီးအသင်းက ကိုဗာဆစ်ကို စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

**မန်ချက်စတာ ဇွန် ၂၂**

မန်စီးတီးအသင်းသည် ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်ကို ဘာစီလိုနာအသင်းသို့ရောင်းချရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ၎င်း၏နေရာတွင် အစားထိုးရန်အတွက် ချဲလ်ဆီးအသင်းကွင်းလယ်ကစားသမား ကိုဗာဆစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား ကိုဗာဆစ်ကို ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ရောင်းချရန် ဆန္ဒရှိနေသော်လည်း လာမည့် ဇွန် ၃၀ ရက်မတိုင်မီ ယူအီးအက်ဖ်အေ၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီမှုရှိစေရန်အတွက် ပြောင်းရွှေ့ကြေးလျှော့ချကာ ယူရို သန်း ၃၀ ဖြင့် ရောင်းချရန်လက်ခံခဲ့သောကြောင့် မန်စီးတီးအသင်းနှင့်သဘောတူညီမှုရရှိခဲ့သည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူညီချက်တွင် မန်စီးတီးအသင်းက ကစားသမား၏ ပြောင်းရွှေ့ကြေးအတွက် စတာလင်ပေါင် ၂၅ သန်းနှင့်အပိုဆုကြေးအဖြစ် စတာလင်ပေါင် ငါးသန်းပေးချေရမည်ဖြစ်ပြီး လာမည့် ဇူလိုင်လကုန်တွင် ခြေစမ်းပွဲစဉ်အဖြစ် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ မသွားရောက်မီ ဆေးစစ်မှုပြုလုပ်မည်ဖြစ်သည်။

ကွင်းလယ်ပိုင်းထပ်မံဖြည့်တင်းရန်ကြိုးပမ်းနေသည့် မန်စီးတီးအသင်းသည် အစောပိုင်းက ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကိုခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ကစားသမားအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သောကြောင့် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ကိုဗာဆစ်ကိုသာ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အာဆင်နယ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် ဒီကလန်ရိုက်ကိုခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမား သောမတ်ပါတေးကို ဆော်ဒီကလပ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ဘုန်းမောက်အသင်းက ရိုးမားအသင်း တိုက်စစ်မှူး ကလိုက်ဗက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၉ ဒသမ ၅ သန်းဖြင့်ခေါ်ယူ၍ ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။
- ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်အပြီးတွင် ကွင်းလယ်ဒိုင် အန်တိုနီတေလာကို ရှုန့်ချရင်းကြမ်းတမ်းသော စကားလုံးများပြောကြားခဲ့သည့် နည်းပြမော်ရင်ဟိုကို ယူအီးအက်ဖ်အေက ဥရောပပြိုင်ပွဲ လေးပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဖီနာဘာချီအသင်းမှ လူငယ်ခံစစ်ကစားသမား အာဒါဂူလာကို ယူရို ၁၈ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# အာရှဘောလုံးအဖွဲ့ချုပ်က အာရှချန်ပီယံလိဂ်နှင့်အေအက်ဖ်စီဖလားပြိုင်ပွဲအတွက် လိုင်စင်ရအသင်းများထုတ်ပြန်ခဲ့ရာ အာဆီယံတွင် မြန်မာနိုင်ငံကအများဆုံးဖြင့်ရပ်တည်

**ရန်ကုန် ဇွန် ၂၂**

အာရှဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)က လာမည့်၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့်အေအက်ဖ်စီဖလားပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ရန် လိုင်စင်ရကလပ်အသင်းများကို ထုတ်ပြန်ခဲ့ရာတွင် မြန်မာနိုင်ငံက ၁၂ သင်းထိ လိုင်စင်ရရှိထားပြီး အာဆီယံဒေသတွင်း၌ ပြိုင်ပွဲလိုင်စင်ရကလပ်အသင်းအများဆုံးနိုင်ငံအဖြစ် ထိပ်ဆုံးတွင်ရပ်တည်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)က လာမည့်၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့်အေအက်ဖ်စီဖလားပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ရန် လိုင်စင်ရကလပ်အသင်းများစာရင်းထုတ်ပြန်ခဲ့ရာတွင် အာဆီယံဒေသတွင်းမှ မြန်မာနိုင်ငံပြီးလျှင် ထိုင်းနိုင်ငံမှ ကိုးသင်း၊ ဗီယက်နမ်နိုင်ငံမှ ရှစ်သင်း၊ မလေးရှားနိုင်ငံမှ ခုနစ်သင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ခုနစ်သင်း၊ စင်ကာပူနိုင်ငံက သုံးသင်း၊ ဖိလစ်ပိုင်နိုင်ငံက နှစ်သင်းတို့ ဝင်ခွင့်လိုင်စင်ရရှိထားသည်။



အာရှချန်ပီယံလိဂ်လိုင်စင်မရရှိသေးဘဲ အေအက်ဖ်စီဖလားပြိုင်ပွဲလိုင်စင်ရအသင်းများအဖြစ် ကမ္ဘောဒီးယားနိုင်ငံက ရှစ်သင်း၊ ဘရူနိုင်းနိုင်ငံက နှစ်သင်း၊ လာအိုနိုင်ငံက တစ်သင်းတို့ကရရှိထားပြီး တီမောလက်စ်တေနိုင်ငံမှ ကလပ်အသင်းများအနေဖြင့် အာရှချန်ပီယံလိဂ်နှင့် အေအက်ဖ်စီဖလားပြိုင်ပွဲ ဝင်ခွင့်လိုင်စင်မရရှိသေးခြင်းဖြစ်ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၉)တွင် ဟံသာဝတီယူနိုက်တက်အသင်းက ရှေ့ာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ



ရန်ကုန် ဇွန် ၂၂

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃ နာရီ မိနစ် ၃၀ က ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရှေ့ာဝတီ ယူနိုက်တက်အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင် ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ နှစ်သင်း စလုံးဂိုးသွင်းခွင့်အချို့ ရရှိခဲ့သော် လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများ ကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် နှစ်သင်းစလုံး သွင်းဂိုးများရရှိရေးအတွက် ပထမ ပိုင်းကထက် ပိုမိုတိုက်စစ်မြှင့် ကစားခဲ့မှုကြောင့် အကြိတ်အနယ် ရှိခဲ့ပြီး ပွဲချိန် ၆၆ မိနစ်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ရရှိသည့် ပင်နယ်တီကို တိုက်စစ် ကစားသမား ဇင်မင်းထွန်းက အမှားအယွင်းမရှိ ကန်သွင်းပြီး ဟံသာဝတီယူနိုက်တက် အသင်း အတွက် ဦးဆောင်ဂိုးသွင်းယူနိုင် ခဲ့သည်။

လက်ကျန် ပွဲချိန်များတွင် ရှေ့ာဝတီ ယူနိုက်တက်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးရန် ကြိုးစားခဲ့ သော်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့သောကြောင့် ပွဲပြီးဆုံးချိန်၌ ဟံသာဝတီယူနိုက်တက်အသင်းက ရှေ့ာဝတီယူနိုက်တက် အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ ကြောင်း သိရသည်။ STA

# နည်းပြဖြစ်သူ ဆိုင်မွန်နှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း မက်အင်တိုင်ရီ ထုတ်ဖော်ပြောကြား

အီးဒင်ဘာ့ဂ် ဇွန် ၂၂

စကော့တလန် အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား မက် အင်တိုင်ရီသည် ရလဒ်များကျဆင်း လာခဲ့ပြီးနောက် နည်းပြအပြောင်း အလဲပြုလုပ်လိုသည့်အတွက် နည်းပြ ဖြစ်သူဆိုင်မွန်နှင့် လမ်းခွဲလိုက်ပြီ ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Express သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ကက်ဒီဖြစ်သူမိုက်တွမ် ဆင်ဖြင့်လည်းလက်တွဲဖြုတ်လိုက်ပြီ ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သလို နည်းပြသစ်အဖြစ် ဒါဗီဘန်းကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်းထုတ်ပြန် ခဲ့သည်။

ကက်ဒီဖြစ်သူ မိုက်တွမ်ဆင် နေရာတွင်လည်း ယခင်လက်တွဲခဲ့ ဖူးသော ဂရေ့မီလ်နီနှင့် ပြန်လည် လက်တွဲအလုပ်လုပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၆ နှစ်ရှိ မက်အင် တိုင်ရီသည် ကစားသမားဘဝ စတင်ခဲ့ကတည်းက တစ်နှစ်တာ အကောင်းဆုံး မျက်နှာသစ်ကစား သမားဆုကို ဆွတ်ခူးခဲ့ဖူးသူဖြစ်ပြီး ၂၀၂၁ ခုနှစ် မတ်လတွင် ကမ္ဘာ့ အဆင့် (၄၂)ထိ တက်ရောက်ခွင့် ရခဲ့သူဖြစ်သည်။

သို့သော်လည်း နောက်ပိုင်းတွင် ပုံစံကောင်းပျောက်ဆုံးကာ အောင် မြင်မှုများ ဆွတ်ခူးနိုင်ရန်လည်း ရုန်းကန်ခဲ့ရပြီး လက်ရှိကမ္ဘာ့အဆင့် ၁၀၀ အပြင်ဘက်သို့ ရောက်ရှိ နေသည်။

မက်အင်တိုင်ရီက "နည်းပြသစ် အဖြစ် ဒါဗီဘန်းကိုခန့်အပ်လိုက်ပြီ ဖြစ်သလိုကက်ဒီအဖြစ်လဲ ဂရေ့နဲ့ လက်တွဲအလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက် ပါတယ်။ အောင်မြင်မှုတွေ ဆွတ်ခူး နိုင်ဖို့အတွက် အကောင်းဆုံးကြိုးစား ပြင်ဆင်ပါမယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။ AZL

# Halle Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ မျက်ဗျက် တက်ရောက်



ဟောလ်လီ ဇွန် ၂၂

ဂျာမနီနိုင်ငံ ဟောလ်လီမြို့တွင် ကျင်းပလျက်ရှိသည့် Halle Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစား သမားမျက်ဗျက်နှင့် ဆားဘီးယား တင်းနစ်ကစားသမား လာစလိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဗျက်က (၆-၃ ၊ ၆-၇ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဗျက်အနေဖြင့် အနိုင် ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့သော် လည်း လာစလိုကိုခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပွဲငယ် တွင် အနိုင်ရခဲ့သော်လည်း ဒုတိယ ပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီး ရှုံးနိမ့်ခဲ့ရကာ တတိယ ပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင် ခဲ့သည်။

မျက်ဗျက်က "ကွင်းအမျိုး အစားတိုင်းမှာ ကစားခဲ့ဖူးတဲ့ ကျွန်တော့်အတွက် မြက်ခင်းကွင်း မှာကစားရတာကအရမ်းကို အခက် တွေ့စေပါတယ်။ လာစလိုနဲ့ပွဲစဉ် မှာတော့ ကျွန်တော့်အနေနဲ့ လက်စွမ်းပိုင်း မတည်ငြိမ်ခဲ့ပေမဲ့လဲ အကောင်းဆုံးကစားနိုင်ခဲ့တယ်လို့ မြင်ပါတယ်။ မြက်ခင်းကွင်းမှာ ဒီလိုရလဒ်မျိုး ထွက်ပေါ်အောင် ကစားနိုင်တာဟာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်တွေ တိုးတက်လာ တယ်လို့လဲ ခံစားမိပါတယ်"ဟု ပြောကြားခဲ့သည်။

မျက်ဗျက်သည် ကွာတား ဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ် ကစားသမား ဘောက်တစ္စတာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ AZL

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၂

ဇွန် ၂၃ ရက်တွင် ကျရောက် သော အပြည်ပြည်ဆိုင်ရာအိုလံပစ် နေ့အထိမ်းအမှတ်ဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့်ဆုပေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီ၌ တာမွေမြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားရုံ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘတ်စကက် ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ ဧဟိုအလုပ်အမှုဆောင်များ တက် ရောက်ခဲ့ကြသည်။

ဦးစွာ အသက် ၁၆ နှစ်နှင့် အောက် အမျိုးသားပြိုင်ပွဲ၊ အသက် ၁၈ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၂၀ နှစ် နှင့်အောက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင် ကစားခဲ့ကြသည်။

ဗိုလ်လုပွဲစဉ်များအပြီး ဆုပေးပွဲ အခမ်းအနားကိုကျင်းပခဲ့ရာ အသက် ၁၆ နှစ်အောက် အမျိုးသမီးပြိုင်ပွဲ တွင် ပထမရရှိသော Blank အသင်း၊ ဒုတိယရရှိသော Hoops အသင်း၊ တတိယရရှိသော Giants (A)အသင်း၊ အသက် ၁၆ နှစ် အောက် အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော ISM အသင်း၊ ဒုတိယရရှိသော Blank အသင်း၊ တတိယရရှိသော TGO အသင်း၊ အသက် ၁၈ နှစ်အောက် အမျိုးသား ပြိုင်ပွဲတွင် ပထမရရှိသော TIG အသင်း၊ ဒုတိယရရှိသော Bean Bag အသင်း၊ တတိယရရှိသော FBL အသင်း၊ အသက် ၂၀ နှစ် နှင့်အောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော Blank အသင်း၊ ဒုတိယရရှိသော Hillbillies အသင်း၊ တတိယရရှိသော Rising Boo အသင်း၊ အသက် ၂၀ နှစ်နှင့်အောက် အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော Parabola အသင်း၊ ဒုတိယရရှိသော Dukes အသင်း၊ တတိယရရှိသော GIWU အသင်းတို့ကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမြင့်သိန်း၊ ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူ များက တစ်ဦးချင်းဆုတံဆိပ်များနှင့် ပထမရရှိသော အသင်းများကို တံခွန်စိုက်ဆုများ ချီးမြှင့်ခဲ့ကြ ကြောင်း သိရသည်။ STA



# FIFA-MFF U-15 Youth League 2023 ကို ဇွန် ၂၄ ရက်တွင် စတင်မည်

ရန်ကုန် ဇွန် ၂၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး လူငယ်မျိုးဆက်သစ် ကစား သမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ယူ-၁၅ အသင်းများဝင်ရောက်ယှဉ်ပြိုင်မည့် FIFA-MFF U-15 Youth League 2023 (မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲ)ကို လာမည့် ဇွန် ၂၄ ရက်မှစတင်ကာ ကျင်းပမည် ဖြစ်သည်။

FIFA-MFF U-15 Youth League 2023 (မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲ)ကို အထက်မြန်မာပြည် ဇုန်နှင့် အောက်မြန်မာပြည်ဇုန်ဟူ၍ ပြိုင်ပွဲနှစ်ခု ကျင်းပမည်ဖြစ်ကာ အထက်မြန်မာပြည်ဇုန် ပြိုင်ပွဲကို မန္တလေးမြို့နှင့် အောက်မြန်မာ ပြည်ဇုန်ပြိုင်ပွဲကို ရန်ကုန်မြို့တို့ တွင် ကျင်းပမည်ဖြစ်သည်။

FIFA-MFF U-15 Youth League 2023 (မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲ)ကို ခြေစစ်ပွဲအဆင့်မှ စတင်ကျင်းပခဲ့ပြီး ပြီးခဲ့သည့် ဧပြီလ နှင့် မေလတို့တွင် အောက်မြန်မာ ပြည်ဇုန်နှင့်အထက်မြန်မာပြည်ဇုန် တို့၌ ခြေစစ်ပွဲစဉ်များကစားခဲ့ပြီး နောက် ယခုအခါနောက်ဆုံးအဆင့် ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အထက်မြန်မာပြည်ဇုန်ပြိုင်ပွဲ တွင် ချင်းတွင်းအသင်း၊ ကချင် စတားအသင်း၊ မန္တလာအသင်း၊ ဖန်ခါးမြေအသင်း၊ စစ်ကိုင်း ယူနိုက်တက်အသင်း၊ ရှမ်းအက်ဖ်စီ (မြောက်ပိုင်း)အသင်း၊ ရှမ်းအက်ဖ်စီ (တောင်ပိုင်း)အသင်း၊ ရှမ်းအက်ဖ်စီ (အရှေ့ပိုင်း)အသင်း၊ Soccer Care အသင်း စသည့်အသင်း ကိုးသင်းဖြင့် မန္တလေးမြို့ရှိအမျိုးသား ဘောလုံးအကယ်ဒမီ(မန္တလေး)တွင် ကျင်းပမည်ဖြစ်သည်။

အလားတူ အောက်မြန်မာပြည် ဇုန်ပြိုင်ပွဲတွင် အာသာဝတီအသင်း၊ ပဲခူးအက်ဖ်စီအသင်း၊ ဖားစည်မြေ အသင်း၊ ရခိုင်ယူနိုက်တက်အသင်း၊ Red Hwaks အသင်း၊ Royal Yangon အသင်း၊ Sporting Hantha အသင်း၊ ရွှေပြည်သာ လူငယ်အသင်း၊ ရန်ကုန်အသင်း၊ ရန်ကုန်တောင်ဇလပ် အသင်း၊ ရာမညအက်ဖ်စီအသင်း၊ Young Boys အက်ဖ်စီအသင်း စသည့် အသင်း ၁၂ သင်းဖြင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း(၁)နှင့် (၂)တို့ တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

# စစ်ပွဲလား ငြိမ်းချမ်းရေးလား

မောင်သောင်းဝင်း(တမန်ဟောင်း)



မည်သူတစ်ဦးတစ်ယောက်မှ ကိုယ်ပိုင်ယုံကြည်ချက်အတွက် တိုက်ခိုက်မှုမရှိလျှင် ကမ္ဘာကြီးတွင် စစ်ပွဲများလည်း ရှိမည်မဟုတ်ချေ။ ကမ္ဘာကြီးသည် ရုရှားနှင့်ယူကရိန်းကြား ပဋိပက္ခဖြစ်ပွားပြီး ကာလအတန်ကြာသည်ထိ ငြိမ်းချမ်းရေးတည်ဆောက်မှုကို မျှော်လင့်တောင့်တခဲ့သည်။

၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် ဂျာမန်အဓိပတိ အိုလက်ရှောလက်၊ ပြင်သစ်သမ္မတ အင်မြူရယ်မက်ခရွန်နှင့် အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီတို့သည် ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ရန်အတွက် မြို့တော်ကီယက်ဗ်သို့သွားသည့် ရထားတစ်စီး၌ အတူတကွစီးနင်းလိုက်ပါလာခဲ့ကြသည်။ ၎င်းတို့ ယူကရိန်းသို့ မထွက်ခွာမီ မက်ခရွန်က ယူကရိန်းနိုင်ငံကို ရုရှားနိုင်ငံနှင့် ဆွေးနွေးသွားရန် လူသိရှင်ကြားတောင်းဆိုခဲ့ပြီး ရုရှားနိုင်ငံနှင့်ကာလရှည်ကြာ ရန်လိုမုန်းတီးနေခြင်းသည် ဥရောပလုံခြုံရေးအတွက် အလားအလာကောင်းသော အဖြေတစ်ရပ်မဟုတ်ကြောင်း အသိပေးပြောကြားသွားခဲ့သည်။

ဝမ်းနည်းဖွယ်ရာကောင်းသည့် အချက်မှာ ယူကရိန်း၏ကံကြမ္မာသည် ၎င်း၏လက်ဝယ်တွင် ရှိမနေသကဲ့သို့ ဥရောပဒေသတစ်ခုလုံးအနေဖြင့်လည်း အလားတူဖြေရှင်းသွားနိုင်မည် မဟုတ်ချေ။ စစ်ပွဲကိုပဲ ဆက်လက်ဆင်နွှဲသွားမလား သို့တည်းမဟုတ် ငြိမ်းချမ်းရေးတည်ဆောက်သွားမလားဆိုသော အချက်သည် ရုရှားနှင့်အမေရိကန်တို့၏ ဆုံးဖြတ်ချက် အပေါ်တွင်သာ လုံးလုံးလျားလျားတည်မှီလျက်ရှိသည်။

အနောက်အုပ်စုသည် ရုရှားနိုင်ငံကို ဝိုင်းဝန်းပြစ်တင်ရှုတ်ချနေသည့်အချိန်တွင် ယူကရိန်းပဋိပက္ခသည် အမေရိကန်၏ခေါင်းပေါ်တွင် ရောက်ရှိလာတော့သည်။ ဆိုဗီယက်ပြည်ထောင်စုသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ပြိုကွဲခဲ့သော်လည်း အမေရိကန်သည် လက်ရှိအချိန်ထိ ရုရှားနိုင်ငံကို ဆိုဗီယက်ပြည်ထောင်စု၏ အဓိကဆက်ခံသည့်နိုင်ငံအဖြစ် သဘောထားလျက်ရှိသည့်အပြင် ၎င်း၏ပထဝီနိုင်ငံရေးဆိုင်ရာ ပြိုင်ဘက်နိုင်ငံများအနက်မှ အဓိကနိုင်ငံအဖြစ်လည်း ပစ်မှတ်ထားလျက်ရှိသည်။

ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက်အခြေအနေကို တစိုက်မတ်မတ် ဖိနှိပ်ဆောင်ရွက်ခြင်းအားဖြင့် အမေရိကန်သည် စစ်ရေးအရ အရေးယူဆောင်ရွက်ရန် ထောင်ချောက်ဆင်ဆောင်ရွက်ခဲ့ပြီး ရုရှားနိုင်ငံကို စစ်နွံနစ်ရန် မျှော်လင့်စောင့်ဆိုင်းလျက်ရှိသည်။ ၂၀၂၂ ခုနှစ် မေ ၂၆ ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်းက ၎င်းတို့အနေဖြင့် ရုရှားနိုင်ငံကို အတိုင်းအတာတစ်ခုထိ အင်အားချည့်နဲ့လာစေလိုကြောင်း၊ ရုရှားတပ်မတော်ကို လက်ရှိဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခတွင် ဆက်လက်ဆင်နွှဲနိုင်စွမ်းမရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း အတိအလင်းပြောကြားသွားခဲ့ပြီးဖြစ်သည်။

မည်သို့ပင်ဆိုစေ အမေရိကန်သည် ရုရှားစီးပွားရေးနှင့် ရုရှားစစ်ဘက်၏ စွမ်းဆောင်ရည်များကို လျှော့တွက်ထားပြီး ၎င်း၏စွမ်းဆောင်ရည်များကို ပိုမိုတွက်ချက်ခဲ့သည်။ အနောက်အုပ်စုက ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ အလွန်အကျွံလုပ်ဆောင်ခြင်းနှင့် နိုင်ငံတကာ စွမ်းအင်ဈေးနှုန်းခေါင်ခိုက်လာခြင်းတို့သည် မူလကတည်းက ဖောင်းပွလျက်ရှိသော ငွေကြေးတန်ဖိုးများ ပိုမိုကျဆင်းလာခဲ့ပြီး အမေရိကန်၏ စီးပွားရေးသည်ပိုမိုကျဆင်းလာဖွယ်ရာရှိနေသည်။

အခြားတစ်ဖက်တွင်မူ ရုရှားနိုင်ငံအနေဖြင့် စစ်ပွဲနှင့်ငွေကြေးဈေးကွက်နှစ်ခုစလုံး၌ ၎င်းအပေါ် အပြစ်ရှာဖွေနေသူများကို စိတ်ပျက်လျက်ရှိသည်။ စီးပွားရေးပိတ်ဆို့မှုများနှင့် အနောက်တိုင်းစီးပွားရေးလုပ်ငန်းများ ရုရှားနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်းသည် ရုရှားစီးပွားရေးကို ဖျက်ဆီးနိုင်စွမ်းမရှိကြောင်း နယူးယောက်တိုင်းသတင်းစာက ဝေဖန်ရေးသားခဲ့သည်။ နိုင်ငံတကာ စွမ်းအင်အေဂျင်စီ၏အဆိုအရ ရုရှားနိုင်ငံ၏ ရေနံတင်ပို့မှုမှရရှိသော အခွန်ငွေသည် မေလအတွင်း ၁၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ရေနံစိမ်းတင်ပို့မှုသည် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းနှင့်ယှဉ်လျှင် စည် ၅၀၀၀၀၀ ခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။

သမ္မတပူတင်အနေဖြင့် ၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်တွင် စိန့်ပီတာစပတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၌မိန့်ခွန်းပြောကြားစဉ် ရုရှားနိုင်ငံ၏ ဘတ်ဂျက်သည် ပိုလျှံငွေ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံကျော်ရှိခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ် ပထမ ငါးလတာကာလအတွင်း၌ပင် အခွန်အကောက်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၄ ဘီလီယံကျော်ရရှိခဲ့ကြောင်း ကြေညာသွားခဲ့သည်။ မေလတစ်လတည်း၌ပင်လျှင် ပြည်ထောင်စုဘတ်ဂျက်သည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၇ ဘီလီယံခန့် ပိုငွေပြခဲ့သည်။ တစ်ချိန်တည်းမှာပင် ရုရှား၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ကျဆင်းလျက်ရှိပြီး ရူဘယ်ငွေလဲလှယ်မှုနှုန်းသည် ပုံမှန်မြင့်တက်လျက်ရှိသည်။

ဆိုရလျှင် အမေရိကန်အနေဖြင့် ရုရှားနိုင်ငံကို တရားဝင်စစ်ကြေညာခြင်းမရှိသော်လည်း ယူကရိန်းသည် ကိုယ်စားစစ်ပွဲတစ်ခုအတွက် ဆုံးရှုံးမှုကြီးမားသောတိုက်ပွဲများကို ဆင်နွှဲရလျက်ရှိသည်။ အမေရိကန်သည် စစ်ပွဲဖြစ်ပွားသည့် ၂၀၂၂ ခုနှစ်အတွင်း ယူကရိန်းနိုင်ငံကို တစိုက်မတ်မတ် ကူညီခဲ့သည်။ လက်ရှိအချိန်တွင် ယူကရိန်းပဋိပက္ခဖြစ်ပွားမှုကာလ တစ်နှစ်ကျော်လာပြီဖြစ်သည်။ ထို့ကြောင့် သမိုင်းကြောင်းအရသော်လည်းကောင်း၊ ကမ္ဘာတစ်ဝန်း အမေရိကန်တို့ ပေးအပ်လျက်ရှိသော အကူအညီများနှင့် နှိုင်းယှဉ်၍သော်လည်းကောင်း ယူကရိန်းနိုင်ငံကို ပေးအပ်နေသော အကူအညီများသည် အနှစ်သာရ ပြည့်ဝရန် လိုအပ်သည်။ အမေရိကန်အနေဖြင့် ယူကရိန်းနိုင်ငံကို ကာလရှည်ကြာ ပံ့ပိုးကူညီသွားမလား သို့တည်းမဟုတ် လက်ရှိပံ့ပိုးကူညီမှုများသည် အမေရိကန်ပြည်တွင်း နိုင်ငံရေးအခြေအနေကြောင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာမလားဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

အမေရိကန်သည် ယူကရိန်းကို အကူအညီများ ပေးအပ်လျက်ရှိသဖြင့် အကုန်အကျ အလွန်များပြားနေပြီဖြစ်သည်။ ခေတ်သစ်သမိုင်းတွင် အမေရိကန်တို့ပေးအပ်ခဲ့သော အကူအညီများနှင့် နှိုင်းယှဉ်လျှင် ယူကရိန်းကို ပေးအပ်သော အကူအညီများသည် လွန်စွာ များပြားလျက်ရှိသည်။ အမေရိကန်သည် ၂၀၂၂ ခုနှစ်တွင် ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ပံ့ပိုးကူညီခဲ့သည်။ ထိုအကူအညီများအနက် ထက်ဝက်ခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉ ဘီလီယံခန့်ကို စစ်ရေးဆိုင်ရာအတွက် အသုံးပြုခဲ့သည်။ ယူကရိန်းကိုပေးအပ်နေသော အမေရိကန်၏ အကူအညီများသည် ရေရှည်တွင် မသေချာမရေရာဖြစ်လာမည်မှာ အသေအချာပင်ဖြစ်သည်။

စင်စစ်အားဖြင့် စစ်ဘက်ဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းသည် အလုံးစုံပျက်သုဉ်းစေသည့်စစ်ပွဲကိုသာ အရှိန်မြင့်တက်လာစေမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ခေတ်မီလက်နက်များသည် စစ်ပွဲကို အဆုံးသတ်နိုင်မည် မဟုတ်ချေ။ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုနှင့် သံခင်းတမန်ခင်းဆိုင်ရာကြိုးပမ်းမှုများသည်သာလျှင် ယူကရိန်းနိုင်ငံ၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ဆိုရလျှင် အမေရိကန်သည် ငွေကြေးနှင့်စစ်လက်နက်ပစ္စည်းများပုံအော၍ ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီလျက်ရှိသော်လည်း ယူကရိန်းပြည်သူများအနေဖြင့်မူ ပျက်စီးဆုံးရှုံးမှုများဖြင့်သာ ရင်ဆိုင်ရလျက်ရှိသည်။

စင်စစ်အားဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခကို လက်နက်ဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ဘဲ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများဖြင့်သာလျှင် ဖြေရှင်းနိုင်မည်ဖြစ်သည်။ ယူကရိန်းအနေဖြင့် NATO အဖွဲ့တွင် ဝင်ရောက်ရန်ကြိုးပမ်းနေမှုကို စွန့်လွှတ်သွားသင့်ပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရုရှားအနေဖြင့်လည်း ယူကရိန်းမှ တပ်ဖွဲ့များပြန်လည်ရုပ်သိမ်းသွားသင့်သည်။ စစ်ပွဲသည် မည်သည့်ဘက်ကိုမျှ အကျိုးရှိစေမည်မဟုတ်ပေ။ ဆိုရလျှင် လက်နက်ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီကြီးများသာလျှင် အကျိုးရှိစေမည်ဖြစ်သည်။

သို့သော် ယူကရိန်းသည် ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာအတွက် အသက်တမျှအရေးပါလျက်ရှိသည်။ ယူကရိန်းနိုင်ငံနှင့်စပ်လျဉ်း၍ ဒုတိယကမ္ဘာစစ်ပွဲက ရုရှားနိုင်ငံကို သင်ခန်းစာပေးခဲ့ပြီးဖြစ်သည်။ ထိုစဉ်က နာဇီဂျာမနီတပ်ဖွဲ့များသည် ယူကရိန်းနိုင်ငံကို သိမ်းပိုက်ခဲ့သဖြင့် ရုရှားသည် နောက်ဆုံးတွင် ပင်လယ်နက်နှင့် ကော့ကေးဆပ်ဒေသသို့ ထွက်ပေါက်ပိတ်သွားခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် မျှော်လင့်မထားသည့် အကျိုးအမြတ်တချို့ ရရှိနေပြီဖြစ်သည်။ အမေရိကန်အနေဖြင့် ကျရှုံးမှုကိုဝန်ခံသွားလိုသည့် အရိပ်အယောင် မတွေ့ရသည့်အတွက် နှစ်ဖက်စလုံးအနေဖြင့် လတ်တလောအခြေအနေတွင် စေ့စပ်ဆွေးနွေးညှိနှိုင်းမည့် စားပွဲဝိုင်းသို့လာဦးမည်မဟုတ်ချေ။ သို့သော် စစ်ပွဲ ဆက်လက်ဆင်နွှဲသည်ဖြစ်စေ၊ ငြိမ်းချမ်းရေး တည်ဆောက်သည်ဖြစ်စေ ကမ္ဘာ့နိုင်ငံအားလုံးထက် ယူကရိန်းနှင့် ဥရောပသည်သာလျှင် အကြီးမားဆုံး ထိခိုက်ခံစားရသူများဖြစ်နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**❖ စင်စစ်အားဖြင့် စစ်ဘက်ဆိုင်ရာအကူအညီများ ပေးအပ်ခြင်းသည် အလုံးစုံပျက်သုဉ်းစေသည့်စစ်ပွဲကိုသာ အရှိန်မြင့်တက်လာစေမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ခေတ်မီလက်နက်များသည် စစ်ပွဲကို အဆုံးသတ်နိုင်မည် မဟုတ်ချေ။ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုနှင့် သံခင်းတမန်ခင်းဆိုင်ရာကြိုးပမ်းမှုများသည်သာလျှင် ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကိုထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ဆိုရလျှင် အမေရိကန်သည် ငွေကြေးနှင့် စစ်လက်နက်ပစ္စည်းများပုံအော၍ ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီလျက်ရှိသော်လည်း ယူကရိန်းပြည်သူများအနေဖြင့်မူ ပျက်စီးဆုံးရှုံးမှုများဖြင့်သာ ရင်ဆိုင်ရလျက်ရှိသည်။ ❖**

**ကိုးကား**

(1) War or Peace? By Beijing Review.

(2) History Rhymes: The Russia-Ukraine Conflict by Beijing Review.

(3) The Staggering Cost of US Support for Ukraine By Asia Times.

# Miss Universe Yangon 2023 Grand Final ပြိုင်ပွဲတွင် အလှမယ် Pandra၊ ယွန်းသီရိနိုင်၊ အယ်လင်းနှင့် ဖြူစင်သန့်တို့ကို ရွေးချယ်




**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး Wyndham Grand Hotel ၌ ဇွန် ၂၀ ရက်က ကျင်းပခဲ့သည့် Miss Universe Yangon 2023 Grand Final ပြိုင်ပွဲတွင် အလှမယ် Pandra၊ ယွန်းသီရိနိုင်၊ အယ်လင်းနှင့် ဖြူစင်သန့်တို့ကို ရွေးချယ်ခဲ့ကြောင်း Miss Universe Yangon 2023 Production Director Kevin က ပြောပြ၍ သိရသည်။

အဆိုပါပြိုင်ပွဲမှ Miss Universe Yangon (East)၊ Miss Universe Yangon (West)၊ Miss Universe Yangon (South) နှင့် Miss Universe Yangon (North) ကိုယ်စားပြု အလှမယ်လေးဦးကို တစ်ပြိုင်တည်း ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"Miss Universe Yangon 2023 Grand Final ပြိုင်ပွဲကနေ Miss Universe Yangon East 2023 ဆုကို အလှမယ် Pandra၊ Miss Universe Yangon West 2023 ဆုကို အလှမယ် ယွန်းသီရိနိုင်၊ Miss Universe Yangon South 2023 ဆုကို အလှမယ် အယ်လင်း၊ Miss Universe Yangon North 2023 ဆုကို အလှမယ် ဖြူစင်သန့်တို့က ရရှိခဲ့ကြပါတယ်။ ဒီပြိုင်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးအနေနဲ့ အလှမယ် ၂၂ ယောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအလှမယ် လေးယောက်ကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်"ဟု Miss Universe Yangon 2023 Production Director Kevin က ပြောပြသည်။

Miss Universe Yangon 2023 Grand Final ပြိုင်ပွဲမှ ရွေးချယ်ခံရသည့် အလှမယ်လေးဦးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ရွေးချယ်ထားသည့် ကိုယ်စားပြုအလှမယ်များနှင့်အတူ (၁၀) ကြိမ်မြောက် Miss Universe Myanmar 2023 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

ASH

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်း၌ Eleven Art အွန်လိုင်းပန်းချီပြပွဲပြသမည်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် Eleven Art အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲကို ဇူလိုင် ၁ ရက်မှ ဇူလိုင် ၇ ရက်ထိ ပြသသွားမည်ဖြစ်ပြီး လူငယ်ပန်းချီဆရာ၊ ဆရာမများဖြစ်သည့် ပန်းချီမောင်မောင်အောင်၊ ပန်းချီ ရွှေလှရောင်၊ ပန်းချီ သက်ဇော်၊ ပန်းချီကိုကိုဝင်း၊ ပန်းချီ ဇော်သက်မောင်၊ ပန်းချီ ကောင်းဇံ၊ ပန်းချီဆရာမ ဥမ္မာ၊ ပန်းချီဆရာမ သီတာကြည်အေး၊ ပန်းချီဆရာမ အင်ကြင်းဇော်ဝင်း၊ ပန်းချီဆရာမ မို့မို့ဖေကြည်၊ ပန်းချီဆရာ အေးသီတာပြုံးတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် လက်ရာစုံ၊ အရောင်အသွေးစုံပန်းချီကား ၅၅ ကားကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"လူငယ်ပန်းချီဆရာ၊ ဆရာမတွေရဲ့ ပန်းချီကားအသစ်တွေချည်းပဲ စုစည်းပြသမှာဖြစ်သလို ပန်းချီဆရာမ အင်ကြင်းဇော်ဝင်းက နောက်ဆုံးနေ့ ပန်းချီပြခန်းမှာ ပန်းချီကားတွေ လာရောက်ရေးဆွဲမှာဖြစ်ပြီး အဲဒီပန်းချီကားတွေကိုလဲ အွန်လိုင်းကနေ တိုက်ရိုက်ရောင်းချပေးမှာပါ။ ပန်းချီကားအများစုကတော့ လတ်တလောရေးဆွဲထားတဲ့ အွန်လိုင်းလဲမတင်၊ ပန်းချီပြခန်းတွေမှာလဲ မပြသဖူးသေးတဲ့ ပန်းချီကားတွေဖြစ်ပါတယ်"ဟု ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ၃၀၀၀၀၀ မှ ၈၀၀၀၀၀ ထိရှိကြောင်း သိရသည်။

ASH

# သရုပ်ဆောင် အဆိုတော် နန်းဆုရတီစိုး မိသားစုက သာသနာ့ဂုဏ်ရောင်ကျောင်းတိုက်တွင် မဟာဗောဓိရင်ပြင်တော်ပြုပြင်ခြင်းနှင့် ဝါဆိုသင်္ကန်းကပ်အလှူပြုလုပ်

**ရန်ကုန် ဇွန် ၂၂**

သရုပ်ဆောင် အဆိုတော် နန်းဆုရတီစိုး မိသားစုက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာရှိ သာသနာ့ဂုဏ်ရောင်ကျောင်းတိုက်တွင် မဟာဗောဓိရင်ပြင်တော် ပြုပြင်မွမ်းမံခြင်းနှင့် ဝါဆိုသင်္ကန်းကပ်အလှူကို ဇွန် ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူပွဲပြုလုပ်ရာ၌ နံနက်ပိုင်းတွင် သာသနာ့ဂုဏ်ရောင် ကျောင်းတိုက်ဝင်းအတွင်းရှိ မဟာဗောဓိရင်ပြင်တော်တွင် ကြိုဟ်ပြေနံ့ပြေ၊ ဘုရားရှစ်ဆူတို့ကို အသစ်တစ်ဖန် ပြုပြင်မွမ်းမံလှူဒါန်းခြင်းမင်္ဂလာ၊ သင်္ကန်းထပ် ရဟန်းခံအလှူမင်္ဂလာတို့ကို ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ကျောင်းတိုက်ရှိ သံဃာတော်များအား သိမ်ဆင်းလောင်းလှူခဲ့ကာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်ခဲ့သည့်အပြင် သရက်ပင်ချောင်ကျေးရွာနေ အိမ်ထောင်စုများကို မုန့်ဟင်းခါးအချိန် ၁၀၀ ဖြင့် အာဟာရဒါနလှူဒါန်းမှုပြုလုပ်ခဲ့ကြောင်း၊ စုစုပေါင်းလှူဒါန်းမှု ငွေကျပ် သိန်း ၃၀၀ ဖြစ်ကြောင်း သိရသည်။

"ဒီအလှူလေးက နန်းဆု မိသားစုအလှူလေးပါ။ သာသနာ့ဂုဏ်ရောင်ကျောင်းတိုက်မှာ နန်းဆုတို့အဘိုး၊ အဘွား ဆွေစဉ်မျိုးဆက်တွေကနေ အခုနန်းဆုတို့လက်ထက်ထိ အမြဲတမ်းလှူဒါန်းဖြစ်တဲ့ နေရာလေးပါ။ ဇွန် ၂၀ ရက်က ပြုလုပ်တဲ့ အလှူလေးကတော့ လှူဒါန်းတဲ့အကြောင်းအရာလေးတွေ စုံသွားတယ်။ နန်းဆု ဝါဆိုသင်္ကန်းကပ်တယ်။ ဘုန်းဘုန်းတစ်ပါးကို သင်္ကန်းထပ်တယ်၊ ဘုန်းဘုန်းတစ်ပါးကို ရဟန်းခံပေးတယ်"ဟု သရုပ်ဆောင် အဆိုတော် နန်းဆုရတီစိုးက ပြောပြ၍ သိရသည်။

ASH

# Minecraft ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၇ ရက်တွင် ရိုက်ကူးရန်စီစဉ်ထား

**နယူးယောက် ဇွန် ၂၂**

Minecraft ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဩဂုတ် ၇ ရက်တွင်စတင်ရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

Minecraft ဇာတ်ကားသည် ကမ္ဘာကျော် ဗီဒီယိုဂိမ်းတစ်ခုဖြစ်သော Minecraft ဗီဒီယိုဂိမ်းများကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို နယူးဇီလန်နိုင်ငံ၌ ရိုက်ကူးရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

Minecraft ဇာတ်ကားတွင် မင်းသား ဂျေဆင်မိုမိုအာနှင့် မက်ဘာရီတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Nepoleon Dynamite ဒါရိုက်တာ ဂျရက်ဟက်က Minecraft ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် လက်ရှိတွင် Minecraft ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဧပြီ ၄ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။ KKO



# Rise of the Beasts ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ ၂၇၄ သန်းကျော်ရရှိ

**နယူးယောက် ဇွန် ၂၂**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Transformers: Rise of the Beasts ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၇၄ သန်းကျော်ထိရရှိထားပြီးဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်ဆုံးချိန် ဇွန် ၁၉ ရက်တွင် Transformers: Rise of the Beasts သည် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၀ ဒသမ ၆ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၃ သန်း စုစုပေါင်း ၂၇၄ ဒသမ ၉ သန်းရရှိထားသည်။

Transformers: Rise of the Beasts ဇာတ်ကား၏ လက်ရှိနိုင်ငံတကာဝင်ငွေစုစုပေါင်းအနက် အမေရိကန်ဒေါ်လာ သန်း ၆၀ မှာ တရုတ်ဈေးကွက် တစ်ခုတည်းမှ ရရှိခဲ့ခြင်းဖြစ်ပြီး Transformers: Rise of the Beasts ဇာတ်ကားတွင် မင်းသား အန်တိုနီရာမို့နှင့် မင်းသမီး ဒေါမနစ်ဖစ်ဘက်တို့က လူသားဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ဇွန် ၉ ရက်တွင် စတင်ရုံတင် ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



# Press Release

At the invitation of the Deputy Prime Minister and Minister of Foreign Affairs of the Kingdom of Thailand, H.E. Mr Don Pramudwinai, H.E. U Than Swe, Union Minister for Foreign Affairs of the Republic of the Union of Myanmar, attended an informal discussion on Myanmar, held on 18-19 June 2023 in Pattaya, Thailand, along with the Foreign Ministers, Special Envoy, Ambassadors and representatives from ASEAN Member States: Brunei, Cambodia, Laos, Vietnam, the Philippines and neighbouring countries: China and India.

Union Minister expressed his appreciation to friends of Myanmar for organizing informal discussion on Myanmar while welcoming suggestions to overcome challenges faced by Myanmar. At the time when correct information on Myanmar were blocked and one-sided news were spread by bias media, progress were analysed making reference to the ASEAN five-point consensus, he briefed the meeting on the development in Myanmar, particularly the implementation of three main tasks of the ASEAN five-point consensus; namely ceasation of violence, inclusive political dialogue and provision of humanitarian assistance as these tasks complement Myanmar's Five-Point Road Map.

Union Minisster elaborated on peace efforts by undertaking all necessary measures for the ceasation of violence. Like many other countries in the reigon, Myanmar experienced insurgency during cold-war era. By 1974, it has managed to to bring tranquility in 90% of the country's the in-land areas. In order not to demage the friendship with neighbouring countries, Myanmar exercised utmost constraints in managing the insurgency in border areas. Gentleman agreements were reached with almost all ethnic armed organization in post cold war era basically agreeing to carry out boder development programme and peace process, and vowing not to commit offensive attacks and not to make new recruitments. Successive governments has been pursuing peace process for more than 33 years. Ceasefire in 1990 allowed 17 big EAOs and 17 small EAOs to operate in special zones covering about 3% of the border areas. As the dedicated Ministry was formed for the development of those areas, some EAOs trade arms for peace for good and about 10,000 armed personnel were transformed as Border Guard Forces–BGF and they are joining hands with the government ensuring peace and stability in respective areas. As of today, there are 18 EAOs and 10 of them signed the NCA and 8 are non-NCA signatories who continue to participate in peace negotiation. A total of 106 rounds of peace talks were held under current government. As of now, peace talks are organized more than 5000 times. Important agreements were reached particularly for the building of a Federal Union through multiparty democratic system as well as for sharing of power and resources. Tatmadaw strictly follow the peace agreement not undertaking first strikes and not intruding to demarcated zones. Only in cases of NCA violation, intrusion to government control areas, expansion of bases in resource-rich areas and imposing threats to the public, counter attack are carried out with maximum restriants and in line with the Rule of Engagement in the Vienna Convention. Myanmar people value lifes and never go to extreme. Despite the existance of armed struggles for 75 years since 1948, gun-death rate is the lowest in ASEAN region.

Union Minister explained that some EAOs takes advantage of the political instabilities in the past two years by training and equipping vulnerable and emotional youth in post-COVID-19 period as the PDFs even in the areas where stablity was enjoyed for the past five decades. They do to attack security forces but they aim soft targets by killing and bullying unarmed people, members of opposition party, public service personnel and veterans and destroying public properties. Those armed groups emerged only after the announcement of the ASEAN five-point consensus. So-called NUG ministers order PDF for terror activities against those who do not follow the instruction for school and office closure by supporting arms and ammunition to PDF. To date, 5846 innocent lifes were claimed by PDF including, 187 young children, 77 teachers, 69 Sanga, 807 village and ward administrators and 148 other public service personal, 17 medical service personnel, members of opposition parties, veterans. Such kind of brutal acts are not accaptable in any civilized society. Being responsible to protect its people, the government has to counter the attacks by the PDF. As an institution systematically organized with rich experience and capability, Tatmadaw can easily eliminate ordinary armed groups.However, it exercise utmost restraints not to hurt its own citizens. Government open its door for peace in order to solve domestic issues in an amicable manner. Amnesty is also announced giving pardons except to those with the records of serious crimes such as rapes and murders. All are allowed to participate in political process after coming to legal-fold. Political parties are also allowed to be formed and registered. As all the doors are opened for the ceasation of violence and inclusive political dialouges,

Union Minister explained that some EAOs do not cooperate wholeheartly in peace process as they don't wish to relinquish the benefits they are gaining from illegal businesses of drug and armed smuggling. Also, some did not join the elections in all three times. As drug production become synthetic chemical based, eliminating drug issues become more challenging. Therefore, he stressed the need to promote cooperation with neighbours and ASEAN Member States.

On humanitarian front, the Union Minister underlined that the government will continue facilitating the works of AHA center. With regard to the repatriation of displaced person in Rakhine state, the government has been expediting early implementation of pilot project. Although there are some delays in the commencement of repatriation process as some potential returnees were threatened by some groups in the other side, Government will continue its efforts in cooperation with all relevant parties.

As the government has to address the issue of one-sided media attempting to destroy the country's image while blocking the true information in Myanmar, Union Minister called for greater cooperation from friends of Myanmar. Only through communication and engagement at all levels in ASEAN, ASEAN Member States can effectively support Myanmar to overcome challenging situation through proper analysis and judgement.

Union Minister continue to explain that there are some NLD members who wish to stay peacefully in the country in line with rules of law. Any democracy would not accept the election frauds of this scale, 29%, as experienced in 2020 general elections. Findings were disclosed to media and diplomats. NUG fail to solve the political issue through lawful and peaceful means by engaging in destructive activities. Myanmar had experience of similar organization, Nation Coalation Government of Union of Burma(NCGUB) 30 years ago. Although such groups raised funds and earn international supports by claiming for the cause of democracy, none of those people returned to country during the 10 years period of democracy and not even at the time of NLD administeration. Most of those people merely aim for gaining refugee status, they don't consider much on the benefit of the people and gradually fading away from politics.

He highlighted that all enabling environment, such as granting amnesty, allowing party registration, are in place, anyone with sincere will to bring about benefits to the people can seek peaceful solution by participating in political process while denouncing terrorist activities.

He informed that the current government is carrying out all its duties and all the records of its activities under its administration are systematically kept for a systematic hand-over of the state responsibilities to winning party after general elections.

Union Minister continue to explain that the country's peace efforts over the past 33 years were done through dialogues rather than armed conflicts. During that period, some EAOs delayed peace process as they are not willing to relinquish high profits gained from illegal businesses including drugs. Successive government are pursuing peace patiently. Now a day, rates of armed attacks and drug smuggling are declining due to collaborative efforts of the government with the neighbouring countries. Some are returning to legal-fold.

Despite Myanmar being a resource rich country surrounded by five neighbours with 31 billion peoples and the country being situated at the hub of the world's biggest market with high development potentials, it continues to experience hardship for a long period due to external interference. Due to its geo-political and geo-straategic locations, successive Myanmar government has been upholding the principle of "peaceful co-existance" without interfering the internal affairs of other countires and have no issue with any countreis in the world. Union Minister said Myanmar stands ready to receive good advice and suggestions from and promote cooperation with friends of Myanmar who realize real situation in Myanmar and the challenges of bias media on Myanmar.

The Union Minister concluded by expressing government's readiness to cooperate with all countries who can understand the real situation in the country as oppose to the wrong image portrayed by some bias media and disinformation campaigns.

Participants at the informal meetings expressed their adherence to non-interference in the internal affairs of Myanmar and their readiness to support Myanmar for peace, stability and inclusive political dialogues. They expressed their willingness to avoid ASEAN-minus formula looking forward to strengthened cooperation with Myanmar.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Date, 22 June 2023**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Passenger number on the rise along circular railroad in Yangon Region



A circular train arrives at a railway station.

**Yangon June 22**

Number of passengers taking trains along the circular railroads in Yangon is on the increase, said Chief Superintendent U Thaung Htaik of Yangon Railway Station.

Such a number of rail passengers started increase to ride trains along Yangon circular railroads in Yangon Region as from May this year. At present, some 7,000 passengers take trains per day.

"Now, number of passengers is larger than that of Covid-19 period. Before April this year, some 4,000 passengers per day rode the trains. Now, some 7,000 passengers take circular trains of Yangon. They may be 6,500 passengers per day on weekdays and 7,000 per day on weekends. So, trains are allowed to run before and after office hours for convenience of staff," he added.

Before Covid-19, some 80,000 passengers per day took the trains and after the pandemic, number of passenger declined along circular railroads. Now, such a number of passenger resurged.

During the first six month period in 2022, ticket for trains on circular railroads was set at K100 per head but it was changed to K200 per passenger as from 1 July 2022.

Currently, trains run along the circular railroads 26 plies, compared to 30 plies in the past. At present, Yangon circular railroads are being upgraded. Upon completion, trains can transport some 240,000 passengers per day. ASH

# At least 30 migrants feared dead in Canary Islands disaster

**Madrid June 22**

More than 30 migrants may have drowned after their boat sank in the Atlantic Ocean off the Canary Islands, two charities have said.

Walking Borders and Alarm Phone said the boat was carrying around 60 people.

Spanish authorities said rescue workers found the bodies of a minor and a man, and rescued 24 other people - but did not know how many people were onboard.

The incident places fresh scrutiny on Europe's response to migration, after a boat sank off Greece last week.

Helena Maleno Garzon, from Walking Borders, said that 39 people had drowned, including four women and a baby, while Alarm Phone said 35 people were missing. Both organisations monitor migrant boats and receive calls from people on board or their relatives.

The boat sank about 100 miles (160km) south-east of Gran Canaria on Wednesday.

"It's torture to have 60 people, including six women and a baby, waiting for more than 12 hours for a rescue in a flimsy inflatable boat that can sink," Ms Garzon said.

A Spanish rescue service ship, the Guardamar Caliope, was only about an hour's sail from the dinghy on Tuesday evening, Reuters reported, citing Spanish state news agency EFE. BBC

# Early-harvested Japan white sesame fetches good prices in Mandalay market

**Mandalay June 22**

Early-harvested Japan white sesame enters Mandalay market on recent days and got good prices with marketable process, according to sesame merchants in Mandalay.

Japan white sesame came from Monywa, Myinmu, Myaung and Kyaukse regions to Mandalay market. Such kind of sesame fetches K373,000 per three-basket bag at present, compared to K270,000 per bag in the same period of last year. Currently, Japan white sesame gets good prices as setting a record price, said U Soe Win Myint, owner of Soe Win Myint brokerage in Mandalay.

"Local farmers took quality sesame seeds from Japan last decade. So, the strain of sesame is called Japan white sesame. Japan white sesame is more whitish than ordinary white sesame. It is bigger. Japan white sesame and black sesame are the most marketable in the market. All Japan white sesame is purchased by Chinese merchants. In addition to consumption, Chinese businesspersons use white sesame in cosmetics, snacks and medicines. In July, Japan white sesame will be harvested. In the future, such strain of sesame will get good prices," he explained.

Japan white sesame can be grown as double cropping, and within 100 days, it can be harvested. Japan white sesame is grown in Mandalay, Magway and Sagaing regions. Japan white sesame produced by Kyaukse district of Mandalay Region is famous in the market. 185

# Beijing heatwave: China capital records hottest June day in 60 years



Locals in Beijing shielding themselves from the sun on Thursday.

**Beijing June 22**

Beijing has recorded its hottest June day in more than 60 years with the mercury touching 41.1C (105.9F), Chinese weather authorities say.

The city is experiencing a prolonged heatwave with extreme temperatures to persist until the end of June.

On Thursday, officials said it was the hottest June day since record keeping began in 1961.

Several monthly heat records have been broken around China this year, prompting fears of an energy crunch.

Last month, the country's largest city Shanghai, with 25 million people living on the east coast, recorded its hottest May day in a century.

More than 21 million people live in Beijing, the nation's capital in the north.

On Thursday, a weather station in the city's north recorded a high of 41.8C.

Authorities earlier issued an orange alert, the second-most severe weather warning, saying that temperatures could reach 39C in the days to Saturday.

The national weather bureau also issued a heat stroke alert last week - a fortnight earlier than in previous years. BBC

# Preparations underway to hold special event at Bogyoke Aung San Museum on Martyr's Day

**Yangon June 22**

Preparations are being made to hold a special event at Bogyoke Aung San Museum in commemoration of the 76th Anniversary of Martyr's Day, said U Aung Aung Kyaw, director (admin) of the Department of Archaeology and National Museum under the Ministry of Religious Affairs and Culture.

During the preparation, the museum will be closed for about 20 days, he added.

"In commemoration of the 76th Anniversary of Martyr's Day, we will organize a special event at the museum. For the preparations, the museum will be closed for over 20 days from 27 June to 18 July.

"We want the people to visit the museum to enjoy such a special commemorative event. The books read by Bogyoke and the patterns of his lifestyle will be on display. We are undergoing repair and decorations," he added.

Whenever Martyr's Day comes on 19 July, Bogyoke Aung San Museum (Yangon) and Bogyoke Aung San's Home Museum (Natmauk) are put on display for the public without charging them. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အိန္ဒိယနိုင်ငံက INS Kirpan ကော်ဗက်စစ်ရေယာဉ်တစ်စီးကို ဗီယက်နမ်သို့လက်ဆောင်အဖြစ်ပေးမည်



အိန္ဒိယနိုင်ငံထုတ် Khukri အမျိုးအစား INS Kirpan ကော်ဗက်စစ်ရေယာဉ်တစ်စီးကို အိန္ဒိယကာကွယ်ရေးဝန်ကြီး Raksha Mantri ShriRajnath Singh က လက်ဆောင်အဖြစ် ဗီယက်နမ်သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ဇွန် ၁၉ ရက်ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း DRDO ဌာနချုပ်သို့ သွားရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းသုတေသနပြုလုပ်ခြင်းနှင့်ထုတ်လုပ်ခြင်းများမှတစ်ဆင့် ကာကွယ်ရေး စက်မှုစွမ်းရည်မြှင့်တင်ရေးအတွက် ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုများမတိုင်မီ ဗိုလ်ချုပ် Phan Van Giang သည် အမျိုးသားစစ်အထိမ်းအမှတ် သူရဲကောင်းဗိမာန်ကိုသွားရောက်ခဲ့ပြီး လွှမ်းသူ့ပန်းခွေချကာ အသုံးစွန်သော စွန့်လွှတ်အနစ်နာခံခဲ့ကြသည့် သူရဲကောင်းများအား သွားရောက်အလေးပြုခဲ့သည်။

ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးသည် ဇွန် ၁၈ ရက်က အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးအဖြစ် ရောက်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဗီယက်နမ်နိုင်ငံကို ၎င်း၏အရှေ့မျှော်မူဝါဒနှင့် အင်ဒို-ပစိဖိတ်ဒေသအတွင်း အရေးပါသော မိတ်ဖက်နိုင်ငံအဖြစ် သတ်မှတ်ထားသည်။

Khukri အမျိုးအစား INS Kirpan ကော်ဗက်စစ်ရေယာဉ်သည် တန်ချိန် ၁၃၅၀ အပြည့် တင်ဆောင်နိုင်သော ရေတပ်သင်္ဘောတစ်စီးဖြစ်သည်။

အဆိုပါ စစ်ရေယာဉ်သည် အလျား ၉၀ ဒသမ ၁ မီတာရှိပြီး အနံ ၁၀ ဒသမ ၅ မီတာနှင့် ကြမ်းခင်းအမြင့် ၄ ဒသမ ၅ မီတာရှိသည်။

မြင်းကောင်ရေ စုစုပေါင်း ၁၄၄၀၀ ထုတ်လုပ်ပေးနိုင်သော ဒီဇယ်အင်ဂျင်နှစ်လုံးဖြင့် ခုတ်မောင်းသွားလာနိုင်သော INS Kirpan ကော်ဗက်စစ်ရေယာဉ်သည် အမြန်နှုန်း 25 knots (တစ်နာရီကီလိုမီတာ ၅၀ ခန့်) ဖြင့် ခုတ်မောင်းနိုင်သည်။

အဆိုပါရေယာဉ်သည် ရေမိုင်ပေါင်း ၄၀၀၀ (ကီလိုမီတာ ၇၄၀၀)၊ အမြန်နှုန်း 16 knots (တစ်နာရီကီလိုမီတာ ၃၀)ဖြင့် အရာရှိ ၁၀ ဦး အပါအဝင် ရေတပ်အမှုထမ်း ၇၉ ဦးလိုက်ပါ၍ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သည်။

Khukri အမျိုးအစား INS Kirpan စစ်ရေယာဉ်တွင် MR 352 Pozitiv-E ရေဒါ၊ Garpun-Balရေဒါနှင့် Bharat 1245 လမ်းကြောင်းပြရေဒါတို့ တပ်ဆင်ထားပြီး စွမ်းအားကောင်းသော အာရုံခံစနစ်များ အသုံးပြုထားသည်။

လက်နက်တပ်ဆင်မှုအနေဖြင့်P-20M (SS-N-2D) သင်္ဘောဖျက်ဒုံးကျည်လေးစင်း၊ Strela-2M (SA-N-5) မြေပြင်မှဝေဟင်ပစ်ဒုံးကျည် နှစ်စင်း၊ AK-176 ၇၆ မီလီမီတာ လေယာဉ်ပစ် စက်သေနတ် တစ်လက်နှင့် မီလီမီတာ ၃၀ AK-630 နှစ်လက်တို့ တပ်ဆင်ထားကြောင်း သိရသည်။

ထို့ပြင် INS Kirpan ကော်ဗက်စစ်ရေယာဉ်သည် အထူးသဖြင့် HAL Chetak မော်ဒယ် ရဟတ်ယာဉ်တစ်စင်း တင်ဆောင်ရန် ဒီဇိုင်းထုတ်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။

**India Navy to give Khukri class corvette INS Kirpan to Vietnam ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်သို့ MQ-9A ဒရုန်းလေးစင်းနှင့် ဆက်စပ်ပစ္စည်းများရောင်းချရန် အမေရိကန်သဘောတူ

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် နယ်သာလန်နိုင်ငံသို့ Reaper ဒရုန်းအမျိုးအစား MQ-9A ဒရုန်းလေးစင်းနှင့်ဆက်စပ်ပစ္စည်းများကို ရောင်းချရန် သဘောတူလိုက်ပြီဖြစ်ကြောင်း ဇွန် ၁၉ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၆၁၀ သန်း တန်ဖိုးရှိ အဆိုပါရောင်းချမှုတွင် MQ-9A Mobile Ground Control Systems သုံးခု၊ Embedded GPS/Inertial Navigation Systems စက်ပစ္စည်းကိရိယာများ အခု ၃၀၊ AN/DAS-4 Multi-Spectral Targeting Systems ရှစ်ခုနှင့် Lynx AN/APY-8 Synthetic Aperture ရေဒါအစုံ ၂၀ ထိ ပါဝင်မည်ဖြစ်ကြောင်း ကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပြောကြားခဲ့သည်ဟု သိရသည်။

General Atomics မှ ထုတ်လုပ်သော ဒရုန်းများသည် နယ်သာလန်နိုင်ငံ၏ ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေး၊ ပစ်မှတ်စိစစ်ခွဲခြားနိုင်မှုနှင့် ကင်းထောက်မစ်ရှင်များကို အကူအညီပေးနိုင်လိမ့်မည်ဖြစ်သည်။

"နယ်သာလန်မှာ MQ-9A ဒရုန်းတွေပိုင်ဆိုင်ထားပြီးသားဖြစ်လို့ ဒရုန်းတွေနဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို ရည်မှန်းချက်တာဝန်ပေးအပ်ဖို့အတွက် အခက်အခဲမရှိနိုင်ပါဘူး"ဟု ကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပြောကြားခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် နိုင်ငံအနေဖြင့် လုံခြုံရေးစိုးရိမ်မှုများ တိုးမြင့်လာခြင်းကြောင့် ၎င်း၏လက်ရှိ MQ-9A ဒရုန်းများကို တိုက်ခိုက်ရေးဒရုန်းများအဖြစ် ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

NATO အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် နယ်သာလန်နိုင်ငံသည် ၎င်း၏ MQ-9A ဒရုန်းလေးစင်းကို လေဆာလမ်းညွှန် GBU ပဲ့ထိန်းဗုံးများနှင့် ဝေဟင်မှမြေပြင်ပစ် ဝဲရမီးဒုံးကျည်များတပ်ဆင်ရန် အမေရိကန်ဒေါ်လာ ၂၆၈ သန်းထိ အကုန်အကျခံ ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံး တိုက်ခိုက်ရေးဒရုန်းကို ၂၀၂၅ ခုနှစ်တွင် တပ်ဖြန့်အသုံးပြုရန် မျှော်မှန်းထားသည်။



**US Approves Sale of Four Reaper Drones to Netherlands ကို ဘာသာပြန်ဆိုထားပါသည်။**

## ပင်တဂွန်၏ဒုံးကျည်ဝယ်ယူရေးအသုံးစရိတ်ကိုဖြတ်တောက်ရန် အမေရိကန်အောက်လွှတ်တော်ကော်မတီ အဆိုပြု

ပင်တဂွန်အသုံးစရိတ် ဥပဒေမူကြမ်းအရ ယူကရိန်းအတွက် ခဲယမ်းများအပါအဝင် ဒုံးကျည်များဝယ်ယူရေးအသုံးစရိတ်အတွက် လျာထားသည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော်ကို ဖြတ်တောက်ရန် အမေရိကန်အောက်လွှတ်တော်ကော်မတီမှ ရီပတ်ဘလီကန်အမတ်များကအဆိုပြုခဲ့ကြောင်း ကော်မတီအစီရင်ခံစာမူကြမ်းကို ကိုးကား၍ မီဒီယာများက ဇွန် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



ယူကရိန်းသို့ အမေရိကန်မှလက်နက်များပေးပို့ခြင်းသည် စစ်ဘက်ဆိုင်ရာစီမံချက်ရေးဆွဲသူများကို နောက်ထပ်ပဋိပက္ခအတွက် ပြင်ဆင်ရမည့်ခဲယမ်းဝယ်ယူရေးအစီအမံများကို ပြန်လည်စဉ်းစားရန် တွန်းအားပေးခဲ့သည်ဟု ကော်မတီအစီရင်ခံစာက ဆိုသည်။

ကော်မတီအစီရင်ခံစာတွင် ၂၀၂၄ ခုနှစ်အတွက် အဆိုပြုထားသော ဘတ်ဂျက်အောက်တွင် နှစ်စဉ်အမှာစာများအစား နှစ်ရှည်အချိန်ယူ၍ လက်နက်များဝယ်ယူရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်အောက်လွှတ်တော်ကော်မတီကို တောင်းဆိုရန် ဦးတည်စေခဲ့ပြီဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ကော်မတီက အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် လက်တွေ့ကျသော ကုန်ကျစရိတ်ခန့်မှန်းချက်များကို မပေးနိုင်ဘဲ ပရိုဂရမ်တစ်ခုစီ၏ယူနစ်ကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုစွမ်းရည်ကို ခိုင်မာစွာ နားလည်မှုမရှိဘဲ ထိုနှစ်ရှည်ဝယ်ယူရေးတောင်းဆိုမှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

စစ်ရေးလေ့ကျင့်မှု၊ ပြုပြင်ထိန်းသိမ်းမှုအပြင် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်မြှင့်တင်ရန်အတွက် ရန်ပုံငွေများကို ပြန်လည်ရည်ညွှန်းရန် အကြံပြုထားကြောင်း သိရသည်။

အမေရိကန် အောက်လွှတ်တော်ကော်မတီသည် ဘတ်ဂျက်ဆိုင်ရာ အခွင့်အာဏာရှိပြီး အထက်လွှတ်တော်နှင့် အတူ ဘတ်ဂျက်လျာထားမှု ဥပဒေကြမ်းများကို အတည်ပြုနိုင်သည်။

အဆိုပါ Appropriations Committee မှအတည်ပြုထားသော ဥပဒေကြမ်းများသည် အမေရိကန်အစိုးရ၏ ရန်ပုံငွေအမျိုးမျိုးကို ထိန်းညှိလုပ်ဆောင်ပေးထားကြောင်း သိရသည်။

**US House Appropriations Committee Seeks Cuts to Pentagon's Spending on Missiles – Reports ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၆၉၀၂ ဧက စိုက်ပျိုးမည်



**ကျုံပျော် ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံသီးနှံ ၁၆၉၀၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၆၉၀၂ ဧကကို ယခုနှစ် ဇွန်လ စတုတ္ထပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံများစိုက်ပျိုးခြင်းသည် ဒေသခံပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေရန်၊ ဒေသထွက်ကုန် သီးနှံတစ်ခု ထုတ်လုပ်နိုင်စေရန်၊ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ပြည်သူများ လူမှုစီးပွားဘဝများမြင့်မားနေစေရန်အတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ပီလောပီနံကို ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းတွေကောင်းလာစေဖို့ ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခုအနေနဲ့စိုက်ပျိုးကြတာဖြစ်ပါတယ်။ အခုနှစ်မှာတော့ ပီလောပီနံကို ဇွန်လအတွင်းမှာ စတင်စိုက်ပျိုးဖို့ရှိပါတယ်။ ဒီနှစ်မှာ ၁၆၉၀၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ တောင်သူတွေ ပီလောပီနံကိုစိုက်ပျိုးတဲ့အခါ နည်းစနစ်မှန်ကန်စေဖို့နဲ့ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားမကျရောက်စေဖို့ စိုက်ပျိုးရေးဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းပြီး လိုအပ်တဲ့ နည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ပီလောပီနံ ၁၆၉၀၂ ဧကကို ဒေသခံတောင်သူ ၉၀၂ ဦးက အများဆုံး စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံများ အထွက်နှုန်းကောင်းစေရန်၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန် စသည့်အသိပညာပေး၊ နည်းပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# စဉ့်ကူးမြို့နယ် အောင်ချမ်းသာကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အောင်ချမ်းသာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများကို ဇွန် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ VRFP စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက အောင်ချမ်းသာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်း ပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



အောင်ချမ်းသာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းရန်ပုံငွေ တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးအား ငွေကျပ် ၃၃ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။ **ချစ်ဦးကို**

# သရက်မြို့နယ် အကြီးစားကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**သရက် ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၂၁ ရက် နံနက်ပိုင်းက အကြီးစားကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် အကြီးစားကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက အကြီးစားကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၂၂၄ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၅၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို ငွေကျပ် ၃၁၄ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။

**ဝင်းမာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၆-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၇၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက် မြို့ဦးကျောင်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ ကျောင်းသား၊ကျောင်းသူများကို ထောက်ပံ့ငွေပေးအပ်ပွဲ ပြုလုပ်



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်း မြို့ဦးကျောင်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။**

**နေပြည်တော် ဇွန် ၂၂**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက် မြို့ဦးကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ဇွန် ၂၁ ရက် မွန်းလွဲပိုင်းတွင် အဆိုပါပရဟိတဂေဟာ၌ ကျင်းပရာ မြို့ဦးကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓိက၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်းနှင့် တာဝန်ရှိသူများ၊ ပရဟိတဂေဟာမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့ဦးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဒုတိယတိုင်းမှူးက ဆရာတော်ကြီးအားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မြို့ဦးကျောင်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ ကျောင်းသား၊ ကျောင်းသူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက လှူဒါန်းသည့် ထောက်ပံ့ငွေကျပ် ၆၄၆၀၀၀၀ ကိုပေးအပ်ရာ ပရဟိတဂေဟာကော်မတီမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ဧည့်ပရိသတ်များက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် ဇွန် ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ သုဓမ္မဇောတိရွှေညောင်ပင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၅၁ ပါးတို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြည့်ညှိပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



**ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပစဉ်။**

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ လားရှိုးမြို့နှင့် နောင်ချိုမြို့တို့မှ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြန်လည်အလင်းဝင်လာသည့် PDF များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို တာဝန်ရှိသူများက ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်



**ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နိုင် စစ်မှုထမ်းဟောင်းအိမ်ရာနေ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။**

**နေပြည်တော် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)ရှိ မိသားစုဝင် ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၂၁ ရက် နေ့လယ်ပိုင်းတွင် အဆိုပါအိမ်ရာ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နိုင်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးက စစ်မှုထမ်းဟောင်းအိမ်ရာနေ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်) ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**❑ သတင်းထုတ်ပြန်ချက်မှ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများက မြန်မာ့အရေးအပေါ် ဆွေးနွေးအကြံပြုနိုင်ရန် အလွတ်သဘော အစည်းအဝေးကျင်းပပြုလုပ်ခြင်းကို ကြိုဆိုကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု သတင်းမှန်များကို ပိတ်ဆို့ခံထားရပြီး တစ်ဖက်သတ် သတင်းမှားများ ကမ္ဘာအနှံ့ပျံ့နှံ့နေကြောင်း၊ အထူးသဖြင့် အာဆီယံတူညီဆန္ဒငါးချက်နှင့် ဆက်စပ်သုံးသပ်ကြသည်ကို တွေ့ရပြီး မြန်မာအစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ရည်မှန်းချက်တူညီသောကြောင့် မိမိတို့ဆောင်ရွက်ချက်များကို ထပ်မံအသိပေးလိုကြောင်း၊ အာဆီယံတူညီဆန္ဒ ငါးချက်တွင် အဓိက သုံးချက်ဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများရပ်စဲရေး၊ သက်ဆိုင်သူအားလုံးပါဝင်သည့် ဆွေးနွေးပွဲများစတင်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးနိုင်ရေးတို့နှင့်ပတ်သက်၍ အဓိကပြောကြားခဲ့ကြောင်း၊ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများ ရပ်စဲရေးအတွက် ဆောင်ရွက်သင့်သည်များအားလုံးကို မိမိတို့ ဆောင်ရွက်ထားပါကြောင်း၊ စစ်အေးခေတ်ကာလအတွင်း မြန်မာနိုင်ငံသည် အခြားဒေသတွင်း နိုင်ငံများနည်းတူ ပြည်တွင်းသောင်းကျန်းမှုများ နိုင်ငံအနှံ့အပြားသို့ပေါ်ပေါက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင် အတွင်းပိုင်းဒေသ ၉၀ ရာခိုင်နှုန်းကျော်ကို အေးချမ်းအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ နယ်စပ်ဒေသ ရွှေ့ပြောင်းခြေကုပ်ယူရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက်စေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ရသဖြင့် ချေမှုန်းခြင်းမပြုဘဲ ထိန်းချုပ်ထားခဲ့ရကြောင်း၊ စစ်အေးလွန်ကာလ ၁၉၉၀ ဝန်းကျင်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲရေး gentlemen agreement ရရှိခဲ့ရာ အခြေခံအားဖြင့် ရှိရင်းစွဲနယ်မြေတွင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပြီး ငြိမ်းချမ်းရေး ဆက်လက်ဆွေးနွေးရန်၊ နယ်မြေကျော်တိုက်ခိုက်ခြင်းမပြုရန်၊ အင်အားတိုးချဲ့စုဆောင်းခြင်းမပြုရန် သဘောတူခဲ့ကြပြီး အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နေသည်မှာ ယခုဆိုလျှင် ၃၃ နှစ်ရှိပြီဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ် အပစ်အခတ်ရပ်စဲစဉ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ငယ် ၁၇ ဖွဲ့ရှိသည် နယ်စပ်ဒေသ နိုင်ငံဧရိယာ၏ သုံးရာခိုင်နှုန်းခန့်တွင် အထူးဒေသများအဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ၎င်းဒေသများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ကြီးဌာနတစ်ခု သီးသန့်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ရာ အချို့အဖွဲ့များက လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးလဲလှယ်သွားကြပြီး အင်အားတစ်သောင်းကျော်မှာ Border Guard Forces BGF/ ပြည်သူ့စစ်များအဖြစ်အသွင်ပြောင်း၍ ၎င်းတို့ဒေသ လုံခြုံတည်ငြိမ် ငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုအခါ EAO ၁၈ ဖွဲ့ကျန်ရှိပြီး ၎င်းတို့အနက် ၁၀ ဖွဲ့မှာ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ကျန် ၈ဖွဲ့မှာ (NCA) လက်မှတ်ရေးထိုးခြင်းမရှိသေးသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်ပါကြောင်း၊ လက်ရှိအစိုးရလက်ထက်တွင် တွေ့ဆုံဆွေးနွေးမှု ၁၀၆ ကြိမ် ပြုလုပ်ခဲ့ပြီး စုစုပေါင်းငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုအကြိမ် ၅၀၀၀ ကျော် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ်ထူထောင်ရန် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရန် အာဏာခွဲဝေရေး၊ သယံဇာတ ခွဲဝေအသုံးပြုရေးစသည့် အရေးကြီးကိစ္စရပ်များစွာကို ညှိနှိုင်းသဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တပ်မတော်ဘက်မှ အတိအကျလိုက်နာခဲ့ပြီး စတင်တိုက်ခိုက်ခြင်း လုံးဝမပြုခဲ့သလို သတ်မှတ်နယ်မြေကျော်လွန်တိုက်ခိုက်မှုလည်းမပြုပါကြောင်း ပြောကြားခဲ့ပါသည်။ EAO အချို့က သဘောတူညီချက်ဖောက်ဖျက်ပြီး အစိုးရထိန်းချုပ်နယ်မြေအတွင်း ဝင်ရောက်တိုက်ခိုက်ခြင်း၊ သယံဇာတထွက်ရှိရာဒေသများသို့ ဝင်ရောက်ခြေကုပ်စခန်းတည်ဆောက်ခြင်း၊ ပြည်သူလူထုကို အန္တရာယ်ပေးခြင်းကြောင့်သာ တန်ပြန်တိုက်ခိုက်ခဲ့ရပါကြောင်း၊ ထိုသို့ တိုက်ခိုက်ရာတွင်လည်း အင်အားအလွန်အကျွံမသုံးဘဲ ဗီယင်နာကွန်ဗင်းရှင်းပါ Rules of Engagement-ROE ထိတွေ့မှုဆိုင်ရာစည်းမျဉ်းများကိုလိုက်နာရန် တပ်မတော်အရာရှိများကို လေ့ကျင့်သင်ကြားပေးထားပါကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။ မြန်မာတို့သည် အသက်ကို အလွန်တန်ဖိုးထားပါကြောင်း၊ အစွန်းရောက်သူ အလွန်နည်းပါးပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်မှစ၍ ၇၅ နှစ်ကျော် လက်နက်ကိုင်တိုက်ခိုက်မှုများရှိခဲ့သော်လည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခကြောင့် အာဆီယံ ၁၀ နိုင်ငံ၏ သေဆုံးမှုနှင့်နှိုင်းယှဉ်လျှင် သုံးရာခိုင်နှုန်းအောက်တွင်သာရှိပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း နိုင်ငံရေးမတည်ငြိမ်မှုအပေါ် အခွင့်ကောင်းယူ၍ EAO အချို့က ကိုဗစ်ကာလ စီးပွားရေး၊ လူမှုရေးအခက်အခဲကြောင့် စိတ်ထိခိုက်ခံစားလွယ်သော လူငယ်များကို PDF အဖြစ် သင်တန်းပေး လက်နက်တပ်ဆင်ပြီး နှစ်ပေါင်း ၅၀ နီးပါး အေးချမ်းနေသော ပြည်တွင်းဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများပေါ်ပေါက်အောင် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တိုက်ခိုက်ရာတွင်လည်း တပ်မတော်လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်းမဟုတ်ဘဲ soft target ဖြစ်သည့် လက်နက်မဲ့ပြည်သူများကို အနိုင်ကျင့်သတ်ဖြတ်နေခြင်းသာဖြစ်ကြောင်း၊ ဆန့်ကျင်ဘက်ပါတီဝင်များ၊ နိုင်ငံ့ဝန်ထမ်း၊ စစ်မှုထမ်းဟောင်းများကို ပစ်မှတ်ထားတိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် အာဆီယံတူညီဆန္ဒ ငါးချက်ထုတ်ပြန်ပြီးမှ ပေါ်ပေါက်လာသည့် အဖွဲ့များဖြစ်ကြောင်း၊ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ပရောက် NUG အဖွဲ့သည် ပြည်တွင်းရှိ PDF များကို လက်နက်ခဲယမ်း ငွေကြေးထောက်ပံ့ပြီး အကြမ်းဖက်လုပ်ငန်းများစေခိုင်းနေကြောင်း၊ ကျောင်းများ၊ ဆေးရုံများ၊ ရုံးများပိတ်ရန်မလိုက်နာပါက သတ်ဖြတ်အရေးယူရန် NUG ဝန်ကြီးဆိုသူများက ညွှန်ကြားပြီး PDF များက ဘုန်းတော်ကြီး ၆၉ ပါး၊ ကျောင်းသားကလေးငယ် ၁၈၇ ဦး၊ ဆရာ၊ ဆရာမ ၇၇ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ စစ်မှုထမ်းဟောင်းများ၊ ဆန့်ကျင်ဘက်ပါတီဝင်များ၊ ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများအပါအဝင် နိုင်ငံ့ဝန်ထမ်း ၉၅၃ ဦး စသည့် လက်နက်မဲ့ပြည်သူများ ၅၈၄၆ ဦးကျော်ကို ဥပဒေမဲ့သတ်ဖြတ်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုကို အကာအကွယ်ပေးရန် အစိုးရတွင်တာဝန်ရှိ၍ ဥပဒေနှင့်အညီ ပြန်လည်တိုက်ခိုက်နေခြင်းသာဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်သည် စနစ်တကျဖွဲ့စည်းထားပြီး အတွေ့အကြုံနှင့် စွမ်းရည်ပြည့်ဝသည့်တပ်မတော်ဖြစ်၍ သာမန်လက်နက်ကိုင်အဖွဲ့များကို လွယ်ကူစွာ ချေမှုန်းနိုင်စွမ်းရှိပါကြောင်း၊ အင်အားသုံးချေမှုန်းမှုက မိမိတို့နိုင်ငံသားများသာ များစွာသေကျေ ဒဏ်ရာရကြမည်ဖြစ်၍ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေကြောင်း၊ ပြည်တွင်းရေးကိစ္စများကို အေးချမ်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထားပါကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်လည်း ကြေညာထားကြောင်း၊ မုဒိမ်းမှုနှင့် လူသတ်မှုမှအပ အခြားရာဇဝတ်မှုကျူးလွန်ခြင်းများကိုပါ လွတ်ငြိမ်းခွင့်ပေးထားကြောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး နိုင်ငံရေးပါတီဖွဲ့စည်းခွင့်လည်းပြုထားကြောင်း၊ တိုက်ခိုက်မှုများလျှော့ချရေးနှင့် အားလုံးပါဝင်ဆွေးနွေးခွင့်ရရှိရေးအတွက် လမ်းအားလုံးဖွင့်ပေးထားပြီးဖြစ်ကြောင်း၊ မုဒိမ်းမှုနှင့် လူသတ်မှုကို ကင်းလွတ်ခွင့်မပေးခြင်းမှာ ကျူးလွန်ခံရသူ မိသားစုများ၏ဆန္ဒကို မျက်ကွယ်ပြုရန်မသင့်သောကြောင့်ဖြစ်ကြောင်း၊ EAOများသည် အဓိကအားဖြင့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါး၊ လက်နက်နှင့် လူမှောင်ခိုမှုကဲ့သို့ တရားမဝင်လုပ်ငန်းများမှရရှိသည့် အကျိုးအမြတ်များကို မစွန့်လွှတ်လိုကြ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အပြည့်အဝမပါဝင်ကြကြောင်း၊ ရွေးကောက်ပွဲ သုံးကြိမ်စလုံးမပါဝင်ခဲ့ကြကြောင်း၊ ဓာတုပစ္စည်းများကိုအခြေခံ၍ မူးယစ်ဆေးဝါးထုတ်လုပ်ကြသည့်အတွက် မူယစ်ဆေးဝါးနှိမ်နင်းရန် ပိုမိုခက်ခဲလာကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော်တရားမဝင်စီးပွားရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုလုပ်ငန်းများနှိမ်နင်းရေးကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ပါသည်။

လူသားချင်းစာနာမှု အကူအညီများကိစ္စနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံအစိုးရသည် AHA Center ၏ မြန်မာပြည်တွင်ဆောင်ရွက်သည့်လုပ်ငန်းများကို အပြည့်အဝပံ့ပိုးပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မှ နေရာစွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စများကိုလည်း ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနေနှင့် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှ အဖွဲ့အစည်းအချို့၏ ခြိမ်းခြောက်မှုများကြောင့် နှောင့်နှေးမှုအချို့ရှိသော်လည်း မိမိတို့အနေနှင့် အားလုံး၏ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးသို့ အသိပေးပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေနှင့် မီဒီယာအချို့မှ တစ်ဘက်သတ်ပုံဖျက်နိုင်ရန် သတင်းမှန်များကိုပိတ်ထားသည့်ကိစ္စကိုလည်း ကိုင်တွယ်ဖြေရှင်းနေရသည်ဖြစ်ရာ မြေပြင်အခြေအနေမှန်ကို ပိုမိုသိရှိနိုင်ရန် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်လိုကြောင်း၊ အာဆီယံတွင်လည်း မြန်မာနိုင်ငံအနေနှင့် အဆင့်တိုင်းတွင် ပုံမှန်ဆက်သွယ်ဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံအရေးကိစ္စကို ကူညီပံ့ပိုးလိုသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြေပြင်အခြေအနေမှန်များကို မှန်ကန်စွာ သိရှိသုံးသပ်နိုင်ပြီး ပိုမိုထိရောက်စွာ ကူညီနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းတွင်ဥပဒေနှင့်အညီဆောင်ရွက်လိုသည့်NLD ပါတီဝင်များစွာရှိပါကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုမှာလည်း ၂၉ ရာခိုင်နှုန်းကျော်ဖြစ်၍ မည်သည့်ဒီမိုကရေစီနိုင်ငံမှ လက်ခံနိုင်သည့်အခြေအနေမဟုတ်ပါကြောင်း၊ စစ်ဆေးပြီးချိန်တွင် မီဒီယာများ၊ သံတမန်များကို ဖိတ်ခေါ်ရှင်းပြထားပြီးဖြစ်ပါကြောင်း၊ ဥပဒေကြောင်းအရ ရင်မဆိုင်ဘဲ ပြည်ပထွက်ပြေးပြီး NUG ဖွဲ့၍ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း လုပ်နေခြင်းသာဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ် ၃၀ ကလည်း အလားတူ NCGUB ယှဉ်ပြိုင်အစိုးရအဖွဲ့ရှိခဲ့ကြောင်း၊ ဒီမိုကရေစီရရေးအကြောင်းပြပြီး နိုင်ငံတကာအကူအညီများစွာရယူခဲ့သော်လည်း တကယ်တမ်းမြန်မာနိုင်ငံတွင် ဒီမိုကရေစီအစိုးရ နှစ်ဆက်ကာလတွင် ၎င်းတို့ NLD အာဏာရစဉ်မှာပင် တစ်ယောက်မှပြန်မလာကြကြောင်း၊ ပြည်ပြေးအားလုံးလိုလို နိုင်ငံကြီးများတွင် ဒုက္ခသည်နိုင်ငံရေးခိုလှုံခွင့်အဆင့်မှ နိုင်ငံသားဖြစ်ရန်ကြိုးစားပြီး နိုင်ငံကြီးများတွင် ချမ်းသာစွာနေထိုင်နေကြပြီး နိုင်ငံနှင့်ပြည်သူကို ပြန်မကြည့်ကြကြောင်း၊ ယခုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးထားပြီး နိုင်ငံရေးပါတီဖွဲ့ခွင့်ပြုထားဆဲဖြစ်၍ နိုင်ငံနှင့် ပြည်သူအကျိုးကြည့်လျှင် ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းစွာ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များ စွန့်လွှတ်သင့်ကြောင်း၊ မိမိတို့အစိုးရသည် ရွေးကောက်ပွဲပြီးက အနိုင်ရပါတီကို အာဏာလွှဲပေးချိန်၌ တာဝန်ယူဆောင်ရွက်ခဲ့သည့်ကာလအတွင်း အခြေအနေအရပ်ရပ်ကို လွှတ်တော်သို့တင်ပြရမည်ဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နေပြီး မှတ်တမ်းများ စနစ်တကျထားရှိပါကြောင်း၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုက်ခိုက်မှုအစား ဆွေးနွေးမှုနှင့် ဆောင်ရွက်နေသည်မှာ ၃၃ နှစ်ကျော်ရှိနေပြီဖြစ်ကြောင်း၊ ၎င်းကာလအတွင်း EAO အများစုသည် အမြတ်အစွန်းအလွန်ကြီးမားသည့် မူးယစ်ဆေးဝါးလုပ်ငန်းကိုမစွန့်လွှတ်နိုင်၍ အချိန်ဆွဲနေခြင်းသာဖြစ်ပြီး အစိုးရအဆက်ဆက်က အနေဖြင့်သိရှိပြီး အပစ်အခတ်ရပ်စဲမှုကို မပျက်လို၍ စိတ်ရှည်ရှည်ထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုအခါ အိမ်နီးချင်းနိုင်ငံများနှင့်ပါပူးပေါင်း၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်နေ၍ တိုက်ခိုက်မှုများ အတန်အသင့်လျော့ကျလာသလို ဥပဒေဘောင်အတွင်းဝင်ရောက်မှုများလည်း ရှိလာနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝသယံဇာတကြွယ်ဝပြီး အိမ်နီးချင်း ငါးနိုင်ငံတွင် လူဦးရေ သန်း ၃၁၀၀ ကျော်ရှိ၍ ကမ္ဘာ့အကြီးဆုံး ဈေးကွက်အလယ်တွင်ရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများရှိသော်လည်း ပြင်ပစွက်ဖက်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများ နှစ်ပေါင်းများစွာ အခက်အခဲကြုံတွေ့ရကြောင်း၊ မိမိတို့ နိုင်ငံရေးပထဝီဝင်အနေအထားအရ မည်သည့်အစိုးရတက်တက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို လက်ခံကျင့်သုံးခဲ့ပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမရှိသကဲ့သို့ ကမ္ဘာ့မည်သည့်နိုင်ငံနှင့်မှလည်း တိုက်ရိုက်ပြဿနာတစ်စုံတစ်ရာမရှိခဲ့ကြောင်း၊ သတင်းမှားများဖန်တီးပြီး ဖျက်ဆီးရန်ကြိုးပမ်းမှုများကို အခြေအနေမှန်သိရှိသော မိမိတို့ မိတ်ဆွေနိုင်ငံများ၏ အကြံဉာဏ်ကောင်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာကြသည့် မြန်မာ့မိတ်ဆွေနိုင်ငံများမှ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးကို မစွက်ဖက်လိုကြောင်း၊ မြန်မာ့မိတ်ဆွေနိုင်ငံများအနေနှင့် မြန်မာပြည်ငြိမ်းချမ်းတည်ငြိမ်ရေး၊ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးကို ကူညီပံ့ပိုးရန် အသင့်ရှိကြကြောင်း၊ အာဆီယံအနုတ်ပုံစံမဖြစ်စေလိုကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်လာနိုင်ရန်မျှော်လင့်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လက်ဝဲဒက်ပြင်ချေကျေးရွာ၌ မြက်ပင်၊ပေါင်းပင်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ တိုးချဲ့ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေးပြီး ပြည်နယ်အစိုးရက စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ လှူဒါန်းပေးသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဝေသာလီရပ်ကွက်ရှိ မင်းထန်နိကာယ ဝေသာလီကျောင်းတိုက်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ အလားတန်ကျေးရွာရှိ ဒေသခံပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းရေကူးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းရေကူးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၂**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းရေကူးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ နန်းမြို့ရေကူးကန်၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိစစ်သည်မိသားစုများဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်တက်ရောက်လာသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါရေကူးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် ၁၃ ခုမှ ပြိုင်ပွဲဝင်အားကစားသမား ၉၃ ဦးက ရေကူးကစားနည်း ခြောက်မျိုးဖြင့် ယနေ့မှ ဇွန် ၂၆ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၂၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့်စားသောက်ကုန်များ၊ မြန်မာစီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေ



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ကပြသီဆိုဖျော်ဖြေစဉ်။

**နေပြည်တော် ဇွန် ၂၂**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊စစ်သမီးများက အဆို၊ အကများဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို၊အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာသီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



ဒက္ခိဏသီရိမြို့နယ် သီရိမင်္ဂလာကျေးရွာရှိ တရားခံမြင့်ကျော်(ခ)အသေးလေး၏နေအိမ်မှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။





ဇမ္ဗူသီရိမြို့နယ် ရှားတောရွာနှင့် အလျှင်လိုရွာကြား လမ်းဘေးသစ်ပင်အောက်၌ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ သွားရောက်ရှာဖွေခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဇမ္ဗူသီရိမြို့နယ် ရှားတောရွာနှင့် အလျှင်လိုရွာကြား လမ်းဘေးသစ်ပင်အောက်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

ပစ်ခတ်၍ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

- ဇွန် ၁၂ ရက်တွင် **သက်နိုင်**နှင့် **ရဲနိုင်**တို့နှစ်ဦးက လယ်ဝေးမြို့မရဲစခန်းရှေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်ပစ်ဗုံးဖြင့် ချောင်းမြောင်းပစ်ခတ်ရာတွင် **မြင့်ကျော်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- အလားတူ ဇွန် ၁၂ ရက်တွင် **မြင့်ကျော်**နှင့် **သက်နိုင်**တို့ နှစ်ဦးက ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဉာဏအောင်မြေလမ်း MICC-II ဂိတ်(၂)ဝင်ပေါက်ကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် **ရဲနိုင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ တိမ်းရှောင်နေသည့်နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာရှိ နေအိမ်များကို PDFအမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ဝင်ရောက်မီးရှို့ဖျက်ဆီး

ကန့်ဘလူမြို့နယ်၊ ပေါက်ကုန်းကျေးရွာအတွင်းရှိ လူနေအိမ်များအား PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ





**နေပြည်တော် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၊ ပေါက်ကုန်းကျေးရွာရှိ နေအိမ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက ဇွန် ၁၉ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာအတွင်းသို့ ဇွန် ၁၉ ရက် ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမား ဦးရေ ၅၀ ခန့်က ကျေးရွာ၏ အရှေ့တောင်ဘက်မှ ရွာအတွင်းသို့ ဆိုင်ကယ်များဖြင့် ဝင်ရောက်လာပြီး ကျေးရွာအတွင်းရှိ နေအိမ်များကို အကြောင်းမဲ့ ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ် ခုနစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ၏ နေအိမ်များကို အကြောင်းမဲ့ ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၅)ရပ်ကွက်နေ အိဖြူအောင်သည် ၎င်းအသုံးပြုသည့် "Ei Phyu Aung" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်နေ ဆန်းမိုးနှင့် နိုင်းနိုင်းတို့သည် ၎င်းတို့အသုံးပြုသည့် "San Moe" Facebook အကောင့်နှင့် "Nine Nine" Facebook အကောင့်၊ မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာနေ ဝေလွင်(ခ) ဗိုလ်တာယာသည် ၎င်းအသုံးပြုသည့် "Wai Lwin" Facebook အကောင့်၊ ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ စောရန်အောင် (ခ)အောင်လေးသည် ၎င်းအသုံးပြုသည့် "Aung Lay" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်နေ သစ်သစ်ဇင်သည် ၎င်းအသုံးပြုသည့် "Thit Thit Zin" Facebook အကောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၇)ရပ်ကွက်နေ ဝါဝါဦးသည် ၎င်းအသုံးပြုသည့် "War War Oo" Facebook အကောင့်၊ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပတ္တမြားရပ်ကွက်နေ ဇော်မျိုးထွန်း(ခ)ဇော်မျိုးသည် ၎င်းအသုံးပြုသည့် "Zaw Myo" Facebook အကောင့်၊ လပွတ္တာမြို့နယ်နေသူများဖြစ်ကြသည့် စိုးနိုင်၊ ယုမွန်ဖြိုးနှင့် မော်မော်(ခ)ခင်ခင်မော်တို့သည် ၎င်းတို့အသုံးပြုသည့် "Soe Naing" Facebook အကောင့်၊ "Yu Mon Phyo" Facebook အကောင့်နှင့် "Khin Khin Maw" Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0 w [illegible] [illegible] @

# ဝတ်ရည်စိုသောလိပ်ပြာ

ဝိုင်ဝိုင်




(၁)

နံနက်အရုဏ်တက်အချိန်ကို ကျွန်တော် အလွန်သဘောကျသည်။ သည်အချိန်ဆို ကျွန်တော့်အာရုံ ကြည်လင်စွာနိုးထနေကျ။ အိပ်ရာသိမ်းပြီး တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ပြီးသည်နှင့် ဘုရားရှင်အား မျက်နှာသစ်တော်ရေကပ်သည်။ ထမင်းပေါင်းအိုးတည်၊ ရေနွေးအိုးတည်ခဲ့ပြီး အိမ်ရှေ့ခြံဝင်းထဲနှင့် အိမ်ရှေ့လမ်းမပေါ်ကိုပါ အမှိုက်လှည်းခြင်းက ကျွန်တော်၏ နေ့စဉ်အလုပ်များဖြစ်သည်။ လမ်းမပေါ် အမှိုက်များ လှည်းပြီးသည်နှင့် အချိန်ကိုက်ဆိုသလိုပင် ကျက်သွားပြီဖြစ်သော ထမင်းပေါင်းအိုးကို ကျွန်တော်ချပေးထားသည့် ခြံပေါက်ဝကစားပွဲခုံပေါ်သို့ မေမေလာတင်တော့သည်။ ခဏအကြာတွင် ဘေးအိမ်မှ ကြီးကြီးလှလည်း ထမင်းပေါင်းအိုးလေးနှင့် ရောက်လာသည်။ နံနက်ခင်းတိုင်း မေမေနှင့် ကြီးကြီးလှ ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်းနေကျ။

"မြတ်မြတ်ကတော့ဟေ့ ဒီလိုသားလိမ္မာလေး မွေးရကျိုးနပ်ပါ့ကွယ်။ ငါ့သားသုံးယောက်ကတော့ တစ်နယ်စီမှာ။ မအေကို တစ်နေ့တစ်နေ့ ဖုန်းဆက်ဖော်တောင်မရဘူး။ ချွေးမတွေကလဲ ခွေးမလေးတွေလိုပဲ။ ငါ့များတွေ့ရင် သွားတဖြဲဖြဲနဲ့ ဟွန်း"

"ဟယ် မမလှကလဲ စောစောစီးစီး ဆွမ်းလောင်းဖို့ အာရုံကြည်ကြည်လင်လင်ထားစမ်းပါ။ ယောက္ခမဆိုတာကလဲ ဒေါက်ခွလို နေရာတကာလိုက်ခွမနေရဘူးလေ။ အဟင်း ဟင်း"

မေမေနှင့် ကြီးကြီးလှတို့ ပြောနေသောစကားများက ကျွန်တော် နားရည်ဝနေသောစကားများပင်။ တစ်ယောက်တည်းနေသော မုဆိုးမ ကြီးကြီးလှက လစဉ် သားသုံးယောက်ကပေးပို့သောငွေများဖြင့် မပူမပင်နေရသော်လည်း မိသားစုမေတ္တာငတ်နေရသူသာ။

"ဟဲ့ မင်းမင်း။ မင်းလဲနော် မိန်းမယူမယ်ဆိုရင် ရွေးအုံးကွဲ့။ ရည်းစားများများထားပြီး စိတ်ရင်းမနောကောင်းတာရှာယူ"

"မမလှရေ ရည်းစားများများထားတော့ မပြောပါနဲ့ရှင်။ မြတ်ရဲ့သားက ရည်းစားများလွန်းလို့ တားနေရတာ။ တစ်နေ့တစ်နေ့ သူ့ကို အဲဒါပဲ သတိပေးနေရတာ။ အခုခေတ်မိန်းကလေးတွေက လွယ်တာ မဟုတ်ဘူးလေ"

"အိုအေ ရည်းစားများတာ ဘာဖြစ်လဲ ယောကျ်ားလေးပဲ"

"ပြောလိုက် ကြီးကြီးလှ။ ဟား ဟား ဟား"

မေမေ့ကို ဟန်နှင့်ပန်နှင့်ပြောနေသော ကြီးကြီးလှကိုကြည့်ပြီး ကျွန်တော် သဘောကျစွာ အားရပါးရ ရယ်လိုက်မိသည်။

(၂)

"မောင် မေ့ကို ကတိပေးထားတာတည်ရမယ်နော်။ ကောင်မလေးလှလှမြင်တိုင်း သွားရောတတ်တဲ့ မောင့်အကျင့်ကိုပြင်ပါ့မယ်ဆိုတာ။ အခြားကောင်မလေးနဲ့ ဘယ်လိုအနေအထားမျိုးပဲဖြစ်ပါစေ ရင်းရင်းနှီးနှီး ပတ်သက်တာမျိုးကို မေ လက်မခံဘူးနော် ဟွန်း"

"ဟာစိတ်ချပါမေရယ်။ မောင့်ရင်ထဲမှာ မေ တစ်ယောက်တည်းပဲရှိတာ။ ဘာလဲ မောင့်ရဲ့မေက သဝန်တိုနေတာလား"

မျက်နှာလေးစူပုပ်ပုပ်နှင့် သဝန်တိုစကားပြောနေသော မေသဲဖြူကို ကျွန်တော်ချစ်သည်။ ရည်းစားများသော ကျွန်တော် မေနှင့်တွေ့မှ အရင်ရည်းစားအားလုံးကို အဆက်ဖြတ်လိုက်သည်။ မေ့ကိုသာ ဘဝလက်တွဲဖော်အဖြစ် ကျွန်တော်ရွေးချယ်ထား၏။

"စိတ်ချပါမေရယ်။ ကျောင်းပြီးတာနဲ့ မောင် အလုပ်ကြိုးစားမယ်။ မေ့ကို တန်ဖိုးထားလွန်းလို့ အရင်ရည်းစားတွေလိုတောင် မောင်မဆက်ဆံခဲ့ဘူး။ မောင့်မိသားစုတစ်ခုကို တည်ဆောက်နိုင်တဲ့အရည်အချင်းပြည့်တာနဲ့ မေ့ကိုလူကြီးစုံရာနဲ့ လာတောင်းမှာ"

"ဟွန်း"

မျက်စောင်းလှလှလေးထိုးလိုက်သည့် မေ့မျက်ဝန်းလေးက ကျွန်တော့်အတွက်တော့ အလွန်လှသော ပန်းပွင့်လေးများနှယ်။ ကျွန်တော်ထားခဲ့ဖူးသော ရည်းစားများက ကျွန်တော့်အတွက် အပျင်းပြေအတူ လျှောက်လည်ရန်သာ သဘောထားခဲ့သည်။ ပိတုန်းတစ်ကောင်လို ဝတ်ရည်စုပ်ရန်တော့ ကျွန်တော် မတွေး။ လှပသောပန်းကလေးများ၏ရနံ့ကို နှစ်သက်သော လိပ်ပြာလေးတစ်ကောင်လိုသာ ပန်းပေါင်းစုံအနား ကျွန်တော်ရစ်ဝဲမိခဲ့ခြင်းသာ။

"ကဲ. . . အတန်းချိန်နီးပြီမောင်။ သွားကြစို့"

ကျွန်တော်နှင့်မေက ရတနာပုံတက္ကသိုလ်တွင် ဂုဏ်ထူးတန်း နောက်ဆုံးနှစ်တက်နေကြသူများဖြစ်သည်။ ကျောင်းပြီးသည်နှင့် မေက ကျူတာဖြစ်ချင်သည်။ ကျွန်တော်ကတော့ ဖေဖေ့ပဲမျိုးစုံရောင်းဝယ်ဖောက်ကားသောပွဲရုံကြီးကို ဦးစီးလုပ်ကိုင်ရမည်။

"မင်း အခုချိန်တော့ ပညာသင်ရင်းလူငယ်ဘဝရဲ့ လွတ်လပ်ပျော်ရွှင်မှုကို အပြည့်အဝယူပေါ့ကွာ။ အေး ကျောင်းပြီးတာနဲ့ ပွဲရုံကိုဦးစီးတော့။ သားလက်ထဲကို ပွဲရုံအပ်ပြီးတာနဲ့ ဖေဖေလဲ စီးပွားရေးဆိုတာကို ခေါင်းထဲကထုတ်ပြီ။ ဝါသနာပါတဲ့ စာလေးရေးလိုက်၊ ကဗျာလေးရေးလိုက်နဲ့ ဘဝနေဝင်ချိန်ကို ဖြတ်သန်းချင်တာကွ"

ဖေဖေပြောခဲ့သောစကားများကို ပြန်ကြားယောင်မိရင်း မေ့လက်ကို လှမ်းဆွဲလိုက်မိသည်။

"ဟဲ့ မောင် ကင်တင်းထဲမှာ လူတွေရှေ့ကို အသာနေစမ်း။ ထ ထ အတန်းချိန်နီးပြီဆိုနေ"

လက်ကိုင်သည်ကိုပင် အရှက်သည်းတတ်သော မေ့ကို ကျွန်တော်ပိုချစ်နေမိသည်။ သူများ ရည်းစားအတွဲများဆိုလျှင် လက်ချင်းတွဲကာပင် လမ်းလျှောက်တတ်ကြသည်။ ကျွန်တော့်ကိုပြောအပြီး ထထွက်သွားသော မေ့နောက်သို့ အသာကပ်ကာ လိုက်လာရင်းမှ ကြည်နူးနေမိသည်။ တစ်နေ့ ကျွန်တော်ပိုင်ဆိုင်ရမည့် သည်အမျိုးသမီးလေးကို မြတ်နိုးတန်ဖိုးထားသည့် စိတ်က ရင်ထဲတွင်လှုပ်ခတ်ကာ ချမ်းမြေ့လျက်။

(၃)

"မောင်ရေ မေ စိတ်ချမယ်နော်"

"စိတ်ချပါမေရယ်။ မောင့်နှလုံးသားတစ်ခုလုံး မေ့ဆီထည့်ပေးလိုက်ပြီ။ ဖြစ်နိုင်ရင် မေ့ကိုအလုပ်မဝင်စေချင်ပါဘူးကွာ။ မေက ဝါသနာပါတဲ့ အလုပ်မို့သာ ခွင့်ပြုရတာ"

မျက်ရည်ကြည်များရစ်သိုင်းနေသည့် မေ့မျက်ဝန်းများကို ကျွန်တော်စိုက်ကြည့်နေမိသည်။ မိန်းကလေးများ၏လက်နက်က မျက်ရည်များလားဟု ကျွန်တော်တွေးမိ၏။ ကျွန်တော်၏ အကျင့်ဆိုးဖြစ်သော ပန်းလှလှလေးများအပေါ် ရစ်ဝဲချင်သည့်စိတ်ကို မေ့ မျက်ရည်ကြည်များက ဟန့်တားနေသယောင်။ မြစ်ကြီးနားတက္ကသိုလ်တွင် ကျူတာရာထူးဖြင့် မေ တာဝန်ကျသည်။ နောက်သုံးနှစ်ကြာမှ ကျွန်တော်နှင့်လက်ထပ်မည်ဟု ကတိပေးထားသည်။ မေ လိုက်ပါစီးနင်းမည့် ရထားကြီးက ထွက်ခွာတော့မည်။ ရထားပြတင်းပေါက်နားရပ်ပြီး မှာတမ်းခြွေနေသော ကျွန်တော့်နောက်သို့ မေ၏မေမေ ရောက်လာ၍ နောက်ဆုတ်ပေးလိုက်ရသည်။

"ကဲ. . . ရထားထွက်တော့မယ်။ သမီးရေ အစစအရာရာဂရုစိုက်နော်။ မေမေ့ဆီကို ညတိုင်းဖုန်းဆက်"

"ဟုတ်ကဲ့။ စိတ်ချပါ မေမေ"

ရထားကြီးထွက်ခွာသွားသည်ကို မျက်စိတစ်ဆုံး ကြည့်နေရင်း ရင်ထဲတွင်လစ်ဟာလာသည့် လွမ်းဆွတ်မှုက လေးလံလှသည်။ ကျောက်ရုပ်သဖွယ် ရပ်နေမိကာ ကျွန်တော်ခြေမလှမ်းချင်။

"မင်းမင်း ပြန်ကြမယ်လေကွယ်"

"ဟုတ် ဟုတ်ကဲ့"

ကျွန်တော့်ပခုံးကိုပုတ်ပြီး မေ့မေမေက ပြောလာသည်။ မေ့မေမေကို သူ့အိမ်သို့ ပြန်လိုက်ပို့ပေးရမည်။ မတော်ရသေးသည့် ယောက္ခမကြီးကို အိမ်ပြန်လိုက်ပို့ပေးပြီး ရပ်ဝေးဆီသို့ခွဲခွာသွားသော မေ့ကိုလွမ်းဆွတ်သည့်စိတ်နှင့် ကျုံးဘက်သို့ကားပတ်မောင်းလာမိသည်။ ကျုံးမြောက်ဘက်လမ်းအရောက်၌ ဆိုင်ကယ်ရပ်ကာ စိတ်ပျက်လက်ပျက်ငေးနေသော ရွှက်နုကိုတွေ့တော့ ကားကို လမ်းဘေးကပ်ရပ်ပြီး နှုတ်ဆက်လိုက်၏။

"ရွှက်နု ညီမလေး တစ်ယောက်တည်း ဘာရပ်လုပ်နေတာလဲ"

"ဟယ် ကိုမင်း အတော်ပဲ။ ဆိုင်ကယ်ဘီးပေါက်သွားလို့ ဝပ်ရှော့ကိုဖုန်းဆက်ထားတယ်။ ခဏစောင့်ပေးပါလား။ ရွှက်နုတစ်ယောက်တည်းမို့"

"အေး ရပါတယ်"

ကျွန်တော်တို့လမ်းထိပ်ရှိ ထောင့်ခွန်းအိမ်တွင်နေသော ရွှက်နုဆိုသည့်ကောင်မလေးမှာ မန္တလေးသို့ ရောက်လာသည်မှာ မကြာသေးသော်လည်း တစ်ရပ်ကွက်တည်းဖြစ်၍ ခင်မင်နေသည်။ ရွှက်နုကို အဖော်လုပ်ပေးရင်း သူပြောသောစကားများကို နားထောင်နေရသည်။ မိခင်ဆုံးသွား၍ ဖခင်မှာ နောက်အိမ်ထောင်ထူသွားသဖြင့် သူ့အဒေါ်နှစ်ယောက်က မန္တလေးတွင် သူတို့နှင့်အတူနေရန်ခေါ်လာကြောင်း၊ ဆယ်တန်းပြန်ဖြေရန်လည်း စိတ်မပါတော့ကြောင်း၊ စတိုးဆိုင်တစ်ခုတွင် အရောင်းစာရေးမ အလုပ်လာလျှောက်ရင်း ယခုလို ဆိုင်ကယ်ဘီးပေါက်ကြောင်း ပြောပြလေသည်။ ပြုံးပြီးမှ စကားပြောတတ်သော ရွှက်နု၏မျက်နှာလေးက အစွမ်းကုန်ပွင့်လန်းနေသော ပန်းကလေးနှယ်။ ရွှက်နုစကားများကိုသာ နားထောင်နေရသည်။ ကျွန်တော့်ရင်ထဲတွင်တော့ မေ့ကိုသာသတိရလျက်။

"မောင်နော်။ ကောင်မလေးတွေလှလို့ကြည့်မိရင်လဲကြည့်ပါ။ အကြည့်ရဲ့နောက်မှာ မောင့်စိတ်တွေ ကပ်ငြိပါမသွားစေနဲ့။ ပြီးတော့ မောင်က လေကပေါသေးတယ်။ စကားကိုလဲ အလွယ်မပြောနဲ့"

"မောင့် အကျင့်တွေကို မေ ပြင်ပေးထားတယ်လေကွာ။ ဒီကျူတာဆရာမကလဲ တကယ့်ကိုဆရာမကြီးပဲ ဟား ဟား"

မေ ပြောခဲ့သောစကားများကို ပြန်ကြားယောင်ရင်း ကျွန်တော်ပြုံးမိလိုက်သည်။

"ဟယ် ကိုမင်း ဘယ်သွားစရာရှိသေးလဲ။ ရွှက်နုကို အိမ်ပြန်လိုက်ပို့ပါပြောတာကို ပြန်မဖြေဘဲ ပြုံးနေတယ်"

"ဪ. . . အေး ကိုယ်လဲ အိမ်ပြန်မှာလေ။ ကားပေါ်တက်"

ရွှက်နု၏ဆိုင်ကယ်ကို ရပ်ကွက်တွင်းက ဝပ်ရှော့မှ ကောင်လေးနှစ်ယောက်က လာယူသွားသည်။ ရွှက်နုအိမ်ရှေ့၌ ကားရပ်လိုက်စဉ် သူ့အဒေါ်နှစ်ယောက်လုံး လာနှုတ်ဆက်ကြသည်။

"တော်ပါသေးရဲ့ကွယ်။ မင်းမင်းရေ တူမလေးကို ကူညီပေးလို့ ကျေးဇူးပါနော်"

"ဟုတ်ကဲ့ ရပါတယ်ခင်ဗျာ"

ရွှက်နု၏ အဒေါ်အပျိုကြီးနှစ်ယောက်က ရပ်ကွက်အတွင်း၌ ငွေတိုးပေးစားကာ အတော်လည်း လူလည်ကျပြီး သူတို့နှင့်မကင်းနိုင်ကြသူများအပေါ်တွင် ဩဇာညောင်းသူများဖြစ်သည်။

(၄)

"သားရေ မေက နောက်နှစ်ကျရင် ဒီကို ပြန်ပြောင်းလာရမှာမလား။ မနှင်းမေနဲ့မေမေ မနက်က ဈေးထဲမှာတွေ့လို့ အိမ်လည်လာခဲ့မယ် ပြောခဲ့သေးတယ်"

စာမျက်နှာ ၂၅ သို့ ➤

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပတ်ရထားဖြင့် စီးနင်းသွားလာသူ များပြားလာ



**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပတ်ရထားဖြင့် စီးနင်းသွားလာသူ များပြားလာကြောင်း ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပတ်ရထားဖြင့် စီးနင်းသွားလာသူ အရေအတွက်မှာ မေလမှစတင်ကာ များပြားလာပြီး လတ်တလော မြို့ပတ်ရထားဖြင့် စီးနင်းသွားလာသူ တစ်ရက်လျှင် လူဦးရေ ၇၀၀၀ ခန့်ထိရှိကြောင်း သိရသည်။

"ဒီနှစ်ဧပြီလမတိုင်ခင်က မြို့ပတ်စီးတဲ့ ခရီးသည်အယောက် ၄၀၀၀ လောက်ပဲရှိပါတယ်။ အခုကတော့ မြို့ပတ်စီးတဲ့ ခရီးသည် အယောက် ၇၀၀၀ လောက်ရှိပါတယ်။ ကြားရက်ဆိုရင် အယောက် ၆၅၀၀ လောက်နဲ့ ပိတ်ရက်ဆိုရင် အယောက် ၇၀၀၀ လောက် ပုံမှန်ရှိပါတယ်။ ရုံးတက်၊ ရုံးဆင်းချိန်ဆိုရင်တော့ ရထားကိုခပ်စိပ်စိပ် ထွက်ပေးပါတယ်။ ကျန်တဲ့အချိန်ဆိုရင်တော့ ခပ်ကျဲကျဲထွက်ပါတယ်"ဟု ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြသည်။

၂၀၁၂ ခုနှစ် ပထမခြောက်လထိ မြို့ပတ်ရထားစီးနင်းခများကို ခရီးစဉ်တစ်ကြောင်းလျှင် ငွေကျပ် ၁၀၀ သတ်မှတ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်မှ ယနေ့ထိ မြို့ပတ်ရထားစီးနင်းခများကို ခရီးစဉ်တစ်ကြောင်းလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ပြောင်းလဲကောက်ခံလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှု အနေဖြင့် နေ့စဉ်အခေါက်ရေ ၂၆ ခေါက်နှုန်း ပြေးဆွဲပေးလျက်ရှိပြီး လက်ရှိတွင် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေရာ အဆိုပါမြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုပြီးစီးသွားပါက မြန်နှုန်းမြင့်ရထားများ အသုံးပြုကာ နေ့စဉ် ရထားစီးခရီးသည်ဦးရေ ၂၄၀၀၀၀ ခန့်စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ASH

## အပြုံးသည်သာ အေးချမ်းရာ

\- ကိုယ့်အပြုံးကြောင့်
နှလုံးစိတ်ဝမ်း သူအေးချမ်းသော်
ရွှင်လန်းကိုယ့်မှာ ထပ်ထူသာလျှင်
ချမ်းသာစိတ်တွင်း ချစ်ခြင်းတည်၏။

\- ကိုယ့်အပြုံးကြောင့်
နှလုံးအမူအရာ နွမ်းလျော့လာမူ
သူသာငေးငိုင် မပြုံးနိုင်၍
မှိုင်တွေကိုယ်လည်း စိတ်ဝမ်းနည်း၏။

\- ကိုယ့်ကိုသူမြင်
ကိုယ်ကမြင်ရ ထိုခဏဝယ်
ကိုယ်ကလည်းပြုံး သူလည်းပြုံး၍
အပြုံးကိုယ်စီ ဖလှယ်ပြီသော်
ငါသည် အေးချမ်း သူအေးချမ်းလို့
စိမ့်စမ်းရေပမာ အေးမြလာ၏။
အပြုံးဖြင့်သာ အေးချမ်းရာ၏။ ။

**ချစ်သက်(မြန်မာစာ)**

➤ စာမျက်နှာ ၂၄ မှအဆက်

ညစာ ထမင်းစားပြီးသည်နှင့် မိသားစုစကားဝိုင်းကို ၁ နာရီခန့် ရေနွေးကြမ်းသောက်ရင်း ပြောတတ်ကြသည်။ ဖေဖေက စီးပွားရေး လာဘ်မြင်တတ်ရန်နှင့် လူကဲခတ်တတ်ရန် တဖွဖွပြောတတ်သလို မေမေကတော့ ကျွန်တော့်ဘဝရေးရေးကိုသာ အာရုံစိုက်တတ်သူဖြစ်သည်။ သိမ်မွေ့ယဉ်ကျေးသော မေသဲဖြူကို ချွေးမတော်ရရေး မေမေစိတ်လောနေသည်။

"အေးကွာ။ သားအမိနှစ်ယောက်သွားကြလေ။ မနှင်းမေကိုလဲ အိမ်လည်ခေါ်ပြီး ထမင်းဖိတ်ကျွေး၊ သားရေးသမီးရေး ကြိုတင်ဆွေးနွေးထားကြရအောင်ကွာ"

သဘောကျစွာပြုံးလိုက်ရင်းပြောသည့်ဖေဖေ့အသံက နှစ်သက်ဖွယ်။ ကျွန်တော်နှင့်မေ့ကို နှစ်ဖက်မိဘများက ခွင်းချက်မရှိသဘောတူကြသည်။ ညစဉ်မေ့ကိုဖုန်းဆက်ပြီး လွမ်းနေကြောင်းပြောရသည်မှာ မမောနိုင်မပန်းနိုင်။

"အဲဒီတော့ သားတို့ နောက်နှစ်ကျရင် လက်ထပ်ပြီး ကလေးမြန်မြန်ယူကြ။ မေမေ မြေးထိန်းချင်လှပြီ အဟင်းဟင်း"

"ဟာဗျာ မေမေကလဲ"

"ဟာကွာ ငါ့သားမဟုတ်သလိုပဲ။ ရှက်ပြနေတဲ့ကောင် ဟားဟား"

စိတ်ကူးနှင့်မြူးနေကြသော ကျွန်တော်တို့မိသားစုလေးက အေးချမ်းခြင်းအတိ။

(၅)

"ဟင် ရွက်နု"

နံနက်အရုဏ်တက်ချိန် ကျွန်တော် လုပ်ရိုးလုပ်စဉ်အတိုင်း ခြံဝင်းထဲ အမှိုက်လှည်းအပြီး အိမ်ရှေ့လမ်းမပေါ် အမှိုက်လှည်းရန် ခြံတံခါးဖွင့်လိုက်သည်နှင့် လှစ်ခနဲ ရွက်နုက ဝင်လာသည်။

"ရွက်နု မနက်ဝေလီဝေလင်းပဲရှိသေးတာ ဘာဖြစ်လို့လဲ။ တစ်ယောက်တည်းဘာလို့ ရောက်လာတာလဲ"

"လာ ကိုမင်း ဒန်းပေါ်မှာ ထိုင်ရအောင်"

မျက်နှာညိုးညိုးနှင့် ရွက်နုက ခြံထောင့်ရှိ ဒန်းပေါ်သွားထိုင်သည်။ ကျွန်တော်လည်း ယောင်နနနှင့် ရွက်နုဘေး ဝင်ထိုင်လိုက်မိသည်။ အသက် ၂၀ ပင်မပြည့်သေးသော ရွက်နုက ဘာတွေများဖြစ်လာ၍ ကျွန်တော့်ထံ ရောက်လာသည်ကို တွေး၍မရ။

"အဟင့် ဟင့် ရွက်နုသေချင်တယ် ကိုမင်းရဲ့"

ကျွန်တော့်ပခုံးပေါ် မျက်နှာအပ်ကာ ငိုချလိုက်သောရွက်နု။ ခေါင်းနားပန်းကြီးသည်ထိ ကျွန်တော်ပူထူသွားမိသည်။ ကပ်နေသော ရွက်နုကိုယ်ခန္ဓာကို ကျွန်တော်ဆွဲဖယ်လိုက်သည်။

"နေပါအုံး ရွက်နု။ ဘာဖြစ်လာလို့လဲ"

"ဟင့် ကိုမင်းပဲပြောထားတယ်လေ။ ဘာဖြစ်ဖြစ် ကိုမင်းရှိတယ်။ ကိုမင်းဆီကို လာခဲ့ဆို။ ကိုမင်း တာဝန်ယူတယ်ဆို။ အဒေါ်တို့နဲ့မတည့်ရင် အားမငယ်နဲ့ဆို"

"ဟာ. . . အဲဒါက ညီမလေးစိတ်ညစ်လို့ Message ပို့တိုင်း ပြန်နှစ်သိမ့်ပေးတဲ့သဘောလေ။ ကဲ. . . အခု ကိုမင်းဆီကို ရောက်လာတယ် ဟုတ်လား။ ကိုယ့်အဒေါ်တွေ ဆုံးမသွန်သင်ရင်လဲ စိတ်မဆိုးရဘူး။ ထပါ ကိုမင်းပြန်လိုက်ပို့မယ်"

တရှုပ်ရှုပ်ငိုနေသော ရွက်နုကမထ။ ထိုစဉ်-

"ဟဲ့ရွက်နု။ ငါတို့ထင်တဲ့ အတိုင်းပါလား။ ညည်းက အဒေါ်တွေရင်ဝကို စုံကန်ပြီး အားကိုးရာဆီပြေးတယ်ပေါ့ ဟုတ်လား"

"အီးဟီးဟီး။ ဟုတ်တယ် အားကိုးတယ်။ တီတီတို့က သမီးကို ထမင်းတစ်လုတ် တုတ်တစ်ချက်လုပ်ထားကြတာ။ သမီးဘာလုပ်လုပ် အပြစ်ပဲမြင်နေကြတာ။ သမီး အားကိုးရှာတယ်။ ဘာဖြစ်လဲ"

သူတို့ပြောနေသောစကားများက ကျွန်တော့်ခေါင်းကို မိုးကြိုးပစ်လိုက်သလိုပင်။ ရင်ဘတ်အတွင်းမှ မေ့ကိုချက်ချင်းသတိရမိသည်။

"ဟာဗျာ။ နေကြပါအုံး။ ဘာအားကိုးရှာတာတွေ ပြောနေကြတာလဲ။ ကျွန်တော်နဲ့ရွက်နု ဘာမှ မဆိုင်ဘူး"

"ဘာဖြစ်နေကြတာလဲ"

ကျွန်တော့်အသံကျယ်သွားခြင်းနှင့် တိတ်ဆိတ်နေသည့် နံနက်ခင်းတွင် လမ်းလျှောက်ထွက်လာကြသော လူကြီးသုံးယောက် ခြံထဲသို့ဝင်လာကြရင်း မေးသည်။

"သားရေ ဘာတွေဖြစ်နေတာလဲ"

ဖေဖေနှင့်မေမေလည်း အိပ်ရာမှနိုးလာကာ အံ့သြလျက်။

"ဘာဖြစ်ရမှာလဲ။ မနေ့ညက ရွက်နုကို ကျွန်မတို့ညီအစ်မနှစ်ယောက် ဝိုင်းပြီးဆူလိုက်မိတာ။ ကျွန်မတစ်ရေးနိုး ထကြည့်ကတည်းက ရွက်နုပျောက်သွားတာ။ အရင်နေ့တွေကတည်းက မသင်္ကာနေတာ။ ညညဆိုရင် ဖုန်းနဲ့စာတွေပို့ပို့နေတာ။ မင်းမင်းနဲ့ဆိုတာ သိနေလို့ ရွက်နုကို မင်းမင်းခိုးပြေးသလားထင်ပြီး အခုလိုစောစောစီးစီး လာကြည့်တာပေါ့"

ရွက်နုက စာတွေလာလာပို့တိုင်း ကျွန်တော်လည်း လေပေါတတ်သည့် ထုံးစံအရ စာများပြန်ပို့ခဲ့မိသည်။ ရွက်နု စိတ်သက်သာရာရပါစေ သဘောနှင့် အလွယ်ပြန်ပို့ခဲ့သောစာများက ကျွန်တော့်ကိုပြန်၍ အခက်တွေ့စေပြီ။

"ဟာ. . . ရွက်နု ပြောလိုက်လေ။ ညကတည်းက ရောက်နေတာ မဟုတ်ဘူး။ ခုနကမှ ရောက်လာတာဆိုတာကို ပြောလိုက်လေ။ ကိုမင်းနဲ့ဘာမှ မပတ်သက်ဘူးလို့"

ကျွန်တော့်ငယ်ထိပ်ကို မြွေပေါက်လိုက်သလိုလန့်ပြီး အလျင်အမြန် ပြောလိုက်မိသည်။

"အဟင့် ဟင့် ကိုမင်းက ဘာလို့မပတ်သက်ဘူးပြောတာလဲ။ ကိုမင်းကိုသာ အားကိုးစမ်းပါလို့ ဘာလို့ပြောခဲ့သေးလဲ"

ရွက်နုက ကျွန်တော့်လက်ကို အတင်းဆုပ်ကိုင်ထားသည်။ စားမတတ်ဝါးမတတ်ကြည့်ကာ ဒေါသူပုန်ထနေသော သူ့အဒေါ်များ။ ရပ်ကွက်တွင်းမှ လူကြီးသုံးယောက်ကလည်း မျက်နှာထားတည်တည်နှင့်။ ဘာပြောရမည်မသိတော့သော ကျွန်တော့်မိဘနှစ်ပါး။

"အမယ် မင်း မိကောင်းဖခင်သားပီသစမ်းပါ။ ငါ့တူမက ဘာမှမပတ်သက်ဘဲ မင်းဆီရောက်နေမလားဟဲ့။ ပြီးတော့ ညကတည်းက"

"ဟာ မဟုတ်ဘူး။ ရွက်နု ပြောလိုက်လေ"

ကျွန်တော့်လက်ကိုဆောင့်ရုန်းပြီး မျက်ထောင့်နီနှင့်ကြည့်ကာ ရွက်နုကို အော်လိုက်၏။

"ဟုတ်တယ်။ ညကတည်းက ကိုမင်းအခန်းထဲကို ရွက်နုရောက်နေတာလေ"

"ဟင်. . ."

"ဟာ. . ."

"ကဲ. . . ဘာငြင်းအုံးမှာလဲ။ ကာယကံရှင်က ပြောနေပြီ"

သွားပါပြီ။ ကျွန်တော့်စကားကိုမယုံကြ။ မပြေးသော် ကန်ရာရှိဆိုသလို လူအများ အပြင်မထွက်ကြသေးသည့် အရုဏ်တက်ချိန်၌ ကျွန်တော့်အိမ်တွင် ရွက်နုကို တွေ့ရခြင်းကပင် ကျွန်တော့်တာဝန်ဖြစ်ရချေပြီလားမဆိုနိုင်။

"ဟာ. . . ရွက်နု။ နင် နင် မဟုတ်တာမပြောနဲ့"

"အဟင့် ဟင့် ဟင့်"

"ကဲပါဗျာ ညီညီနွီးနွီးပြောကြပါ။ လာကြပါ။ အိမ်ထဲဝင်ထိုင်ကြပါ"

အရာရာကို ချင့်ချိန်တွေးဆပြီး ပြောတတ်သော ဖေဖေက အားလုံးကို အိမ်ထဲသို့ ခေါ်ခဲ့လိုက်သည်။ ကျွန်တော့်ရင်တွင်း ဗလောင်ဆန်နေပြီ။ အသားများတဆတ်ဆတ်တုန်ကာ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်တိုနေမိသည်။ သည်ကိစ္စကို မေသိလျှင် ကျွန်တော့်ကို ခါးသီးစွာမုန်းတော့မည်။ ရွက်နုက သူနှင့်ကျွန်တော် စာအပြန်အလှန်ပို့ထားသည်များကို ဖုန်းဖွင့်ကာ ပြသနေသည်။ လူကြီးများက ညှိနှိုင်းစကားများကို တစ်ယောက်တစ်မျိုးစီ ပြောနေကြသည်ကို ကျွန်တော် မကြားနိုင်တော့။ အဆိပ်ပြင်းသော မိန်းကလေး။ ကျွန်တော့်ဘဝကို အကွက်ကျကျ ဝါးမျိုလိုက်သော မိန်းကလေး။

"ရွက်နုနဲ့ကျွန်တော် ဘာမှမဖြစ်ခဲ့တာ ရွက်နုအသိဆုံး။ အဲဒီတော့ ခင်ဗျားတို့ရွက်နုကို ပြန်ခေါ်သွားပါ"

"အဟင့် ဟင့် မရက်စက်ပါနဲ့ ကိုမင်းရယ်"

"ဘာ. . . မင်းအိမ်ကို ညကတည်းကရောက်နေတဲ့ မိန်းကလေးကို တာဝန်မယူဘူးဆိုတော့လဲ ရတယ်လေ။ မင်းက ငါ့တူမကို အားကိုးပါ တာဝန်ယူပါ့မယ်ပြောထားတဲ့စာ သက်သေတွေရှိနေတာပဲ ဥပဒေအတိုင်း မင်းရင်ဆိုင်"

ချည်ပြီးတုပ်ပြီးပြောနေသော ရွက်နု၏အဒေါ့်စကားက အောင်နိုင်သူပမာ-

"အကျယ် အကျယ်တွေ မလုပ်ကြနဲ့တော့။ သားရေ နှုတ်တစ်ရာ စာတစ်လုံးတဲ့။ မင်းကတော့ ဝတ်ရည်စိုတဲ့ လိပ်ပြာဖြစ်ပြီကွာ"

ဖေဖေ့ဆုံးဖြတ်ချက်၊ ဖေဖေ့စကားကို ငယ်စဉ်ကတည်းက အမြဲ လိုက်နာခဲ့ရသောကျွန်တော်။ ကျွန်တော့်ကို နှမြောတသကာ ကြည့်ရင်း မျက်ရည်ကျနေသောမေမေ။ ဝတ်ရည်စိုသောလိပ်ပြာက နှလုံးသားရှင်သန်ပြီး ပျံသန်းနိုင်မည်ဟု ကျွန်တော်မထင်။

ခရီးသွားဆောင်းပါး

# ခရီးမဝေးပေါင် ရှမဝတောင်

သက်နိုင်(ပြင်ဦးလွင်)

လောက်ကိုင်၊ ကုန်းကြမ်းစတဲ့ တရုတ်နိုင်ငံနယ်စပ်ရှိရာမြို့တွေထိ ခရီးပန်းပန်း၊ ခရီးကြမ်းကြမ်းတွေက နေ ပြန်လာပြီးတဲ့အခါမှာ နောက်ထပ်ခရီးဝေးဝေး လံလံတွေကို မသွားချင်သေးတာကြောင့် ဒီတစ်ပတ် ခရီးစဉ်ကို ဘုရားလဲဖူး၊ ကုသိုလ်လဲရ၊ ဗဟုသုတလဲဖြစ်၊ အပန်းလဲဖြေရအောင် သေသေချာချာစဉ်းစား စီစဉ်ရွေးချယ်ပြီးမှ ထွက်လာခဲ့ပါတယ်။ ဒီခရီးစဉ်ကတော့ ပြင်ဦးလွင်မြို့နယ်အတွင်းမှာရှိနေတဲ့ ဒုဋ္ဌဝတီ ခေါ် မြစ်ငယ်မြစ်ရိုးတစ်လျှောက်နဲ့ ကဖြူးရွာခရီးစဉ်ပဲဖြစ်ပါတယ်။ ခရီးစဉ်အနေအထားက ပြင်ဦးလွင်မြို့နဲ့ မနီးမဝေးမှာရှိနေသလို ရောက်ဖူးပြီးတဲ့သူတွေကော၊ မရောက်ဖူးသေးတဲ့သူတွေကော စနစ်တကျပြင်ဆင်ပြီး သွားရောက်လေ့လာလည်ပတ်သင့်တဲ့နေရာတစ်ခုပါ။ ပြင်ဦးလွင်မြို့နယ် တောင်ဘက်တစ်ခြမ်းခရီးစဉ် ဆိုရင်လဲ မမှားပါဘူး။ ခရီးစဉ်မှာ ပြင်ဦးလွင်မြို့နယ်နဲ့ ပုသိမ်ကြီးမြို့နယ် နယ်နိမိတ်အစပ် မိုင်တိုင်အမှတ် ၁၆ မိုင်အနီးမှာရှိနေတဲ့ ရှမဝတောင်၊ ဒုဋ္ဌဝတီမြစ် ဘေးတစ်လျှောက်မှာရှိနေတဲ့ ရေပေါ် အပန်းဖြေစခန်းတွေ၊ ခိုနန်းရှင်လိုဏ်ဂူတော်၊ ရေပြာအိုင်နဲ့ ကဖြူးရွာအနီးက အလွန်သာယာလှပတဲ့ သဘာဝရှုခင်းတွေကို ရောက်ရှိတွေ့မြင်ကြရမှာဖြစ်ပါတယ်။

ခရီးလမ်းကြောင်းက ပြင်ဦးလွင်မြို့ကနေ မန္တလေးမြို့သွားတဲ့လမ်းအတိုင်း တောင်ခြေ ၁၆ မိုင်ထိ ဆင်းလာခဲ့ပြီး ခရီးစဉ်မှာပါဝင်နေတဲ့ နေရာဒေသတွေကို တစ်ခုပြီးတစ်ခု ဝင်ရောက်လေ့လာလည်ပတ်ကြရမှာပါ။ ပြီးမှ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလမ်းကနေ ကဖြူးရွာအထိ၊ ကဖြူးရွာကနေ ပြင်ဦးလွင်-ကျောက်ဆည်လမ်းအတိုင်း ပြင်ဦးလွင်မြို့နယ် တောင်ဘက်အခြမ်းကို တစ်ပတ်ပတ်ပြီး အနီးစခန်း နီးဘုရားကြီးအရှေ့လမ်းကတစ်ဆင့် ပြင်ဦးလွင်မြို့ထဲကို ပြန်လည်ဝင်ရောက်ကြရမှာဖြစ်ပါတယ်။ ခရီးလမ်းကြောင်းနဲ့ သွားရောက်လေ့လာကြရမဲ့ နေရာဒေသအနေအထားတွေအရ ပြင်ဦးလွင်မြို့ကနေ တစ်နေ့တာခရီးနဲ့ လုံလောက်နေပြီး မန္တလေးမြို့ကနေသွားမယ်ဆိုရင် တစ်နေ့တာနဲ့ လုံလောက်မှာမဟုတ်ပါဘူး။ မြန်မြန်သွား မြန်မြန်လာကြမယ်ဆိုရင်တောင် အပြန်ခရီးမှာ မိုးချုပ်နိုင်ပါတယ်။ ဘယ်မြို့ကနေသွားသွား အသုံးပြုမဲ့ကားက ကောင်းနေဖို့အထူးလိုအပ်ပါတယ်။ ကဖြူးရွာအနီးမှာ ရှုခင်းတွေက သာယာလှပသလို အတက်၊ အဆင်းခရီးလမ်းတွေကလဲ အလွန်ရှည်လျားမတ်စောက်ကြပြီး တစ်ခါတစ်ရံ အန္တရာယ်တွေနဲ့ကြုံတွေ့နိုင်ပါတယ်။

ဒီခရီးစဉ်ကို သတ်မှတ်ရက်ဖြစ်တဲ့ တနင်္ဂနွေနေ့တစ်ရက်မှာ မိမိနဲ့အတူ အပတ်စဉ် ဗုဒ္ဓဟူးနေ့စနေနေ့တိုင်း ဘုရားဝေယျာဝစ္စတာဝန်ထမ်းဆောင်နေကြတဲ့ ပြင်ဦးလွင်မြို့ လေးမျက်နှာမြမဥ္ဇူဘုရားက လုပ်ဖော်ကိုင်ဖက် ဘုရားလူကြီးတွေနဲ့ ထွက်ခွာလာခဲ့ကြတယ်။ အသုံးပြုတဲ့ကားကတော့ ခရီးမထွက်ရတာကြာနေပြီဖြစ်တဲ့ မိမိရဲ့ခွေးဘီလူးကားလေးပါ။ တစ်နေ့ကုန်အေးအေးဆေးဆေးခရီးလဲဖြစ်၊ ကားပေါ်မှာလိုက်ပါလာကြသူတွေကလဲ အသက် ၇၀ ကျော်လူကြီးတွေဖြစ်နေတာကြောင့် စတင်ထွက်ခွာမောင်းနှင်လာကတည်းက ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာခဲ့ပြီး ကားမောင်းချိန် တစ်နာရီလောက်မှာ တောင်ခြေ ၁၆ မိုင်မှာရှိတဲ့ ရှမဝတောင်ကို ရောက်ရှိလာကြတယ်။ ရှမဝတောင်က ပုသိမ်ကြီးမြို့နယ်နဲ့ ပြင်ဦးလွင်မြို့နယ် မြို့နယ်နှစ်ခုရဲ့နယ်စပ်မှာတည်ရှိနေပေမဲ့ ပုသိမ်ကြီးမြို့နယ်ထဲမှာပါဝင်နေပါတယ်။

ရှမဝတောင်ကို ပြင်ဦးမြို့ရောက်ဖူးသူတိုင်း၊ ပြင်ဦးလွင်ကနေ မန္တလေးဆင်းဖူးသူတိုင်း၊ အထက်ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို သွားဖူးသူတိုင်း သတိထားသိမြင်ထားကြမယ်ထင်ပါတယ်။ တောင်က မနိမ့်လွန်း၊ မမြင့်လွန်း အမြင့်ပေ ၂၀၀ လောက်သာရှိတဲ့ တောင်စွယ်တောင်တန်းတစ်ခုပါ။ ရှမဝတောင်ကို သိမြင်သတိထားမိသူ များပြားနိုင်ပေမဲ့ တောင်ပေါ်ကို တက်ရောက်ကြဖူးသူ၊ တောင်အကြောင်းကို သိရှိသူ အလွန်နည်းပါးပါလိမ့်မယ်။ မိမိနဲ့အတူ အသက် ၇၀ နှစ်ကျော် ခရီးဖော်လူကြီးတွေကိုယ်တိုင် အခုမှ ပထမဦးဆုံးအကြိမ်အဖြစ် ရောက်ရှိကြရတာပါ။ ပြင်ဦးလွင်မြို့နဲ့ မန္တလေးမြို့ကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဆင်းခဲ့၊ တက်ခဲ့ကြပြီးပြီဖြစ်ပေမဲ့ တောင်ခြေအနီးကနေကပ်ကျော်ပြီး သွားလာနေခဲ့ကြရတယ်။ အခုတော့ တောင်ပေါ်ကိုတက်ရောက်လေ့လာကြဖို့အတွက် ခရီးစဉ်ကို သေသေချာချာပြင်ဆင်ခဲ့ပြီး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ကြပါပြီ။

တောင်ခြေမှာကားရပ်လိုက်တာနဲ့ တောင်တက်လှေကားစောင်းတန်းတွေက အဆင်သင့်ပါ။ နောင်အခါ လမ်းတွေကို တိုးချဲ့ဖောက်လုပ်မယ်ဆိုရင်



တောင်တက်စောင်းတန်းနဲ့လှေကားတွေ လွတ်မယ် မထင်ပါဘူး။ တောင်ကမြင့်မားတာမရှိပေမဲ့ လှေကားထစ်တွေက မတ်စောက်နေတယ်။ အသက်အရွယ်ကြီးနေပြီဖြစ်တဲ့ ခရီးဖော်တွေ တစ်လှမ်းချင်း၊ တစ်ထစ်ချင်း နားနားတက်နေရတယ်။ ပထမအကွေ့ အတက်တစ်ခု၊ ဒုတိယအကွေ့ အတက်တစ်ခုနဲ့ တတိယအကွေ့ အတက်တစ်ခုကို တက်ရောက်ပြီးတာနဲ့ တောင်ထိပ်ပေါ်ကို ရောက်ရှိလာကြတယ်။ တောင်ထိပ်မှာ စေတီတော်တစ်ဆူနဲ့ ကြွေပြားခင်းရင်ပြင်တော်ရှိနေတယ်။ စေတီတော်ရဲ့ဉာဏ်တော်အမြင့်က အသင့်အတင့်သာရှိနေသလို ရင်ပြင်တော်ကလဲ အသင့်အတင့်သာ ကျယ်ဝန်းပါတယ်။ တောင်ထိပ်ပေါ်ကို ရောက်လာတာနဲ့ အေးမြတဲ့လေပြည်လေညင်းလေးတွေ တိုက်ခတ်ပေးနေတာကြောင့် လှေကားမတ်မတ်တွေကနေ တစ်ထစ်ချင်း၊ တစ်လှမ်းချင်း ပင်ပင်ပန်းပန်းတက်ရောက်ခဲ့ရတဲ့အမောတွေ တဖြည်းဖြည်းနဲ့ ပြေပျောက်သွားခဲ့ရတယ်။

ရှမဝတောင်ရဲ့မြောက်ဘက်မှာ ရှည်လျားမြင့်မားတဲ့ ဆက်စပ်တောင်တန်းကြီးတွေရှိနေကြပြီး ရှမဝတောင်က အဆုံးသတ်တောင်စွယ်တောင်တန်းတစ်ခုပါ။ ဒါကြောင့် တောင်ပေါ်ကနေ တောင်ဘက်အရပ်မှာရှိနေတဲ့ မြင်ကွင်းကျယ်ကျယ်တွေနဲ့ အရှေ့ဘက်၊ အနောက်ဘက်က ရှုခင်းအနည်းငယ်ကိုသာ မြင်တွေ့ခွင့်ရနေတယ်။ ကျွဲနဖားတောင်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေစာရံစေတီတော်တွေက တောင်ပေါ်ကနေ ထင်ထင်ရှားရှားပါ။ ပိုပြီးထင်ရှားတာတွေက တောင်ခြေမှာအနီးကပ်ရှိနေတဲ့ ကျောက်ချောရွာ၊ ဘိလပ်မြေစက်ရုံဟောင်းကြီးနဲ့ ၁၆ မိုင်တိုးဂိတ်စခန်းတွေဖြစ်ပါတယ်။ တောင်ပေါ်အမြင့်ကနေ မြင်တွေ့နေရတဲ့ ကျောက်ချောရွာလေးက တောအုပ်ထဲက ရွာလေးတစ်ရွာလိုဖြစ်နေတယ်။ တစ်ရွာလုံးကို သစ်ပင်စိမ်းစိမ်းတွေက ဖုံးအုပ်ထားပြီး တစ်စွန်းတစ်စထွက်ရှိနေတဲ့ လူနေတိုက်တာအိမ်ခြေတွေရဲ့ အမိုးအနည်းငယ်ကိုသာမြင်တွေ့နေရတယ်။ ဘိလပ်မြေစက်ရုံဟောင်းကြီးကတော့ မီးခိုးခေါင်းတိုင်တွေသာ ကျန်ရစ်နေပါတော့တယ်။ ၁၆ မိုင်တိုးဂိတ်မှာ ပြင်ဦးလွင်အတက်အဆင်း၊ အသွားအပြန် ကားတန်းကြီးတွေ စီတန်းရှည်လျားစွာရှိနေတာကို မြင်တွေ့နေရတယ်။

ဒေသခံတွေရဲ့ပြောဆိုချက်အရ ရှမဝတောင်ပေါ်မှာ စေတီတော်ခြောက်ဆူနဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ တည်ရှိကိုးကွယ်ထားပြီး ပထမဦးဆုံးစေတီတော်ကြီးကို ၁၉၄၈ ခုနှစ်မှာ ကျောက်ချောရွာထုံးသူကြီး ဦးလှတင်နဲ့ဇနီး ဒေါ်သန်းထိုက်တို့က တည်ထားခဲ့ကြောင်း လေ့လာသိရှိထားရတယ်။ စေတီတော်တွေမတည်မီ ရှေးယခင်ကတည်းက တောင်ခြေမှာ ဇရပ်ကြီးတစ်ဆောင်ရှိနေခဲ့တယ်။ ဒီဇရပ်ကြီးက မန္တလေးမြို့ဝန်းကျင်နဲ့ ပြင်ဦးလွင်ဒေသတွေကနေ ကုန်ရောင်း၊ ကုန်ဝယ်ကြတဲ့ နွားလှည်းတွေ၊ ဝန်တင်လှည်းတွေ၊ အထူးသဖြင့် ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာနဲ့ သုံးထောင်ကျေးရွာတို့က ဒေသထွက်မီးသွေးတွေကို တင်ဆောင်လာကြတဲ့ နွားလှည်းတွေစခန်းချတည်းခိုအိပ်စက်ကြရာ ဇရပ်ကြီးဖြစ်ခဲ့ရတယ်။

ရှမဝတောင်ပေါ်မှာ ပထမစေတီတော်ကြီးကို တည်ပြီးတဲ့နောက် ၁၉၆၂ ခုနှစ်ဝန်းကျင်ကာလတွေမှာ ဒေသခံထုံးလုပ်ငန်းရှင်တွေ၊ ထုံးလုပ်သားတွေရဲ့ ဝိုင်းဝန်းစုပေါင်းလှူဒါန်းတဲ့ စေတီတော်အသစ်တွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေ ထပ်မံတိုးပွားများပြားလာခဲ့တယ်။ ဒို့ပြင် တောင်တက်စောင်းတန်းလှေကားတွေ၊ အာရုံခံတန်ဆောင်းတွေကို တိုးချဲ့ပြုလုပ်နိုင်ခဲ့ကြသလို နောက်ပိုင်းခေတ်တွေမှာ လျှပ်စစ်မီးတွေကိုပါ ထွန်းညှိပူဇော်လာနိုင်ခဲ့ကြတာ အခုဆိုရင် တောင်တော်ကြီးတစ်ခုလုံး သပ္ပာယ်ကြည်ညိုဖွယ်ရာ၊ လှပတင့်တယ်ဖွယ်ရာတွေနဲ့ ပြည့်စုံနေပါပြီ။ တောင်ပေါ်တောင်တန်းတစ်လျှောက် လေ့လာကြည့်ရှုဖူးမြော်စရာစေတီတော်တွေ၊ ရုပ်ပွားတော်တွေ ကျန်ရှိနေသေးပေမဲ့ ဒုဋ္ဌဝတီကမ်းခြေအပန်းဖြေစခန်းတွေရှိရာကို သွားရောက်ကြရအုံးမှာမို့ တောင်ထိပ်ပေါ်က အဓိကစေတီတော်ကြီးကို ဖူးမြော်ပြီး ပတ်ဝန်းကျင်ကရှုခင်းတွေကို ကျေနပ်လောက်အောင်ကြည့်ရှုပြီးတာနဲ့ တောင်ပေါ်ကနေ ပြန်ဆင်းလာခဲ့တယ်။

ဒုဋ္ဌဝတီမြစ်ဘေး အပန်းဖြေကမ်းခြေတွေရှိရာကို သွားရောက်ဖို့အတွက် လမ်းမကြီးကိုကူးဖြတ်ပြီး ကျောက်ချောရွာတွင်းကို မောင်းနှင်ဝင်ရောက်လာခဲ့ရတယ်။ အခုတော့ ကျောက်ချောရွာလေးက ရှမဝတောင်ပေါ်ကနေ မြင်တွေ့ခဲ့ရတဲ့တောအုပ်ထဲက ရွာတစ်ရွာမဟုတ်တော့သလို လူနေအိမ်တွေ၊ ဈေးဆိုင်တွေ၊ အဆောက်အအုံတွေ နီးကပ်ရှုပ်ထွေးစွာရှိနေတဲ့ ရွာတစ်ရွာအဖြစ် တွေ့မြင်နေရတယ်။ ရွာရဲ့အပေါ်ပိုင်း အထက်စီးကနေ မြင်တွေ့ရတဲ့မြင်ကွင်းနဲ့ အတွင်းပိုင်းကို ထဲထဲဝင်ဝင်ရောက်ရှိမြင်တွေ့နေရတဲ့ မြင်ကွင်းတွေက လုံးဝကိုမတူညီတော့ပါဘူး။

ဒုဋ္ဌဝတီမြစ်ဘေးမှာ မြစ်ရိုးလေးရွာအဖြစ်တည်ရှိနေတဲ့ ဝါးနက်၊ ငှက်ကြီးသိုက်၊ မန်ကျည်းအင်း၊ ငွေးပင်(ယခုရွှေပင်)ရွာတွေက ပြင်ဦးလွင်မြို့နယ်အတွင်းက ရွာတွေဖြစ်ပါတယ်။ အရင်ကသွားလာရတာ အလွန့်ကို ခက်ခဲကြမ်းတမ်းခဲ့ပြီး လူသူအရောက်အပေါက်မရှိသလောက် နည်းပါးခဲ့ရတယ်။ ကားလမ်းမရှိ၊ လှည်းလမ်းမရှိ၊ ကုန်းကြောင်းလမ်းအဖြစ် ခြေကျင်ခရီးလူသွားလမ်းနဲ့ မြင်းလမ်းတွေသာရှိနေခဲ့တယ်။ ဒို့ပြင် တောအထပ်ထပ်၊ တောင်အထပ်ထပ်၊ ချောက်ကမ်းပါးအဆင့်ဆင့်တွေကို ခက်ခက်ခဲခဲဖြတ်ကျော်သွားလာခဲ့ရတယ်။ ဒုဋ္ဌဝတီမြစ်အတွင်း ရေလမ်းခရီးကနေသွားမယ်ဆိုရင်လဲ မြစ်ရဲ့ရေစီးသန်မှု၊ ဒီးဒုတ်ချောင်း အပါအဝင် တောင်ကျချောင်းအသီးသီးကြောင့်ဖြစ်ပေါ်နေတဲ့ “ရေဝဲ”တွေရဲ့အန္တရာယ်က ရှိနေပြန်သေးတယ်။ ရွာတွေတည်ရှိရာနေရာကိုရောက်ရှိဖို့အတွက် တစ်နေကုန်ခရီးကြာအောင် ပင်ပင်ပန်းပန်း၊ ခက်ခက်ခဲခဲနဲ့ သွားရောက်ခဲ့ရတာကြောင့် “တစ်ရက်ပုပ်”ရွာတွေလို့ တင်စားခေါ်ဝေါ်ခဲ့ကြရတယ်။

အဲဒီအချိန်အခါတွေတုန်းက ရွာတွေရဲ့တိုးတက်ဖွံ့ဖြိုးမှုအားက အလွန်နည်းပါးနေသေးတယ်။ ရွာတွေမှာ ကား၊ ဆိုင်ကယ်၊ မီးရထား စတဲ့ယာဉ်တွေကို မမြင်ဖူးသေးသူ အများအပြားရှိနေကြတယ်။ ကားတွေ၊ ဆိုင်ကယ်တွေ၊ မီးရထားတွေဆိုတာကလဲ သူတို့ရဲ့ ရွာတွေကိုမရောက်၊ သူတို့ကလဲ မြို့ပေါ်ကိုမရောက်နဲ့ နှစ်ပေါင်းများစွာ ခေတ်နောက်ကျကျန်ရစ်နေခဲ့ကြတယ်။ ဒါပေမဲ့ ကောင်းကင်ပေါ်ကနေ ပျံသန်းသွားတဲ့ လေယာဉ်ပျံတွေကိုတော့ မြင်ဖူးကြတယ်လို့ဆိုတယ်။ ဒီလိုအခြေအနေတွေက ၁၉၈၈ ခုနှစ်နောက်ပိုင်း နှစ်အနည်းငယ်ထိ ဆက်လက်တည်ရှိဖြစ်ပေါ်နေခဲ့ရတယ်။ မိမိတို့ကိုယ်တိုင် ပညာရေးဌာန ဝန်ထမ်းငယ်ဘဝနဲ့ ရောက်ရှိလာခဲ့စဉ်တုန်းက နေစရာမရှိ၊ အိပ်စရာမရှိ၊ စားစရာမရှိ မရှိပေါင်းများစွာနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်။

ဒါပေမဲ့ ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီး စတင်တည်ဆောက်ချိန်၊ ရေအားလျှပ်စစ်စီမံကိန်းထိ ဖောက်လုပ်လိုက်တဲ့ ကွန်ကရစ်လမ်းသစ်ကြီးအပြီးမှာ ပြင်ဦးလွင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ရိုးလေးရွာနဲ့အနီးပတ်ဝန်းကျင်တွေက တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာခဲ့ရတယ်။ အရင်က လူသူအရောက်အပေါက်လုံးဝမရှိခဲ့တဲ့နေရာတွေမှာ စည်စည်ကားကားဖြစ်လာခဲ့ရတယ်။ ဒုဋ္ဌဝတီမြစ်ကမ်းတစ်လျှောက်မှာ ရေပေါ်အပန်းဖြေစခန်းတွေ တစ်ခုပြီးတစ်ခု အများအပြားထွက်ပေါ်လာခဲ့ကြသလို အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်လုပ်ငန်းတွေလဲ တွင်တွင်ကျယ်ကျယ်ဖြစ်ပေါ်လာခဲ့ရတယ်။ အရင်အခြေအနေတွေနဲ့ အခုအခြေအနေတွေက ယှဉ်နိုင်ဖွယ်မရှိအောင် အရာအားလုံးက ပြောင်းလဲသွားခဲ့ကြပါပြီ။

အခုခရီးစဉ်မှာ ကျွဲနဖားတောင်ခြေနဲ့ ဒုဋ္ဌဝတီမြစ်ကြားကနေ ဖောက်လုပ်ထားတဲ့ကွန်ကရစ်လမ်းမကြီးပေါ်ကနေ စတင်မောင်းနှင်လာခဲ့ကြပါပြီ။ ကားမောင်းနေရင်းနဲ့ မည်းနက်မြင့်မားတဲ့ ကျွဲနဖားတောင်ချွန်ချွန်ကြီးကိုတွေ့မြင်နေရသလို မြစ်ရေကြည်ကြည်လင်လင်နဲ့ တသွင်သွင်စီးဆင်းနေတဲ့ ဒုဋ္ဌဝတီမြစ်အပိုင်းအစတွေကိုလဲ မကြာခဏ နီးလိုက်၊ ဝေးလိုက်နဲ့ တွေ့မြင်နေရသေးတယ်။ ခရီးစဉ်အရ အဓိကဆက်လက်သွားရောက်ကြမှာက ခုနှစ်မိုင်ကမ်းခြေအပန်းဖြေစခန်းဖြစ်ပါတယ်။ ဒါပေမဲ့ လမ်းရဲ့ဘယ်ဘက်မှာ “ဝါးနက်ဆင်စခန်း”ဆိုတဲ့ဆိုင်းဘုတ်ကို တွေ့ရှိလိုက်ရတာကြောင့် ရောက်တုန်းရောက်ခိုက် ဗဟုသုတအဖြစ်ဝင်ရောက်လေ့လာကြရအောင် စခန်းအဝင်လမ်းအတိုင်း ချိုးကွေ့ဝင်ရောက်မောင်းနှင်ခဲ့လိုက်တယ်။ ရှမဝတောင်ကို တက်ရောက်ဖူးမြော်လေ့လာအပြီး ဝါးနက်ဆင်စခန်းမှာရှိနေတဲ့ ဆင်တွေကို အသွင်ထူး၊ အမြင်ထူး၊ အတွေ့အကြုံတစ်မျိုးရအောင် ဆက်လက်လေ့လာကြည့်ရှုလိုက်ကြပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

> **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နေပြည်တော်နှင့် တိုင်းဒေသကြီးလေးခုတွင် ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆန်၊ စပါးသိုလှောင်မှုများကို စာရင်းပြုစုကောက်ခံသွားမည်



**ရန်ကုန် ဇွန် ၂၂**

နေပြည်တော်နှင့် တိုင်းဒေသကြီး လေးခုတွင် ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆန်၊ စပါးသိုလှောင်မှုအခြေအနေများကိုစာရင်းပြုစုကောက်ခံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်ထံမှ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်စပါးဈေးကွက်တည်ငြိမ်မှုနှင့်ကန်စွာဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးသိုလှောင်မှုကို စနစ်တကျ မှတ်ပုံတင်စာရင်းပြုစုထားနိုင်ရေး၊ သင့်တင့်မျှတသော တည်ငြိမ်သော ဆန်ဈေးကွက်နှင့်ဈေးနှုန်းများ ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် မှတ်ပုံတင်စာရင်းတင်ပြနိုင်မည့် Online Registration စနစ် (MyRO)ကို ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်အတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တစ်ခုအနေနဲ့ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ ဒီနှစ် ဇွန် ၂၆ ရက်ကစပြီး ဇူလိုင်လထိဆန်နဲ့ စပါးသိုလှောင်မှုအခြေအနေတွေကို စတင်ကောက်ခံစာရင်းပြုစုသွားမှာဖြစ်ပါတယ်။ ဒါကလဲ မကြာခင်မှာ ကျင့်သုံးတော့မဲ့ ဒစ်ဂျစ်တယ်နည်းလမ်းနဲ့မှတ်ပုံတင်စာရင်းတင်ပြနိုင်မဲ့ Online Registration စနစ် (MyRO) အတွက် ခြေလှမ်းတစ်ရပ်လို့ ပြောလို့ရပါတယ်။ ဆန်စပါးလှောင်ရုံတွေကို Digital Certificate ထုတ်ပေးနိုင်မဲ့ ဝန်ဆောင်မှုလဲဖြစ်ပါတယ်။ သိုလှောင်ရုံ တစ်နေရာတည်းမှာ စပါးတင်း ၅၀၀၀ သို့မဟုတ် ဆန်တန်ချိန် ၅၀ ထက်ပိုပြီး သိုလှောင်ထားရှိတဲ့ သိုလှောင်ရုံတွေကိုသာ စာရင်းကောက်ခံမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်က ပြောပြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇွန် ၂၆ ရက်မှစတင်၍ အဆိုပါသိုလှောင်ရုံများ ကွင်းဆင်းစစ်ဆေးအတည်ပြုခြင်းများကို စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့က ပူးပေါင်းစိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

## လွိုင်လင်မြို့နယ် စန့်ကျင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လွိုင်လင် ဇွန် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စန့်ကျင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်နှင့် တာဝန်ခံအင်ဂျင်နီယာများသည် စန့်ကျင်ကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ၎င်းလမ်းပေါ်ရှိ Box Culvert တံတား နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

စန့်ကျင်ကျေးရွာတွင် အဆိုပါ ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၂၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် လင်းထူးထက် ကုမ္ပဏီနှင့် ဆိုင်းလျှံဖြိုးကုမ္ပဏီတို့က ၂၀၂၂ ခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကုန်ထုတ်လမ်းဘေးဝဲယာရှိ လယ်ယာဧကများမှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ထွက်ကုန်များ တောင်ကြီးမြို့နယ်၊ လွိုင်လင်မြို့နယ်နှင့် ပင်လုံမြို့ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ပြောပြ၍ သိရသည်။

**ရှိုသန်းဇွန်.**

# စိန့်ဆိုလိုင်းနယ်မြေတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆန္ဒထုတ်ဖော်သူများသည် စည်းမျဉ်းဥပဒေများကိုဆန့်ကျင်သဖြင့် ပြင်သစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွင်းထိန်းသိမ်းခဲ့



**ပဲရစ် ဇွန် ၂၂**

ပြင်သစ်နိုင်ငံ အနောက်ဘက်ပိုင်း စိန့်ဆိုလိုင်းနယ်မြေတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ အဖွဲ့အစည်းဖြစ်သည့် Les Soulevements de la Terre အဖွဲ့အစည်းမှ အဖွဲ့ဝင်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့ရာ စည်းမျဉ်းဥပဒေများကို ဆန့်ကျင်သဖြင့် ပြင်သစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွင်းထိန်းသိမ်းခဲ့ရကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု XM သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများသည် စည်းမျဉ်းဥပဒေများကို ဆန့်ကျင်သည့်ပုံစံဖြင့် ဆန္ဒထုတ်ဖော်ခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွင်းထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူတွေဟာ ပြည်သူပိုင်ပစ္စည်းတွေကို ဖျက်ဆီးပစ်ခဲ့ပြီး အကြမ်းဖက်ဆန်တဲ့ဆန္ဒထုတ်ဖော်မှုမျိုးပြုလုပ်လာတဲ့အတွက် ဖြိုခွင်းထိန်းသိမ်းတာတွေ ပြုလုပ်ခဲ့ရပါတယ်။ ရဲတပ်ဖွဲ့ဝင်တချို့ကိုလဲ တိုက်ခိုက်မှုတွေပြုလုပ်လာတဲ့အတွက် လူအုပ်ကြီးကို ဖြိုခွင်းထိန်းသိမ်းတာတွေ ပြုလုပ်ခဲ့ရတာဖြစ်ပါတယ်"ဟု ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆန္ဒထုတ်ဖော်ခဲ့သူများက လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များကို အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်ခဲ့ကြောင်း၊ အဆိုပါ အကြမ်းဖက်ဆန်ဆန် ဆန္ဒထုတ်ဖော်ခဲ့သူများကိုလည်း ဖမ်းဆီး ထိန်းသိမ်းခဲ့ရကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ဘရာဇီးနိုင်ငံတွင် အအေးဓာတ်မြင့်မားသဖြင့် ကျွဲ၊ နွားတိရစ္ဆာန်များ သေဆုံးမှုဖြစ်ပွား

**ဘရာဇီးလီးယား ဇွန် ၂၂**

ဘရာဇီးနိုင်ငံ မာတိုဂရို့စ်ဆိုဒိုဆူလ်ပြည်နယ်တွင် အအေးဓာတ်မြင့်မားလာသဖြင့် ကျွဲ၊ နွားတိရစ္ဆာန်များ သေဆုံးမှုဖြစ်ပွားနေကြောင်း မာတိုဂရို့စ်ဆိုဒိုဆူလ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု AA သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သေဆုံးသည့် အကောင်ရေမှာ ၃၀၀၀ ကျော် ရှိလာပြီဖြစ်ပြီး ရာသီဥတုကြောင့် သေဆုံးခဲ့သည့် ကျွဲ၊ နွားများကိုလည်း အသားအဖြစ်ထုတ်လုပ်ရန် ခွင့်ပြုချက်မပေးထားကြောင်း၊ မာတိုဂရို့စ်ဆိုဒိုဆူလ်ပြည်နယ်သည် မွေးမြူရေးကို အဓိကထားသည့် ပြည်နယ်ဖြစ်သကဲ့သို့ ဘရာဇီးနိုင်ငံ၏ အသားထုတ်လုပ်မှုအများဆုံးသောပြည်နယ်လည်းဖြစ်ကြောင်း၊ ပုံမှန်မဟုတ်သည့်ရာသီဥတုဖြင့်ရင်ဆိုင်နေရပြီး အပူချိန်မှာ ၆ ဒီဂရီစင်တီဂရိတ်နှင့် ၉ ဒီဂရီစင်တီဂရိတ် ဖြစ်ပေါ်နေခြင်းကြောင့်လည်း သေဆုံးမှုမြင့်တက်လာခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"ရာသီဥတုက ပြောင်းလဲမှုမြန်နေတယ်။ ဒီကာလဟာ ဘရာဇီးနိုင်ငံရဲ့ ဆောင်းတွင်းပိုင်းကာလဖြစ်ပါတယ်။ ဒါပေမဲ့ ဆောင်းဦးပေါက်ပဲရှိနေသေးတဲ့အတွက် အအေးဓာတ် ဒီလောက်ထိမြင့်မားလေ့မရှိပါဘူး။ ပုံမှန်ချိန်ဆိုရင် အအေးဓာတ်ရှိပေမဲ့ အခုလောက်ထိ အအေးဓာတ်မမြင့်မားပါဘူး။ ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေတဲ့အတွက် သေဆုံးနေတဲ့ ကျွဲ၊ နွား အကောင်ရေ တော်တော်လေးများလာပါတယ်"ဟု မွေးမြူရေးလုပ်ငန်းရှင် အယ်လ်ဆိုက်တောရက်စ်က ပြောကြားခဲ့သည်။

စစ်တမ်းများအရ မာတိုဂရို့စ်ဆိုဒိုဆူလ်ပြည်နယ်တွင် အသားထုတ်လုပ်ရေးအတွက် မွေးမြူရေးလုပ်ငန်းတွင် အကောင်ရေ ၂၄၄ သန်းထိ မွေးမြူထားပြီး လက်ရှိဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှုကြောင့် သေဆုံးသည့်အကောင်ရေ ဆက်လက်မြင့်တက်လာမည်ကို မွေးမြူရေးလုပ်ငန်းရှင်များကလည်း စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် အမဲသားအများဆုံးထုတ်လုပ်နိုင်သည့်နိုင်ငံဖြစ်ပြီး ယခုကဲ့သို့ ရာသီဥတုပြောင်းလဲမှုကြောင့် သေဆုံးသည့်အကောင်ရေ များလာသဖြင့် အသားထုတ်လုပ်မှုနှုန်းကို ထိခိုက်လာစေနိုင်ကြောင်း အယ်လ်ဆိုက်တောရစ်က ဆက်လက်ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အထည်ချုပ်လုပ်ငန်းများ၌ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ခဲ့သဖြင့် ပိုမိုစိမ်းလန်းသောထုတ်လုပ်မှုအဖြစ် ကူးပြောင်းရာတွင် တိုးတက်မှုရှိလာ

**ဒါကာ ဇွန် ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်ချုပ်လုပ်ငန်းများ၌ လျှပ်စစ်နှင့်ရေသုံးစွဲမှုကို လျှော့ချနိုင်ခဲ့သည့်အပြင် ကာဗွန်ထုတ်လွှတ်မှုကိုပါ လျှော့ချနိုင်ခဲ့သဖြင့် ပိုမိုစိမ်းလန်းသောထုတ်လုပ်မှုအဖြစ် ကူးပြောင်းရာတွင် တိုးတက်မှုရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်များကို ကိုးကား၍ Bernr သတင်းဌာနက ဇွန် ၂၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အထည်ချုပ်လုပ်ငန်းများအတွက် သုံးစွဲလျက်ရှိသော ရေနှင့်လျှပ်စစ်ဓာတ်အားကို လျှော့ချနိုင်ခဲ့သည့်အပြင် ကာဗွန်ထုတ်လွှတ်မှုကိုပါ လျှော့ချနိုင်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံအခြေစိုက် U.S Green Building Council မှ စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမှတ်ပြုတံဆိပ် ရရှိထားသောစက်ရုံအရေအတွက် အများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

"အထည်ချုပ်လုပ်ငန်းတွေမှာ စွမ်းအင်ကို ၄၀ ရာခိုင်နှုန်း၊ ရေကို ၄၂ ရာခိုင်နှုန်းနဲ့ ကာဗွန်ထုတ်လွှတ်မှုကို ၃၅ ရာခိုင်နှုန်း လျှော့ချပြီး အစိမ်းရောင်နည်းပညာနဲ့ စက်ယန္တရားတွေကို အသုံးပြုပြီး သမားရိုးကျစက်ရုံတွေနဲ့ နှိုင်းယှဉ်ဆောင်ရွက်ကာ တိုးတက်အောင်လုပ်ဆောင်နေပါတယ်"ဟု အထည်ချုပ်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ ပြောရေးဆိုခွင့်ရှိသူ Fazlul Hoque က ပြောကြားခဲ့သည်။

နိုင်ငံအတွင်း လွန်ခဲ့သောဆယ်စုနှစ်များမှစပြီး စိမ်းလန်းစိုပြည်ရေးကြိုးပမ်းအားထုတ်မှုများနှင့် ပတ်သက်၍ အသိအမှတ်ပြုခံထားရသည့် အထည်ချုပ်စက်ရုံအရေအတွက် ၂၀၀ ကျော်ရှိပြီး နောက်ထပ်စက်ရုံ ၂၀၀ ခန့် ထပ်မံအသိအမှတ်ပြုခံရရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း Fazlul Hoque က ပြောကြားသည်။ **AZH**



# ရေကြီးမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းနေရသည့် ဝှိုက်ကောက်မြို့ဒေသခံများကို နေရပ်ပြန်ခွင့်ပြု

**အော့တဝါ ဇွန် ၂၂**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်အတွင်း ယခုသီတင်းပတ်အစောပိုင်းက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားသော ဒေသများအနက် ဝှိုက်ကောက်မြို့နှင့် အနီးဝန်းကျင်ဒေသတချို့ကို အဆိုပါအမိန့်မှ ပြန်လည်ရုပ်သိမ်းပြီး ဒေသခံများကို နေအိမ်များသို့ ပြန်ခွင့်ပြုခဲ့ကြောင်း မြို့တော်အာဏာပိုင်များ၏ ဇွန် ၂၁ ရက်က ထုတ်ပြန်ချက်ကို ကိုးကား၍ Edmonton Journal သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အယ်ဘတ်တာပြည်နယ်တွင် ယခုသီတင်းပတ် အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရဲလိုးဟက်ကောင်တီအတွင်းရှိ အက်မွန်တန်နှင့် ဝှိုက်ကောက်မြို့တို့ရှိ ဒေသခံများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ယခုအခါ မြစ်ရေပြန်လည်ကျဆင်းမှုကြောင့် အချို့ဒေသများတွင် အဆိုပါအမိန့်ကို ပြန်လည်ရုပ်သိမ်းပေးခဲ့ရာ ဝှိုက်ကောက်မြို့ ဒေသခံများအနေဖြင့် ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီနောက်ပိုင်းမှစတင်၍ မိမိတို့နေအိမ်များသို့ ပြန်ရန် မြို့တော်အာဏာပိုင်များက ခွင့်ပြုခဲ့ကြောင်း သိရသည်။

ရဲလိုးဟက်ကောင်တီအတွင်းရှိ ရေကြီးရေလျှံခဲ့သော မက်လီယော့နှင့် အက်သာဘက်စကာမြစ်တို့ကိုမူ အာဏာပိုင်များက ဆက်လက်စောင့်ကြည့်လျက်ရှိပြီး ၎င်းဒေသတွင် ဇွန် ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် အဆိုပါမြစ်များ ရေလျှံမှုဖြစ်ပွားခဲ့သဖြင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ရကြောင်း သိရသည်။

အယ်ဘတ်တာပြည်နယ် ရဲလိုးဟက်ကောင်တီ အက်ဒ်ဆန်မြို့တွင် လွန်ခဲ့သောသီတင်းပတ်က တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံဦးရေ ၈၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီးနောက် ရက်ပိုင်းအကြာ ဇွန် ၁၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများတွင် မီးသတ်သမားများအတွက် အထောက်အကူ ဖြစ်ခဲ့သော်လည်း ရေကြီးရေလျှံမှု သတိပေးချက်ကို ထပ်မံထုတ်ပြန်ခဲ့ရကြောင်း သိရသည်။ **AZH**

# ကာဗွန်ထုတ်လွှတ်မှုသုညမှတ်သို့ရောက်ရှိရေးရည်မှန်းချက်ဖြင့် ကနေဒါနိုင်ငံ လွဲချော်ဖွယ်ရှိနေ

**အော့တဝါ ဇွန် ၂၂**

ကနေဒါနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် ဆောင်ရွက်နေသော်လည်း လက်ရှိဆောင်ရွက်နေသည့် စီမံချက်များမှာ ထိရောက်မှုမရှိသည့်အတွက် ရည်မှန်းချက်ဖြင့် လွဲချော်ဖွယ်ရှိနေကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီများက ဝေဖန်ခဲ့သည်ဟု CBC သတင်းဌာနက ဇွန် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်နေသော်လည်း စွမ်းအင်ဆိုင်ရာမူဝါဒများမှာ ကာဗွန်ထုတ်လွှတ်မှုကို ထိရောက်စွာ ထိန်းချုပ်နိုင်မည့် မူဝါဒများချမှတ်ရန် အားနည်းနေသည့်အတွက် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးရည်မှန်းချက်မှာ အောင်မြင်ဖွယ်ရာမရှိသည့် အခြေအနေဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သိရသည်။

ကာဗွန်ထုတ်လွှတ်မှုထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး စွမ်းအင်ဆိုင်ရာမူဝါဒများကို ကနေဒါစွမ်းအင်ဆိုင်ရာ မူဝါဒထိန်းညှိရေးကော်မရှင်က နှစ်စဉ် ထုတ်ပြန်ပေးလျက်ရှိသော်လည်း ၎င်းမူဝါဒများဖြင့် အသားကျရန် ခက်ခဲသည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ အခြားသောနိုင်ငံများတွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးမူဝါဒနှင့်ပတ်သက်ပြီး အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိသော်လည်း ကနေဒါစွမ်းအင်ကဏ္ဍမှာ ၎င်းမူဝါဒများဖြင့် အသားကျရန် ရုန်းကန်နေရသည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

သို့သော်လည်း ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ကာဗွန်ထုတ်လွှတ်မှုအခွန်ကောက်ခံခြင်း၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ရုပ်ကြွင်းလောင်စာကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတို့မှ ကာဗွန်ထုတ်လွှတ်မှု လျော့ကျလာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်နေကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ဥရောပအောင်ပွဲရရှိခဲ့သည့်ပရီးမီးယားလိဂ်ကလပ်အသင်းများ

M L




ပြီးခဲ့တဲ့ဘောလုံးရာသီမှာတော့ ဥရောပပြိုင်ပွဲမှာ ချန်ပီယံလိဂ်ဖလား၊ ယူရိုပါလိဂ်ဖလားနဲ့ယူရိုပါကွန်ဖရင့်လိဂ်ဖလား သုံးလုံးရှိခဲ့ပေမဲ့ ပရီးမီးယားလိဂ်ကလပ်က ချန်ပီယံလိဂ်နဲ့ ယူရိုပါကွန်ဖရင့်လိဂ်ဆုဖလား နှစ်လုံးရယူနိုင်ခဲ့ပြီး ဥရောပပြိုင်ပွဲမှာ အောင်မြင်မှုရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ယူရိုပါလိဂ်ဆုဖလားကိုတော့ စပိန်ကလပ် ဆီဗီလာအသင်းက ရရှိခဲ့ပေမဲ့ ဆုဖလားသုံးလုံးမှာ နှစ်လုံးရယူနိုင်ခဲ့တဲ့ ပရီးမီးယားလိဂ်အသင်းက ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကို ဦးဆောင်နိုင်ခဲ့တယ်လို့ဆိုရမှာပါ။

**ချန်ပီယံလိဂ်ချန်ပီယံ မန်စီးတီးအသင်း**

နည်းပြ ဂွါဒီယိုလာ ကိုင်တွယ်နေတဲ့ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ကစားသမားသစ်ခေါ်ယူမှုအဖြစ် ဒေါ့မွန်အသင်း တိုက်စစ်မှူး ဟာလန်း၊ လိဒ်အသင်း ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်၊ ဒေါ့မွန်အသင်း ခံစစ်ကစားသမား အာကန်ဂျီ၊ အန်ဒါလက်ချ် ခံစစ်ကစားသမား ဆာဂျီဂိုမက်ဇ်၊ ဗီလက်ဆာဖီးလ်အသင်း ခံစစ်ကစားသမား ပါရှိနီတို့ကိုသာ ခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေး အသုံးစရိတ်အဖြစ် ယူရို ၁၅၀ ဒသမ ၅ သန်းသာ အသုံးပြုခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် မန်စီးတီးအသင်းဟာ အရင်ဘောလုံးရာသီတွေနဲ့စာရင် ဒီနှစ်ဘောလုံးရာသီမှာ အသုံးစရိတ်နည်းပါးခဲ့တာကြောင့် ဥရောပထိပ်သီးအသင်းတွေထဲမှာ ပြောင်းရွှေ့ကြေးအသုံးစရိတ် အများဆုံးအသုံးပြုထားတဲ့ အသင်းတွေထဲမှာ အဆင့်(၁၀) ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာ ဥရောပထိပ်သီးကလပ်အသင်းတွေထဲက ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုခဲ့တဲ့ အသင်းကတော့ ချဲလ်ဆီးအသင်းက ယူရို ၆၁၁ ဒသမ ၄၉ သန်းနဲ့ အဆင့်(၁)၊ မန်ယူအသင်းက ယူရို ၂၄၃ ဒသမ ၂၈ သန်းနဲ့ အဆင့်(၂)၊ နော့တင်ဟမ်အသင်းက ယူရို ၁၉၅ ဒသမ ၂၅ သန်းနဲ့ အဆင့်(၃)၊ ဝက်စ်ဟမ်းအသင်းက ယူရို ၁၉၄ သန်းနဲ့ အဆင့်(၄)၊ အာဆင်နယ်အသင်းက ယူရို ၁၉၂ ဒသမ ၃၆ သန်းနဲ့ အဆင့်(၅)၊ နယူးကာဆယ်အသင်းက ယူရို ၁၈၅ ဒသမ ၃၅ သန်းနဲ့ အဆင့်(၆)၊ စပါးအသင်းက ယူရို ၁၇၇ ဒသမ ၉ သန်းနဲ့ အဆင့်(၇)၊ ဝုဗ်အသင်းက ယူရို ၁၇၇ ဒသမ ၁၁ သန်းနဲ့ အဆင့်(၈)၊ ဘာစီလိုနာအသင်းက ယူရို ၁၅၈ သန်းနဲ့ အဆင့်(၉)မှာရပ်တည်ခဲ့ကြပေမဲ့ ချန်ပီယံလိဂ် ဆုဖလားရယူနိုင်ခဲ့တဲ့ မန်စီးတီးအသင်းကတော့ ဥရောပထိပ်သီးအသင်းတွေထဲမှာ ပြောင်းရွှေ့ကြေး အနည်းဆုံး အသုံးပြုပြီး အောင်မြင်မှုရခဲ့တယ်လို့ဆိုရမှာပါ။

မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ကြိုးပမ်းနေတဲ့အသင်းဖြစ်ပြီး ချန်ပီယံဆုမရသေးတာကြောင့် ၂၀၂၂-၂၀၂၃ ခုနှစ် ဘောလုံးရာသီမှာ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်စကတည်းက အပြင်းအထန်ကြိုးစားပြီး ဆုဖလားရယူဖို့ ရည်မှန်းချက်ကြီးခဲ့တာကို တွေ့ရမှာပါ။ ဒီနှစ်ချန်ပီယံလိဂ် ပြိုင်ပွဲအုပ်စုပွဲစဉ်တွေအပြီးမှာ ရှုံးထွက်အဆင့် တက်ရောက်ခဲ့တဲ့ အသင်းတွေကတော့ အုပ်စု(A)မှာ နာပိုလီ၊ လီဗာပူး၊ အုပ်စု(B)မှာ ပေါ်တို၊ ဘရူဂျက်၊ အုပ်စု(C)မှာ ဘိုင်ယန်မြူးနစ်၊ အင်တာမီလန်၊ အုပ်စု(D)မှာ စပါး၊ ဖရန့်ဖတ်၊ အုပ်စု(E)မှာ ချဲလ်ဆီး၊ အေစီမီလန်၊ အုပ်စု(F)မှာ ရီးရဲလ်မက်ဒရစ်၊ လိုက်ပ်ဇစ်၊ အုပ်စု(G)မှာ မန်စီးတီးနဲ့ ဒေါ့မွန်၊ အုပ်စု(H)မှာ ဘင်ဖီကာနဲ့ ပီအက်စ်ဂျီအသင်းတို့ နောက်တစ်ဆင့်တက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်အဆင့်မှာတော့ အေစီမီလန်နဲ့ နာပိုလီ၊ အင်တာမီလန်နဲ့ ဘင်ဖီကာ၊ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ ချဲလ်ဆီး၊ မန်စီးတီးအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့တာကို တွေ့ရမှာပါ။ မန်စီးတီးအသင်းဟာ ကွာတားအဆင့်ပထမအကျော့ပွဲစဉ်ကို ဧပြီ ၁၂ ရက်က အိမ်ကွင်းမှာကစားခဲ့ရပြီး ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးများခဲ့တာကို တွေ့ရမှာပါ။ ဒုတိယအကျော့ကိုတော့ ဧပြီ ၂၀ ရက်မှာ ဘိုင်ယန်မြူးနစ် အိမ်ကွင်းမှာ သွားရောက်ကစားခဲ့ရပေမဲ့ နည်းပြဂွါဒီယိုလာဟာ ပုံမှန်အသုံးပြုနေတဲ့ ၃-၂-၄-၁ ကစားကွက်နဲ့ပဲ ပွဲထွက်ခဲ့ပြီး ပြိုင်ဘက်ကို ပွဲချိန်ပြည့် တိုက်စစ်ဆင်နိုင်ခဲ့လို့ ဦးဆောင်ဂိုးရခဲ့ပေမဲ့ ပွဲပြီးဆုံးခါနီးမှာ ချေပဂိုးပြန်လည်ခွင့်ပြုခဲ့ရတာကြောင့် သရေရလဒ်နဲ့ ပြီးဆုံးခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုးတစ်ဂိုးနဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်ပွဲစဉ်မှာတော့ ချန်ပီယံရီးရဲလ်မက်ဒရစ်အသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် ပွဲကျပ်ကစားခဲ့ရပေမဲ့ ၂၀၂၁-၂၀၂၂ ခုနှစ် ဘောလုံးရာသီမှာလဲ ဆီမီးအဆင့်မှာ ရီးရဲလ်မက်ဒရစ်ကို မကျော်နိုင်ခဲ့လို့ ဗိုလ်လုပွဲနဲ့ လွဲချော်ခဲ့ရတဲ့ သာဓကရှိနေတာကြောင့် နည်းပြဂွါဒီယိုလာဟာ အခုပွဲစဉ်မှာ အကောင်းဆုံး ပြင်ဆင်လာတာကို သတိပြုရမှာပါ။ ဒါပေမဲ့ ပထမပိုင်းပြီးဆုံးခါနီးမှာ ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး ဗင်နီစီးယက်စ်ကို မထိန်းချုပ်နိုင်ခဲ့လို့ ဦးဆောင်ဂိုး ခွင့်ပြုလိုက်ရသလို ဒုတိယပိုင်းမှာ တိုက်စစ်မြင့်လာတဲ့ ရီးရဲလ်ကြောင့် မန်စီးတီးအသင်း ဖိအားအောက်ကျရောက်ခဲ့ပေမဲ့ ပွဲကစားချိန် ၆၇ မိနစ်မှာ ဒီဘရိုင်းရဲ့ အပြင်းကန်သွင်းချက်နဲ့ ချေပဂိုးရရှိခဲ့ပြီး သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒုတိယအကျော့ ပွဲစဉ်ကိုတော့ မေ ၁၈ ရက်မှာ မန်စီးတီးအသင်း အိမ်ကွင်းမှာကစားခဲ့ရတာကြောင့် ရီးရဲလ်မက်ဒရစ်အသင်း အခက်တွေ့ခဲ့ပြီး မန်စီးတီးအသင်းကို လေးဂိုးပြတ်နဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီးအသင်းဟာ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။

တစ်ဖက်ကလဲ ကွာတားအဆင့်မှာ ဘင်ဖီကာကို နှစ်ကျော့ပေါင်း ငါးဂိုးသုံးဂိုးနဲ့ အနိုင်ရခဲ့တဲ့ အင်တာမီလန်နဲ့ နာပိုလီကို နှစ်ကျော့ပေါင်း နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ အေစီမီလန်အသင်းတို့ ဆီမီးဖိုင်နယ်အဆင့်မှာ ထိပ်တိုက်တွေ့ဆုံခဲ့တာကို တွေ့ရမှာပါ။ ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကိုတော့ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှာ ကျင်းပခွင့်ရခဲ့ပြီး အင်္ဂလန်ကလပ်အသင်းနဲ့ အီတလီအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ အရန်ကစားသမားအင်အားနဲ့ နည်းစနစ်ပိုင်းမှာ နည်းပြဂွါဒီယိုလာ အသာရနေတယ်လို့ ထင်ရပေမဲ့ ပွဲကစားချိန်မှာတော့ အင်တာမီလန်အသင်းနည်းပြ အင်ဇာဂီရဲ့ နည်းစနစ်ပိုင်းကြောင့် နည်းပြ ဂွါဒီယိုလာရဲ့ မန်စီးတီးအသင်း ဦးဆောင်ဂိုးရဖို့ အခက်တွေ့ခဲ့ပြီး အင်တာမီလန်အသင်းက ဦးဆောင်ဂိုးရဖို့ အခွင့်အရေးပိုရခဲ့တာကို တွေ့ရမှာပါ။ ဒုတိယပိုင်း ပွဲကစားချိန် ၆၈ မိနစ်မှာတော့ ရိုဒရီရဲ့ အပိုင်ကန်သွင်းချက်ကြောင့် မန်စီးတီးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး အင်တာမီလန်အသင်းရဲ့ ကွင်းလယ်ကစားပုံကောင်းမွန်မှုကြောင့် ချေပဂိုးပေးရဖို့ နီးစပ်ခဲ့ပေမဲ့ လူကာကူ၊ ဒီမာကိုတို့ အခွင့်အရေးကို အသုံးမချနိုင်ခဲ့သလို မန်စီးတီးအသင်း ဂိုးသမား အီဒါဆန်ရဲ့ ကာကွယ်မှုတွေကြောင့် ပွဲပြီးဆုံးချိန်မှာ မန်စီးတီးအသင်းက အင်တာမီလန်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဥရောပဆုဖလားရယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

**ယူရိုပါကွန်ဖရင့်လိဂ် ချန်ပီယံ ဝက်စ်ဟမ်းအသင်း**

နည်းပြဒေးဗစ်မိုယက်စ် တာဝန်ယူနေတဲ့ ဝက်စ်ဟမ်းအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ကစားသမားသစ်ခေါ်ယူမှုအဖြစ် လိုင်ယွန်ကစားသမား ပါကွီတာ၊ ဆက်ဆူအိုလို တိုက်စစ်မှူး စကာမက်ကာ၊ ရင်းနက်ကစားသမား အက်ဂွါ၊ ဘန်လေကစားသမား ကော်နက်၊ ချဲလ်ဆီးကစားသမား အယ်မာဆင်၊ အေဗီလာတိုက်စစ်မှူး ဒန်နီအင့်၊ ပီအက်စ်ဂျီကစားသမား သီလိုခါရာ၊ ဆွမ်ဆီးကစားသမား ဒေါင်းနက်၊ ပီအက်ဂျီကစားသမား အာရီအိုလာတို့ကိုခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရို ၁၉၄ သန်းထိသုံးစွဲခဲ့ပြီး ဥရောပထိပ်သီးကလပ်အသင်းတွေထဲမှာ ပြောင်းရွှေ့ကြေး အများဆုံးအသုံးပြုတဲ့ စတုတ္ထမြောက်အသင်းအဖြစ် ရပ်တည်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ကစားသမားသစ်ခေါ်ယူမှုတွေ ပြုလုပ်ခဲ့ပေမဲ့ ခေါ်ယူခဲ့တဲ့ ကစားသမားအများစုဟာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရလို့ အမှတ်ပေးပြိုင်ပွဲမှာရလဒ်ပိုင်းကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲမှာတော့ ဗိုလ်လုပွဲစဉ်ထိ တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆုဖလားရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။

ဝက်စ်ဟမ်းအသင်းဟာ ယူရိုပါကွန်ဖရင့်လိဂ်အုပ်စုအဆင့်မှာ အန်ဒါလက်၊ စကီဘော့၊ စတူအာ ဘူခါရက်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့တာဖြစ်ပါတယ်။ ရှုံးထွက်အဆင့်ကိုတော့ အုပ်စု(A)က အစ္စတန်ဘူ၊ ဖီအိုရင်တီးနား၊ အုပ်စု(B)က ဝက်စ်ဟမ်း၊ အန်ဒါလက်၊ အုပ်စု(C)က ဗီလာရီးရဲလ်၊ လက်ပိုဇနန်၊ အုပ်စု(D)က နိုက်၊ ပါတီဇန်၊ အုပ်စု(E)က အယ်ခမာ၊ ဒန်နီပရို၊ အုပ်စု(F)က ဒီဂျာဂါးဒန်း၊ ဂျန့်၊ အုပ်စု(G)က ဆီဗက်စပေါ်၊ ကလု၊ အုပ်စု(H)က ဆလိုဗန်၊ ဘေဆယ်တို့ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာတော့ ဂျန့်အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ ပထမအကျော့မှာ တစ်ဂိုးစီသရေ၊ ဒုတိယအကျော့မှာ လေးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ အယ်ခမာအသင်းနဲ့ တွေ့ဆုံခဲ့ပြီး ပထမအကျော့မှာ နှစ်ဂိုးတစ်ဂိုး၊ ဒုတိယအကျော့မှာ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့လို့ ဗိုလ်လုပွဲစဉ်ကို ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။

အခြားတစ်ဖက်မှာတော့ ကွာတားအဆင့်မှာ ဖီအိုရင်တီးနားအသင်းဟာ ဆီဗက်စပေါ်အသင်းကို အနိုင်ရခဲ့လို့ ဆီမီးဖိုင်နယ်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာတော့ ဆွစ်ဇာလန်ကလပ် ဘေဆယ်အသင်းနဲ့ တွေ့ဆုံခဲ့ရာမှာ ပထမအကျော့ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့ပေမဲ့ ဒုတိယအကျော့မှာ နှစ်ဂိုးတစ်ဂိုးနဲ့ ပြန်လည်အနိုင်ရခဲ့လို့ အချိန်ပိုဆက်လက်ကစားခဲ့ရပြီး အချိန်ပိုမှာ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုးသုံးဂိုးနဲ့ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ဝက်စ်ဟမ်းအသင်းနဲ့ထိပ်တိုက်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ဦးဆောင်ဂိုးပေးလိုက်ရတဲ့နောက် ဖီအိုရင်တီးနားအသင်းဟာ တိုက်စစ်မြင့်တင်ခဲ့တာကြောင့် ပွဲချိန် ၆၇ မိနစ်မှာ ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီး ဝက်စ်ဟမ်းအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့ပေမဲ့ ပွဲချိန် မိနစ် ၉၀ မှာ တိုက်စစ်မှူး ဘိုဝင်ရဲ့ သွင်းဂိုးကြောင့် ဝက်စ်ဟမ်းအသင်းက နှစ်ဂိုးတစ်ဂိုးနဲ့ ချန်ပီယံဆုရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ဝက်စ်ဟမ်းအသင်းအတွက် နှစ်ပေါင်း ၅၈ နှစ်ကြာ ဝေးကွာနေတဲ့ ဥရောပအောင်ပွဲကို ရရှိခဲ့တာဖြစ်ပါတယ်။

ပြိုင်ပွဲပြီးဆုံးချိန်မှာ ချန်ပီယံဆုရရှိခဲ့တဲ့ ဝက်စ်ဟမ်းအသင်းဟာ ဆုကြေးငွေအဖြစ် ယူရို ငါးသန်းရရှိခဲ့ပြီး အုပ်စုအဆင့်ကနေ ချန်ပီယံဆုအပါအဝင် စုစုပေါင်းဝင်ငွေ ယူရို ၂၉ သန်းကျော် ရရှိခဲ့တာဖြစ်ပါတယ်။ ဂိုးသွင်းအများဆုံး ကစားသမားဆုကိုတော့ ဖီအိုရင်တီးနားအသင်းတိုက်စစ်မှူး ကာဘရယ်က သွင်းဂိုးခုနစ်ဂိုးနဲ့ ရရှိခဲ့တာဖြစ်ပြီး ဂိုးဖန်တီးမှု အများဆုံးကစားသမားကိုလဲ ဖီအိုရင်တီးနားအသင်း ခံစစ်ကစားသမား ဘီရာဂျီက ဖန်တီးမှုခြောက်ကြိမ်နဲ့ အများဆုံးဖြစ်ခဲ့တာကို တွေ့ရမှာပါ။ တစ်နှစ်တာအကောင်းဆုံး အသင်းလူစာရင်းမှာတော့ ဂိုးသမားနေရာမှာ ဝက်စ်ဟမ်းအသင်းက အာရီအိုလာ၊ ခံစစ်ပိုင်းမှာ ဖီအိုရင်တီးနား ခံစစ်ကစားသမား ဘီရာဂျီ၊ မီလင်ကိုဗစ်၊ ဝက်စ်ဟမ်းကစားသမား အက်ဂွါ၊ ဘေဆယ်ကစားသမား အန်ဒိုရီ၊ ကွင်းလယ်မှာ ဝက်စ်ဟမ်းကစားသမား ဒီကလန်ရိုက်နဲ့ ပါကွီတာ၊ ဘေဆယ်ကစားသမား ဒီယော့ဖ်၊ တိုက်စစ်ပိုင်းမှာ ဝက်စ်ဟမ်းကစားသမား ဘိုဝင်နဲ့အန်တိုနီ၊ ဖီအိုရင်တီးနားအသင်း ကစားသမား ဂွန်ဇာလက်စ်တို့က အကောင်းဆုံးကစားသမားစာရင်းမှာ ပါဝင်ခဲ့တာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

# ယခုဘဏ္ဍာနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇွန် ၂၂**

ယခုဘဏ္ဍာနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၀၀၀ ကျော်တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ရော်ဘာများကို တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)သို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ရော်ဘာတန်ချိန် ၃ ဒသမ ၆ သိန်းကျော်ထွက်ရှိခဲ့ပြီး ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ရော်ဘာတန်ချိန် နှစ်သိန်းကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၅၀ မှ ဒေါ်လာ ၁၇၀၀ ထိ ဈေးနှုန်း မြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် ရော်ဘာပြည်ပတင်ပို့မှုလည်းမြင့်တက်လာခဲ့ရာ ယခုဘဏ္ဍာနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၁၉၀ တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့်ဧပြီလတွင် ပြည်ပသို့ ရော်ဘာတန်ချိန် ၁၁၁၉၀ သာ တင်ပို့ရောင်းချပေးခဲ့ရသဖြင့် မေလတွင် တန်ချိန် ၇၀၀၀ ပိုမိုတင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

မေလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှအမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၁၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၄၈၆၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇၃ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၃၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၁၉၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ရော်ဘာတန်ချိန် ၁၁၅၃၀၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၂၇၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၈၆၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၄၀၀၊ တောင်ကိုရီးယားနိုင်ငံသို့ တန်ချိန် ၃၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၂၆၀ နှင့် ဂျပန်နိုင်ငံသို့ တန်ချိန် ၂၄၀ စုစုပေါင်း ရော်ဘာတန်ချိန် ၁၄၈၆၀ တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ တန်ချိန် ၁၈၁၀ နှင့် ထိုင်းနိုင်ငံသို့ တန်ချိန် ၁၅၂၀ စုစုပေါင်း ရော်ဘာတန်ချိန် ၃၃၃၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

SKL

# နမ္မတူမြို့နယ် နမ့်မျှော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ္မတူ ဇွန် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်ယူနစ် ခုနစ်ရွာဖြစ်သည့် နမ့်မျှော်၊ နမ့်ကတ်၊ ကုန်းမို၊ မန်မိုင်လွယ်ငင်၊ ပန်ကော်၊ မန်ဟုန်းနှင့် ဟွေလုံကျေးရွာတို့မှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေး အထောက်အကူပြုစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီက နမ့်မျှော်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟေမာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံများ ဖြည့်သွင်းရာတွင် လိုက်နာရန်အချက်များ၊ စီမံကိန်း အသင်းသား၊ အသင်းသူများ၏ တာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ သတ္တမအကြိမ်အဖြစ် နမ္မတူမြို့နယ် နမ့်မှော်ကျေးရွာအုပ်စုရှိ ကျေးရွာခုနစ်ရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၈၇ သိန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅၄ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၀ | ၂၃၂၀ | ၂၇၀၀ |
| 95 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၅ | ၂၁၈၅ | ၂၁၈၅ | ၂၁၈၅ | ၂၄၁၅ | ၂၈၀၀ |
| HSD (500 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၅၀ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၁ | ၁၉၇၂ |
| 95 Ron | ၁၉၉၃ | ၂၀၆၆ |
| HSD (500 ppm) | ၁၉၀၂ | ၁၉၆၉ |
| HSD (50 ppm) | ၁၉၇၆ | ၂၀၄၅ |
| HSD (10 ppm) | ၁၉၇၆ | ၂၀၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







## ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ မြေနေရာများမှ လူနေထိုင်ရန်အတွက် မြေငှားဂရန်(သက်တမ်းတိုး)များ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

(က) နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာနေ ဦးသောင်းညွန့်၊ ၉/နထက(နိုင်)၀၈၉၈၀၁ မှ ပြင်စည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၇၅၄)၊ ကွင်းအမည်-ပြင်စည်ရွာမကွင်း၊ မြေကွက်အမှတ်-(၃၆၄/၅၀၂)၊မြေဧရိယာ-(၀. ၁၉၄)ဧကအား လျှောက်ထားခြင်း။

(ခ) နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာနေ ဒေါ်ယဉ်ယဉ်နု၊ ၉/နထက(နိုင်)၁၇၉၅၇၃ မှ ပြင်စည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၇၅၄)၊ ကွင်းအမည်-ပြင်စည်ရွာမကွင်း၊ မြေကွက်အမှတ်-(၃၈၂/၅၄၄)၊မြေဧရိယာ-(၀. ၁၀၀)ဧကအား လျှောက်ထားခြင်း။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**နွားထိုးကြီးမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်အမှတ်-၉၈/က၊ ၁၅×၄၀ ပေအကျယ်အဝန်းရှိ မြေကွက်နှင့် အဆောက်အဦမှာ ဒေါ်ရှိန် (ဘ) ဦးသာခင်၊ ၉/မနတ(နိုင်)၀၄၂၀၇၂ ကိုင်ဆောင်သူအမည်ဖြင့် မြေနေရာချထားပေးခဲ့သည့် အစိုးရအမည်ပေါက် စလစ်မြေကွက်ဖြစ်ပါသည်။ ဒေါ်ရှိန် မှာ (၂-၁၁-၂၀၁၅)နေ့တွင်ကွယ်လွန်ခဲ့ပြီး ခင်ပွန်းဖြစ်သူ ဦးတင်မြင့် မှာလည်း ဒေါ်ရှိန် မကွယ်လွန်မီ လွန်ခဲ့သော (၁၅)နှစ်ခန့်ကတည်းက ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်နှင့်အဆောက်အဦမှာ ဦးတင်မြင့်+ဒေါ်ရှိန် တို့မှမွေးဖွားသည့် သားသမီးများဖြစ်ကြသော မဇင်မာ၊ မောင်ရှိန်းမောင်မောင်၊ မစန္ဒာမိုး တို့(၃)ဦးသာလျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်သည့် မြေကွက်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မဇင်မာ၊မောင်ရှိန်းမောင်မောင်၊ မစန္ဒာမိုး**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၇၃လမ်း၊ ၂၉×၃၀ ကြားနေ ခင်မြကြည် (ဘ) ဦးဘိုးကြည် (၉/မရမ(နိုင်)၀၆၄၅၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-110851)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၈၈၈၈၂၆၆၉

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ပျောက်ဆုံးကြောင်း

ကျုံမျော်မြို့နေ နော်သဲထူး (ဘ) ဦးမှုနား (၁၄/ကပန(နိုင်)၁၈၂၈၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-418838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၄၀၉၅၁၁၇

## ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ နော်ခိုးခိုးကြွယ်(ဘ) ဦးလယ်ဖော (၁၄/မအပ(နိုင်)၂၂၈၃၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-195089)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၆၅၂၁၃၀၈၆

## ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ သက်ကိုနောင်(ဘ) ဦးအေးဝင်း (၁၄/မမန(နိုင်)၃၃၀၀၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-667268)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၂၁၀၇၈၁၁၈

## ပျောက်ဆုံးကြောင်း

ပုလဲမြို့နယ်နေ အေးအေးငြိမ်း (ဘ) ဦးဆော် (၅/ပလန(နိုင်)၁၃၈၄၃၂)၏ နိုင်ငံကူးလက်မှတ် (ME-877173)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၄၅၈၉၀၄၉၉

## ပျောက်ဆုံးကြောင်း

ဆားလင်းကြီးမြို့နယ်နေ ဦးသန်းဇော် (ဘ) ဦးသန်းအောင် (၅/ဆလက(နိုင်)၀၆၅၃၁၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-807674)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၈၀၁၁၄၉၈၁

## "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မယျဉ္ဇာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာ မှန်ပေမယ့်လည်း စည်းစနစ်တကျထုတ်ယူသုံးစွဲဖို့ လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့ အနာဂတ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါမယ်။ ယခင်က ရရှိခဲ့တဲ့ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေးစီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေးစီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**စစ်တွေ ဇွန် ၂၂**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ဦးလှမိုး၊ဦးမျိုးသန့်နှင့်ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဘုန်းတော်ကြီးကျောင်း၊ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ဟိန္ဒူဘုရားကျောင်းများပြုပြင်ရေး အလှူငွေပေးအပ်ခြင်းနှင့် ဘိုးဘွားရိပ်သာများနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများသို့ ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသည့် သင်္ဘောများပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၅ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

